# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၂)ရက် ၊ တနင်္လာနေ့ ၊ (8-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၃၁)


## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကလေးဝ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၂၁၇ ဧကနှင့် ဖူးစားပြောင်း ၂၄၂၁ ဧက စုစုပေါင်း ၂၆၃၈ ဧက စိုက်ပျိုးရန် လျာထားပြီး ဇွန်လ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၂၂၈ ဧကနှင့် ဖူးစားပြောင်း ၂၄၅၅ ဧက စုစုပေါင်း ၂၆၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၂၆၃၈ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၆၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန

**စာမျက်နှာ ၁၇ ကော်လံ ၁**

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချီကျင့်မြို့၌ ကြည့်ရှုလေ့လာ

စာမျက်နှာ - ၁၇

## ကြံ့ရည်ရွယ်လျက် မလပ်မခြားပြီ မြန်ပြည်အတွက် မရပ်မနားချီ ဆောင်းပါး

စာမျက်နှာ - ၁၈

## မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

စာမျက်နှာ - ၂၀

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၇**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့်ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၈ ရက်

အယ်ဒီတာအာဘော်

# ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့

စက်တင်ဘာ ၈ ရက် (ယနေ့)သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ကြီး၏ဦးဆောင်မှုဖြင့် ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်ထိ အီရန်နိုင်ငံ တီဟီရန်မြို့တွင် ကမ္ဘာ့စာတတ်မြောက်ရေးညီလာခံကျင်းပခဲ့သည်။ စတင်ကျင်းပခဲ့သည့် စက်တင်ဘာ ၈ ရက်ကို ယူနက်စကိုအဖွဲ့ကြီးက နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့၏ဆောင်ပုဒ်မှာ"ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့"(Promoting literacy in the digital era)ဖြစ်သည်။

ကမ္ဘာ့ပေါ်ရှိ လူသားတိုင်းသည် မိမိတို့နှင့် သက်ဆိုင်သည့် ဘာသာစကား၊ စာပေများကို တတ်မြောက်နေကြရမည်ဖြစ်သည်။ ထိုသို့တတ်မြောက်ရေးအတွက်လည်း နှစ်စဉ်စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ စာတတ်မြောက်ရေးကို ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုအဖြစ် ဆောင်ရွက်နေသော်လည်း အချို့သောနိုင်ငံများတွင် စာတတ်မြောက်ရေးအတွက် အခက်အခဲများစွာဖြင့် ကြုံတွေ့နေကြရသည်။ ကမ္ဘာတစ်ဝန်းရှိ အရွယ်ရောက်ပြီးသူဦးရေ ၇၇၃ သန်းခန့်အခြေခံစာတတ်မြောက်မှုမရှိကြဘဲ ကလေးဦးရေ သန်း ၂၅၀ ကျော် အနိမ့်ဆုံးစာတတ်မြောက်မှုအဆင့်ကိုပင်မရရှိကြပေ။ လူသားတစ်ဦးအဖြစ် မွေးဖွားကြီးပြင်းလာပြီး စာတတ်မြောက်ရေးခြင်းမရှိသည်မှာ လူ့အခွင့်အရေးဆုံးရှုံးမှုတစ်ရပ်ပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည်လည်း ရှေးခေတ်ဘုရင်များလက်ထက်က စာတတ်မြောက်မှုနှုန်းမြင့်မားခဲ့သည်။ ထိုခေတ်က ဘုန်းတော်ကြီးသင်စာပေသင်ကြားမှုအကျိုးကျေးဇူးများကြောင့် စာတတ်မြောက်မှုနှုန်း ၈၅ ရာခိုင်နှုန်းအထိပင်ရှိခဲ့သည်။ သို့သော် ကိုလိုနီလက်အောက်မှ လွတ်လပ်ရေးပြန်လည်ရရှိသည့်အချိန်အခါတွင် နိုင်ငံ၏စာတတ်မြောက်မှုနှုန်းသည် ၃၅ ရာခိုင်နှုန်းထိထိုးကျခဲ့သည်မှာ ဝမ်းနည်းဖွယ်ရာပင်ဖြစ်ခဲ့ရသည်။

ထို့ကြောင့် ခေတ်အဆက်ဆက်တွင် စာတတ်မြောက်ရေးလှုပ်ရှားမှုမျိုးကို အမျိုးသားရေးအသွင်ဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ စဉ်ဆက်မပြတ်ကြိုးပမ်းမှုများကြောင့် မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းသည် ၁၉၈၀ ပြည့်နှစ်တွင် ၈၀ ဒသမ ၀၄ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။ ထို့နောက် ၂၀၀၀ ပြည့်နှစ်တွင် ၉၁ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် ၉၅ ဒသမ ၀၁ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၅ ဒသမ ၀၈ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။ မြန်မာနိုင်ငံ၏စာတတ်မြောက်ရေးလှုပ်ရှားမှုအနေဖြင့် "အ"သုံးလုံးလှုပ်ရှားမှုကို သိနိုင်ပါသည်။ ထို့ပြင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးသည် စာမတတ်သူပပျောက်ရေးကို ဦးတည်ခြင်းဖြစ်သည်။

ဒစ်ဂျစ်တယ်ခေတ် တွင် အခြေခံစာရေး၊ စာဖတ်ခြင်းကို တတ်မြောက်ထားရန်လိုပေသည်။ သို့မှသာ အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လျက်ရှိသောခေတ်ကြီးကို အမီလိုက်နိုင်မည်ဖြစ်ပေသည်။ ဒစ်ဂျစ်တယ်ခေတ်ကြီးတွင် လေ့လာသင်ယူမှု၊ နေထိုင်မှု၊ လုပ်ကိုင်မှုနှင့် ရင်းရင်းနှီးနှီး ရောရောနှောနှော ဆက်ဆံမှုတို့သည် ထိတွေ့ဆောင်ရွက်မှုအပေါ်မူတည်၍ အပြုသဘောနှင့် အပျက်သဘောနှစ်မျိုးစလုံးရှိနေသည်။ ဒစ်ဂျစ်တယ်အထောက်အကူပြုပစ္စည်းများသည် လျစ်လျူရှုခံထားရသောအုပ်စုများအတွက် လေ့လာသင်ယူရန် အခွင့်အလမ်းများတိုးချဲ့ပေးနိုင်သကဲ့သို့ ပုဂ္ဂိုလ်ရေးအချက်အလက်ကျိုးပေါက်ခြင်း၊ စောင့်ကြည့်ခံရခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများရှိလာနိုင်သည်။

သို့ဖြစ်ရာ စာရွက်ပေါ်၌ စာရေး၊ စာဖတ်နိုင်သည်ထက်ကျော်လွန်၍ ဒစ်ဂျစ်တယ်ခေတ်တွင် စာတတ်မြောက်မှုသည် ပြည်သူများအား အချက်အလက်များရယူရန်၊ နားလည်သဘောပေါက်ရန်၊ ဆန်းစစ်အကဲဖြတ်ရန်၊ ဖန်တီးရန်၊ ဆက်သွယ်မှုလုပ်ဆောင်ရန်အပြင် ဘေးကင်းလုံခြုံစွာဖြင့်လည်း ထိတွေ့ဆက်ဆံနိုင်သောကြောင့် "ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့"ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် (၁၉) ကြိမ်မြောက် ပန်းချီ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်စင်တင်တင်ဆက်ပွဲသို့ တက်ရောက်





**မန္တလေး စက်တင်ဘာ ၇**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (၁၉)ကြိမ်မြောက် ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်စင်တင် တင်ဆက်ပွဲကို စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ အဆိုပါတက္ကသိုလ်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ် ဦးအောင်ဆန်းဦး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါက်တာကေသီထွေး၊ မန္တလေးမြို့ရှိတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများသည် ပန်းချီပညာဌာနမှ ပညာဆည်းပူးခဲ့ကြသည့် စတုတ္ထနှစ်ကျောင်းသား၊ ကျောင်းသူများ၊ ဘွဲ့လွန်အနုပညာဒီပလိုမာတန်းမှ ကျောင်းသူများက ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်တို့ဖြင့် ရေးဆွဲထားသည့်လက်ရာမွန် ပန်းချီကားများ၊ ပန်းပုပညာဌာနတွင် ပညာဆည်းပူးခဲ့သည့် စတုတ္ထနှစ်ကျောင်းသားက ဖိုက်ဘာဖြင့် ပုံဖော်ထုဆစ်ထားသည့် ပန်းပုလက်ရာမွန်တို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အခမ်းအနားကို ရတနာခန်းမ၌ ဆက်လက်ကျင်းပပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ကိုယ်ကျင့်တရားကောင်းမွန်ပြီး ထူးချွန်သောမျိုးဆက်သစ်အနုပညာရှင်များ ပေါ်ထွက်လာစေရန်၊ အတတ်ပညာနှင့် အသိပညာနှစ်ရပ်ပေါင်းစပ်ကာ အသက်မွေးဝမ်းကျောင်း အနုပညာရပ်များကို လေ့ကျင့်ပျိုးထောင်ပေးနေသည့် တက္ကသိုလ်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တတ်မြောက်ထားသည့်အနုပညာစွမ်းရည်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး တတ်ကျွမ်းသောအနုသုခုမပညာရပ်များဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အနုပညာဖြင့် အကျိုးပြုနိုင်သည့် ထူးချွန်ထက်မြက်သော ပညာတတ်အနုပညာရှင်ကောင်းများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များကို သင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ၏ စင်တင်တင်ဆက်မှုများကို ကြည့်ရှုအားပေးပြီးနောက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီများ ဝယ်ယူမှုအားကောင်းလာမှုကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီဝင်းက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် လက်ရှိဩဂုတ်လတတိယပတ်မှစတင်ပြီး ယနေ့ထိ ထောပတ်ပဲနီများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါထောပတ်ပဲနီ ငါးရက်လျှင် ၁၆ ပြည်ဝင် အိတ်ရေ ၂၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ထိုသို့ ထောပတ်ပဲနီ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်တွင် အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီက ဝယ်လိုအားကောင်းလာပါတယ်။ ပြည်တွင်းဈေးကွက်က ထောပတ်ပဲနီတွေ အဝယ်လိုက်နေပြီး အရောင်းသွက်လာတာ ဖြစ်ပါတယ်။ အခုလက်ရှိမှာလဲ ထောပတ်ပဲနီတွေ အဝယ်လိုက်နေပါတယ်။ ထောပတ်ပဲနီက လာမဲ့ပဲပေါ်ရာသီထိ အရောင်းအဝယ်က ဆက်ကောင်းဖို့ပဲရှိပါတယ်"ဟု ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ထောပတ်ပဲနီ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါထောပတ်ပဲနီများ ဝယ်လိုအားကောင်းလာခြင်းကြောင့် ပဲမျိုးစုံကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၉၉၈၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၉၉၈၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါကေ ၂၁၁၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၉၈၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဝါကေ ၂၁၁၄၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၉၉၈၇ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဝါသီးနှံတွေကို လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဝါကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာ ဖိုရမ်-၂၀၂၅ အတွေ့အကြုံစကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်



**မန္တလေး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး လူငယ်ကိုယ်စားလှယ်အဖွဲ့မှ ရတနာပုံ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာ ဖိုရမ်-၂၀၂၅ အတွေ့အကြုံစကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများ၊ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာ ဖိုရမ်-၂၀၂၅ သို့ တက်ရောက်ခဲ့ကြသည့် တိုင်းဒေသကြီးလူငယ်ကိုယ်စားလှယ်များ၊ ရတနာပုံ တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တွင် ကျင်းပခဲ့သော မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာ ဖိုရမ်-၂၀၂၅ ကိုတက်ရောက်ခဲ့ကြသည့်တိုင်းဒေသကြီး ကိုယ်စားလှယ်အဖွဲ့ လူငယ်များက ဖိုရမ်၏ ရည်ရွယ်ချက်များနှင့် ဆွေးနွေးပွဲ အတွေ့အကြုံများကို ယခုကဲ့သို့ ပြန်လည်မျှဝေခြင်းဖြင့် လူငယ်ကွန်ရက်တစ်ခုကို ဖန်တီးပေးနိုင်ရာတွင် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း ပြောကြားပြီးနောက် ရတနာပုံ တက္ကသိုလ်စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များကို ရတနာပုံ တက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြောကြားပြီးနောက် ရတနာပုံ တက္ကသိုလ်အတွက် အားကစားပစ္စည်းများ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က စကားဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးမည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာ ဖိုရမ်-၂၀၂၅သို့တက်ရောက်ခဲ့သည့် တိုင်းဒေသကြီး ကိုယ်စားလှယ်အဖွဲ့လူငယ်များကို အမှတ်တရ လက်ဆောင် ပေးအပ်ပြီးနောက် စကားဝိုင်းဆွေးနွေးပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ၊ အနုပညာ အထက်တန်းကျောင်း(မန္တလေး) သို့ရောက်ရှိပြီး (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၉၆၅ ဧကစိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၀၉၆၅ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၉၆၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်အတွင်းမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"အင်းတော်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်။ နေကြာကို ဆောင်းမှာပဲစိုက်ကြတာပါ"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြှင့်မာရေးအတွက်ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် ခြသေ့်လက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခြသေ့်လက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေကျပ် ၆၂ ဒသမ ၅၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ခြသေ့်လက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၁ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၆၂ ဒသမ ၅၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကန်ကြီးထောင့်မြို့နယ်တွင် ငါးမုတ်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကန်ကြီးထောင့် စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် ငါးမုတ်များ ဝယ်လိုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကန်ကြီးထောင့်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဩဂုတ်လတတိယပတ်မှ ယနေ့တိုင် ငါးမုတ်များ ဝယ်လိုအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါငါးမုတ်များကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အားတက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်က ထွက်တဲ့ ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေက ပိုမိုတင်ပို့ရောင်းချအား ကောင်းနေပါတယ်။ လက်ရှိမှာ တစ်ရက်ကို ငါးမုတ် ပိဿာချိန် ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမုတ်တွေကိုအဝယ်လိုက်လာလို့ တင်ပို့အားတက်ခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ငါးမုတ်တွေ တင်ပို့အား တက်လာတော့ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်အပါအဝင် ဒေသထွက် ထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျစစ်ဆေးသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ရန်ကုန်ဈေးကွက်မှ အခြားဒေသများသို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိပြီး ငါးမုတ် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ကန်ကြီးထောင့်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# လမ်းပြမြေပုံ

**ချစ်နိုင်(စိတ်ပညာ)**

### နိဒါန်း

ဒီစာကို ဘယ်သူ့အတွက် ရေးတာလဲဆိုရင် **ဆယ်ကျော်သက်အရွယ်၊ အထက်တန်းကျောင်းသားအရွယ်၊ လူငယ်လူရွယ်လေးများအတွက် ရည်ရွယ်ပြီး ရေးပါတယ်။** အလယ်တန်းကျောင်းသားကော ဖတ်လို့မရဘူးလားလို့မေးရင် ရပါတယ်လို့ ဖြေပါတယ်။ တက္ကသိုလ်၊ ကောလိပ်တက်နေသူတွေဖတ်ရင်ကော မရဘူးလားလို့မေးရင် ရပါတယ်။ အရွယ်မရွေး၊ ဒေသမရွေး၊ ဘာသာမရွေး၊ လူမျိုးမရွေး၊ ကျား၊ မ မရွေး ဖတ်လို့ရပါတယ်။ ဖတ်သူမှန်သမျှကို ကောင်းကျိုးရအောင် ရေးထားပါတယ်။ သို့တစေ လူဆိုတာ အသက်အရွယ်အရ၊ အတွေ့အကြုံအရ ဉာဏ်ရည်ဉာဏ်သွေးနဲ့ စဉ်းစားတွေးခေါ်နိုင်စွမ်းက အချိန်နဲ့အမျှ ဖွံ့ဖြိုးရတဲ့ သဘောသဘာဝကြောင့် တိတိကျကျ စာရေးသူရည်ရွယ်တဲ့ စာဖတ်သူ အဓိကအုပ်စုကို ပထမဦးစွာ အသိပေးခြင်းပါ။

ဖတ်သူတချို့အတွက် ကြားဖူးပြီးသားတွေ ဖြစ်ကောင်းဖြစ်ပေလိမ့်မယ်။ ဖတ်သူတချို့အတွက်တော့ အခုမှသိရကြားရတာပဲ ဖြစ်ချင်ဖြစ်မယ်။ စာရေးသူ တက္ကသိုလ်ကျောင်းသား ဒုတိယနှစ်မှစတင်ပြီး သတင်းစာဆောင်းပါးတွေရေးလာခဲ့တာမို့ စာရေးသက်ပင် ၄၉ နှစ်ကျော်ခဲ့ပြီ။ အဲဒီအတွေ့အကြုံနဲ့ ဆင်ခြင်တိုင်းဆပြီး စာဖတ်သူများ လွယ်ကူရှင်းလင်းအောင် ဘဝခရီးအတွက် အထောက်အကူရစေမယ့် လမ်းပြမြေပုံတစ်ချပ် တင်ပြခြင်းပါပဲ။

လမ်းပြမြေပုံအနေနဲ့ သိစေချင်တာတွေ ရေးသားဖော်ပြချင်တာတွေကတော့ ဒီလိုနိဒါန်းပျိုးချင်တယ်။

### လမ်းပြမြေပုံ

**၁။ ငါဘာလဲ။**
**၂။ ငါဘယ်မှာလဲ။**
**၃။ ဘာလုပ်ရင် ဘာဖြစ်မှာလဲ။**
**၄။ ဘယ်သူတွေ ရှိကြသေးလဲ။**
**၅။ ငါ ဘာဖြစ်မှာလဲ။**
**၆။ ဖြစ်စဉ်စုဖွဲ့ပုံနဲ့**
**၇။ အကြံပြုချက်ဆိုတဲ့ အချက်တွေပါဝင်မယ်။**

### ၁။ ငါဘာလဲ

ငါဟာ လူသားအဖေနဲ့အမေက မွေးဖွားလာခဲ့တဲ့ လူတစ်ယောက်ဖြစ်တယ်။ လူမျိုး၊ ဇာတိ၊ ဘာသာ၊ ကျား၊ မ၊ ချမ်းသာ၊ ဆင်းရဲ၊ ပညာတတ်၊ မတတ်၊ အသားဖြူ၊ အသားညို၊ အရပ်ပု၊ အရပ်ရှည်၊ ရုပ်ချော၊ ရုပ်ဆိုး၊ ဝသူ၊ ပိန်သူ၊ ဘယ်သူမဆို၊ လူဟာ လူပါပဲ။ စိတ်ထားဖြူစင်ဖြောင့်မတ်သူ၊ စိတ်ထားယုတ်ညံ့ ကောက်ကျစ်သူ၊ ဘာပဲဖြစ်ဖြစ်၊ ငါဟာ လူတစ်ယောက်ပဲ၊ လူသားဘဝရရှိလာခဲ့သူ ဖြစ်တယ်။ ဒါကို သိထားပါ။

### ၂။ ငါဘယ်မှာလဲ

လူ့ဘဝရဲ့ တစ်နေရာမှာ လူသားတစ်ယောက်ရဲ့ ဘဝကို ဖြစ်တည်နေတာမို့ ငါဟာ လူ့ဘုံထဲမှာ လူတွေနဲ့ နေထိုင်ထိတွေ့နေရတယ်။ ငါ့စိတ်ထဲမှာ တစ်ခါတစ်ရံ တိရစ္ဆာန်သားရဲကောင်လို ကြမ်းတမ်းရိုင်းစိုင်းတဲ့စိတ်လည်း ပေါ်တတ်တယ်။ ရှိတတ်တယ်။ နတ်မြတ်နတ်ကောင်းတွေမှာ ရှိတတ်တဲ့ သူတစ်ပါးကို ကူညီချင်တယ်။ ကြင်နာတယ်။ စောင့်ရှောက်ချင်တယ်။ ကယ်တင်ချင်တယ်။ ချမ်းသာကျန်းမာ၊ ပျော်ရွှင်အောင် ဖေးမချင်တယ် စတဲ့စိတ်ထားမြင့်မြတ်တဲ့ သဘောထားတွေလည်း ပေါ်ဖူးတယ်။ ရှိခဲ့တယ်။

လူသားစိတ်ထား ပျော်ချင်ပါးချင်တယ်။ သူတစ်ပါးကို တစ်ခါတလေ မနာလိုဖြစ်တယ်။ အချို့ကို နှစ်သက်တယ်။ ချစ်တယ်၊ အချို့ကို မျက်မုန်းကျိုးတယ်၊ မုန်းတယ်၊ မခင်ချင်ဘူး။ ဒါမျိုးတွေလည်း ရှိခဲ့တာပဲ။ ဘယ်စိတ်မှတော့ အမြဲမရှိပါဘူး။ တစ်ခါတစ်ရံ တိရစ္ဆာန်စိတ် ဝင်လာမိပေမယ့် တစ်ခါတစ်ရံ နတ်စိတ်လို စိတ်ကောင်းစိတ်မြတ်တွေလည်း ပေါ်လာတတ်ပါရဲ့။ တကယ်တော့ လူဆိုတာ လူစိတ်ပဲရှိတာများတယ်။ ငါ့မှာ တွေးခေါ်စဉ်းစားတတ်တဲ့၊ သိတတ်တဲ့စိတ်ဆိုတာလည်းရှိတယ်။ ထိရင်သိတဲ့၊ ထိခိုက်ရင် နာကျင်တဲ့ ရုပ်ခန္ဓာ ကိုယ် ခြေ၊ လက်အင်္ဂါ အစိတ်အပိုင်းတွေလည်း ရှိနေတယ်။ လူ့ဘုံလောကထဲမှာ ငါရောက်နေတယ်။

### ၃။ ပတ်ဝန်းကျင်မှာ

ငါဟာတစ်ယောက်တည်း တစ်ကောင်ကြွက်တော့ မဟုတ်ဘူး။ အဖွဲ့အစုနဲ့ကွဲနေတဲ့ မျောက်သင်းကွဲတစ်ကောင်တော့မဟုတ်ဘူး။ အမိ၊ အဘ၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ ဆွေမျိုးညီအစ်ကို၊ မောင်နှမတွေ ပတ်ဝန်းကျင်မှာ ရှိနေကြပေတာပဲ။ အချို့ကို ငါ့ကို ချစ်ခင်ကြင်နာကြတယ်။ အချို့ကတော့လည်း ဘာသိဘာသာ နေထိုင်ဆက်ဆံကြတယ်။

ငါ့မှာ အပေါင်းအသင်း၊ သူငယ်ချင်းတွေလည်းရှိတယ်။ ကစားဖော်တွေရှိကြတယ်။ ကျောင်းနေဖက်တွေ ရှိကြတယ်။ ရွယ်တူအပေါင်းအသင်းတွေနဲ့ စကားပြောရတာ၊ ဆော့ကြရတာ ပျော်စရာပါပဲ။ သူတို့လည်း လူတွေပဲ။ လူတွေရဲ့ ယေဘုယျစရိုက်တွေ ရှိတယ်။ လူရဲ့ဓလေ့ထုံးစံတွေအတိုင်း နေထိုင်ပြုမူကြတယ်။ မိမိအပေါ် ကောင်းတဲ့အခါကောင်းတယ်။ ဆိုးတဲ့အခါ ဆိုးတယ်။ ငါနဲ့ဆက်ဆံရေး နီးသူလည်းရှိတယ်။ ငါနဲ့ ဆက်ဆံရေးဝေးတဲ့သူလည်းရှိတယ်။ စိတ်သဘောထား တိုက်ဆိုင်သူ၊ ဝါသနာတူ၊ အကြိုက်တူတဲ့သူချင်း ပူးတွဲမိတယ်။ သူငယ်ချင်းတွေလည်း ခင်ရာခင်ရာ အစုလေးတွေ မတူဘူး။

လူတွေဟာ အကောင်းအဆိုး အမျိုးမျိုးရောထွေးနေတာပဲ။ ဘယ်သူမဆို ကောင်းတာလည်းရှိတယ်။ မကောင်းတာလည်း ရှိချင်ရှိမယ်။ ဘယ်သူမှတော့ အမြဲတစေ အဖြူချည်းသက်သက် မဟုတ်နိုင်ဘူး။ အမည်းအနက်ချည်း သက်သက်မဖြစ်နိုင်ဘူး။ အဖြူများသူနဲ့ အနက်များသူလို့ပဲ ခွဲခြားသိမှတ်ရမှာပဲ။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ မင်္ဂလာတရားတော်မှာတော့ မိုက်မဲသူတွေနဲ့ မပေါင်းသင်းမယှဉ်တွဲလေနဲ့။ ပညာ ဆင်ခြင်တုံတရားရှိသူတွေနဲ့သာ ပေါင်းဖော်နီးစပ်ပါစေဆိုတဲ့အချက်ကို အဓိက ပထမဦးဆုံး အခြေခံအချက် လမ်းညွှန်ထားခဲ့တာပဲ။ လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့၊ မမှီဝဲနှင့် ကင်းအောင်နေ၊ ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ်နည်းယူလေ။

ကောင်းတဲ့လူကိုကြည့် အတုယူပြီး သူ့ဆီက ကောင်းတဲ့အချက်တွေ မိမိမှာလည်း ရှိလာအောင် လေ့ကျင့်ရပေမှာပေါ့။ ပန်းထုပ်တဲ့ဖက်လည်း အမွှေးခတ်ကူးတာပဲကိုး။ ဟုတ်ပ့ါ။ ငါးပုပ်ထုတ်ခဲ့တဲ့ ဖက်ရွက်ကတော့ ငါးပုပ်စော် နံပေမှာပဲ။

### ၄။ ဘာလုပ်ရင် ဘာဖြစ်မှာလဲ

ဖြစ်ခြင်း၊ ပျက်ခြင်းဆိုတာတွေအားလုံးဟာ ကမ္မနိယာမ သဘောတွေပါလားဆိုတာ ပို၍ပို၍ နားလည်လာရတယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်လာတာပဲ။ အနှေးနဲ့ အမြန်ပေ့ါ။ ဆိုးယုတ်တာလုပ်မိရင်လည်း အဲဒီအမှားအပြစ်ရဲ့ ဒဏ်ရာဒဏ်ချက်က တစ်နေ့မဟုတ်တစ်နေ့ ကိုယ့်ဆီလာဆောင့်တော့တာပဲ။ ကောင်းတဲ့အလုပ်ပဲလုပ်လုပ်၊ ဆိုးယုတ်တဲ့အလုပ်ပဲလုပ်လုပ် ထိုက်သင့်တဲ့တုံ့ပြန်မှုကတော့ ပြုလုပ်တဲ့လူဆီ ရောက်လာစမြဲ။ **"ကိုယ်ပြုတဲ့ကံ ပဲ့တင်သံကိုယ့်ထံ ပြန်လာတယ်"** ဒါပဲ။

အသက်အရွယ်နဲ့ လေ့လာမှတ်သားမှုအရ အတွေ့အကြုံထဲက အမှန်တွေစုစုပြီး အမှန်တရားတွေ သိမြင်ရ၊ အမှားတွေ သိမြင်ပြီး ရှောင်ရှားဖယ်ကြဉ်တတ်လာခဲ့ပြီး ဘဝမှာ သင်ခန်းစာယူတတ်ရင် အဆင်ပြေတယ်။

မေတ္တာဆိုတဲ့တရားကို နေ့စဉ်နေ့စဉ် အိပ်ရာဝင် အိပ်ရာထ ပွားများတဲ့လူရဲ့အလေ့အထဟာ စိတ်မှာ အညစ်အကြေးကင်းစင်ပြီး ရေမိုးချိုးထားတဲ့လူလိုပေါ့ကွယ်။ သန့်ရှင်းစင်ကြယ်ပြီး လန်းဆန်းကြည်လင်နေတာပေ့ါ။

မကျေနပ်မှု၊ ရန်လိုမှု၊ ခက်ထန်မှု၊ ကြမ်းတမ်းရိုင်းစိုင်းမှုတွေဆိုတာကတော့ ဆဲရင်းဆဲရင်းနဲ့ပဲ ကိုယ့်မှာ ဆင်းရဲ ဆင်းရဲသွားတာ အဝီစိငရဲဆိုက်ရောက်ခါနီးနေပြီလေ။ နိမ့်ကျသွားတာမြင်ကြလား။

မေတ္တာနဲ့ဒေါသဆိုတာ ရေနဲ့မီးလိုပဲ။ မတူညီရုံမျှမက ဆန့်ကျင်ဘက် ကောင်းကျိုး၊ ဆိုးကျိုးပေးတတ်တဲ့သဘောရှိကြတယ်။ မေတ္တာကို မိမိဘဝတစ်လျှောက်လုံး ပွားများတဲ့အလေ့အထရှိအောင် နေ့စဉ်ညစဉ် ပျိုးထောင်လေ့ကျင့်ပါ။ ဘဝမှာ အေးချမ်းသာယာမယ်။ ဒေါသကိုလျှော့ပါ။ ဒေါသစိတ်နည်းအောင် သတိထားပါ။ ဒေါသနည်းပါး မေတ္တာများရင် မိမိကိုယ်တိုင် လူချစ်လူခင်များမယ်။ လေးစား တန်ဖိုးထားခံရပြီး လူရာဝင်သထက် ဝင်လာမယ်။ မေတ္တာရဲ့ ကောင်းကျိုးကို ကျင့်သုံးရင်းနဲ့ ပိုပြီးကိုယ်တွေ့ သိမြင်လာလိမ့်မယ်။

**❖ မေတ္တာနဲ့ဒေါသဆိုတာ ရေနဲ့မီးလိုပဲ။ မတူညီရုံမျှမက ဆန့်ကျင်ဘက် ကောင်းကျိုး၊ ဆိုးကျိုးပေးတတ်တဲ့သဘောရှိကြတယ်။ မေတ္တာကို မိမိဘဝတစ်လျှောက်လုံး ပွားများတဲ့အလေ့အထရှိအောင် နေ့စဉ်ညစဉ် ပျိုးထောင်လေ့ကျင့်ပါ။ ဘဝမှာ အေးချမ်းသာယာမယ်။ ဒေါသကိုလျှော့ပါ။ ဒေါသစိတ်နည်းအောင် သတိထားပါ။ ဒေါသနည်းပါး မေတ္တာများရင် မိမိကိုယ်တိုင် လူချစ်လူခင်များမယ်။ လေးစားတန်ဖိုးထားခံရပြီး လူရာဝင်သထက် ဝင်လာမယ်။ မေတ္တာရဲ့ကောင်းကျိုးကို ကျင့်သုံးရင်းနဲ့ ပိုပြီးကိုယ်တွေ့ သိမြင်လာလိမ့်မယ်။ ❖**

မေတ္တာနဲ့ဒေါသက တစ်ခုရှိရင် တစ်ခုမရှိ။ ဆန့်ကျင်ဘက်ဆိုတာ နားလည်ထားရမယ်။ ဘာကိုရွေးမလဲ။ တစ်ခုခုကိုသိမ်းပိုက်ရင် အခြားတစ်ခုက ကင်းမဲ့တာပဲ။

မေတ္တာနဲ့ဒေါသ။
အေးချမ်းမှုနဲ့ပူလောင်မှု၊
ထူထောင်မှုနဲ့ ဖျက်ဆီးမှု၊
တိုးတက်ခြင်းနဲ့ဆုတ်ယုတ်ခြင်း၊
ငြိမ်းချမ်းသာယာမှုနဲ့ ဆူပူဆင်းရဲမှု၊
မိမိရွေးချယ်မှုအရ အကျိုးဆက်ခံစားရမှာ။

### ၅။ ငါဘာဖြစ်မှာလဲ

(က) **ဘာမှမမြဲဘူး၊** ငါလည်းမမြဲ။

(ခ) **အားလုံးက ဆင်းရဲခြင်းမျှသာ၊** ချမ်းသာမှုဆိုတာ အာရုံလွဲမှားသိခြင်းသာ။ လိုတာမရတဲ့ဆင်းရဲ၊ ရတာမလိုတဲ့ ဆင်းရဲ၊ ချစ်သူနဲ့ကွေကွင်းရ၊ မချစ်သူနဲ့အတူနေရ၊ ဖြစ်ချင်တာတွေ မဖြစ်ပါ၊ မဖြစ်ချင်တာတွေပဲဖြစ်လာ။ စသဖြင့်

(ဂ) ဘာပဲဖြစ်ဖြစ်၊ တကယ့်အမှန်တရားအနှစ်သာရကတော့ (အယူမှား၊ အသိမှား၊ အမှတ်မှားတာတွေ ဖယ်ရှင်းနိုင်ရင် မြင်လာမယ်)

(၁) **ငါမဟုတ်။**

(၂) **ငါဆိုတာမရှိဘူး။**

(၃) **ငါမပိုင်ဘူး။** မွေးလာတုန်းက ဘာမှမပါ။ သေသွားတဲ့အခါ ဘာမှယူသွားလို့မရပါ။ ပိုင်တယ်၊ ဆိုင်တယ်ထင်ခဲ့သမျှ အမှန်က ဘာကိုမှ မပိုင်ခဲ့ဘူး။

မမြဲခြင်းနိယာမ၊ ဆင်းရဲခြင်းနိယာမ၊ မပိုင်စိုးနိုင်ခြင်းနိယာမကို မြတ်စွာဘုရားနဲ့သံဃာတော်များက အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ပါဠိလိုဟောကြားတော်မူကြတယ်။ သာမန်ကြားရုံနဲ့ သဘောပေါက်ဖို့ ခက်ခဲပါတယ်။ အဖန်ဖန် ကြားနာရပြီး စေ့စေ့တွေးတတ်လာမှ လောကရဲ့ အမှန်တရားသဘောလက္ခဏာရေးသုံးပါးဆိုတာ ထွင်းဖောက်သဘောပေါက်လာလိမ့်မယ်။ ကိုယ်မမြင်သေးလို့ မမှန်ဘူးထင်ပြီး ဘာတွေလဲဟာ၊ ရှုပ်နေတာပဲလို့ မပစ်ပယ်လေနဲ့။ နောက်ဆုတ်မသွားနဲ့။ အခါခါ လေ့လာမှတ်သားမှသာ အာသေဝန ပစ္စယသတ္တိ၊ ထပ်၍ထပ်၍ ဆင်ခြင်တဲ့အခါ သိမြင်ခြင်းပညာအလင်းရောင် ရနိုင်ပါတယ်။ ခက်ခဲသလိုလို ထင်ရပေမယ့် အမှန်တရားတွေကိုသိထားပါမှ လူ့ဘဝ လူဖြစ်ရကျိုးနပ်မှာပေ့ါ။ လူ့ဘဝခရီးဆိုတာ သင်ယူလေ့လာလို့ပဲ မကုန်ဆုံးနိုင်တဲ့ ဘဝတက္ကသိုလ်ကြီးပဲလေ။

### ၆။ ဖြစ်စဉ်စုဖွဲ့ပုံ ငါးပိုင်း

လက္ခဏာရေးသုံးပါးဖြစ်တဲ့ မမြဲ၊ ဆင်းရဲ၊ ငါမရှိ၊ ငါမပိုင်၊ ငါမဟုတ်ဆိုတဲ့ အတ္တအမြင်ကင်းကွာ၊ အနတ္တလက္ခဏာ သိမြင်ထွင်းဖောက် ဉာဏ်အလင်းရရှိလောက်အောင် ခန္ဓာငါးပါး ပိုင်းခြားသိဖို့လိုပါတယ်။

ခန္ဓာဆိုတာ ဖွဲ့စည်းပုံအစုအဝေးသဘောကို ပြောတာ။ လူမှာ ရုပ်သဘော အရိုး၊ အဆစ်၊ ကြွက်သား၊ အာရုံကြော၊ နား၊ မျက်စိ စတဲ့အရာတွေနဲ့ ဖွဲ့စည်းထားတယ်နော်။ မှန်တယ်၊ ဒါကရုပ်သဘော။ မြင်ရတယ်၊ သိလွယ်တာပေ့ါ။ မမြင်ရတဲ့ နာမ်တရား လေးပိုင်းလည်း ရှိသေးတယ်။

၁။ ရုပ်ခန္ဓာအပိုင်း ဒါတော့သိပြီးသား။
၂။ နာမ်ခန္ဓာအပိုင်း ဒီအရာမှာလေးပိုင်းပါသေးရဲ့။
(က) ခံစားမှု
(ခ) မှတ်သားမှု
(ဂ) စေ့ဆော်မှု
(ဃ) သိမှတ်မှု

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# စာတတ်မြောက်ဖို့ ကြိုးစားစို့

- စက်တင်ဘာလ ရှစ်ရက်ဟာ
  စာတတ်မြောက်ရေးပါ၊
  သတ်မှတ်ခဲ့ကာ ထိုတစ်နေ့
  အထူးဘယ်မမေ့။

- စာတတ်မြောက်ဖို့ အခြေခံ
  အားလုံးပါဝင်ရန်၊
  ဖွင့်လှစ်အမှန် သင်ကြားပေး
  'အ'သုံးလုံးကျေရေး။

- ဘဝပန်းလေး လန်းပါစေ
  'ဝ'လုံးတွေ ညီစေ၊
  ဆီမီးရောင်တွေ ထိန်စေသား
  ကူးညှိအဆပွား။

- ခရီးများဆုံး လမ်းပန်းတိုင်
  စာတတ်မြောက်မဏ္ဍိုင်၊
  ကြိုးစားလို့နိုင် အောင်ဆွတ်ခူး
  ပျော်ရွှင်လွန်ကြည်နူး။

- အထူးအားပေး တို့ဝိုင်းကူ
  လဲနေသူကိုထူ၊
  သင်ကြားသင်ယူ ပညာပေး
  စာတတ်မြောက်ဖို့လေး။ ။

ဆောင်းနေရောင်(အဖျောက်)

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၄၃၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မင်းကင်း စက်တင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၄၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် ပဲတီစိမ်း ၅၄၆၄ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၄၃၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲတီစိမ်း ၅၄၆၄ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၅၄၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲတီစိမ်း အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်၊ စပါး၊ ဖွဲနု ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဖွဲနုများသည် ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာစသည့်မွေးမြူရေး လုပ်ငန်းသုံးအစာအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ၂၄ ပြည်ဝင် ဖွဲနုအိတ်ရေ ၇၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုက စပါးကြိတ်ခွဲရင်ထွက်လာတဲ့ ကုန်ကြမ်းတစ်ခုပါ။ ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုတာများပါတယ်။ ပြည်ပဈေးကွက်လဲရှိပါတယ်။ လက်ရှိ စပါးသစ်ပေါ်တာ နည်းနေသေးတော့ ဖွဲနုလဲ အထွက်နည်းနေပါတယ်။ လက်ရှိ စက်တင်ဘာလထဲမှာလဲ ဖွဲနုအိတ်တွေရန်ကုန်ဘက်ကနေ ဝယ်ယူအား များနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ် လုပ်ကိုင်နေတာကြောင့် ရန်ကုန်ဈေးကွက်ကနေ အခုလို ဖွဲနုအိတ်တွေ ဝယ်ယူအားကောင်းလာတာပါ။ ဝယ်ယူအားကောင်းလာတော့ လယ်သမားတွေ၊ စက်သမားတွေ အလုပ်တွေ အဆင်ပြေပြေ လည်ပတ်နေပါတယ်"ဟု မအူပင်မြို့နယ်မှ ဆန်၊ စပါး၊ ဖွဲနု ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

မအူပင်မြို့နယ်မှ ထွက်ရှိသည့် ဖွဲနုများကို ဒေသမွေးမြူရေးလုပ်ငန်းရှင်များက အများဆုံးဝယ်ယူလျက်ရှိသည့်အပြင် ရန်ကုန်ဈေးကွက်သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖွဲနုအိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

á စာမျက်နှာ ၄ မှအဆက်

လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်က မန္တလေးတက္ကသိုလ် ကျောင်းသားဘဝ စိတ်ပညာအဓိကနဲ့ဘွဲ့ရအောင် လေးနှစ်ကြာ ပညာဆည်းပူးခဲ့ရပါတယ်။ Emotion, Memory, Motivation, Perception, Attitude, Learning စသဖြင့် အထွေထွေစိတ်ပညာကနေ ပညာရေးစိတ်ပညာ၊ စံလွဲစိတ်ပညာ၊ ဆက်ဆံရေးစိတ်ပညာ၊ ကုန်ထုတ်လုပ်မှုစိတ်ပညာ၊ ကလေးစိတ်ပညာ၊ ဖွံ့ဖြိုးမှုစိတ်ပညာ၊ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးမှုပညာ၊ စိတ်ပညာသုတေသန၊ စမ်းသပ်မှုစိတ်ပညာ၊ အကြံပေးစိတ်ပညာ စသဖြင့် သင်ယူခဲ့ရပါတယ်။ ကုခန်းစိတ်ပညာနဲ့ အာကာသစိတ်ပညာတို့တော့ မသင်ခဲ့ရပါ။ အနတ္တလက္ခဏာနဲ့ ခန္ဓာငါးပါးလည်း မသင်ခဲ့ဖူးပါ။ အသက်ကြီးလာမှ ဆရာကြီး ဦးဟန်မောင်ထံမှ အခြေခံအဘိဓမ္မာသင်တန်း တက်ရောက်သင်ယူပြီး အစိုးရအဘိဓမ္မာသင်တန်းစာမေးပွဲကို ဖြေဆိုကြည့်ခဲ့တယ်။ အခြေခံအပိုင်းအားလုံး တစ်နှစ်တည်းနဲ့ အောင်မြင်ခဲ့ပါတယ်။ မဆိုးပါဘူး။ တော်တော်ကြိုးစားခဲ့ရပါတယ်။ နှစ်ပေါင်းများစွာ အနောက်တိုင်း စိတ်ပညာကို ကျောင်းသားတစ်ယောက်လို မိမိကိုယ်ကိုသဘောထားပြီး ရှာဖွေလေ့လာ မှတ်သားခဲ့တာရယ်၊ လွန်ခဲ့တဲ့ ၁၅ နှစ်က အဘိဓမ္မာအခြေခံသင်ရိုးကုန်အောင် လေ့လာ ကျက်မှတ်ဖူးတာရယ်၊ သိလာတာတွေ မျှဝေပါရစေ။

**၇။ ဘယ်သူ့ကိုမှ မဖျက်ဆီးလေနဲ့**

ကိုယ့်အလုပ်မဟုတ်ဘူး။ ဘယ်သူမဆို အချိန်တန်ရင် သူ့အလိုလိုပဲ ပျက်စီးချုပ်ငြိမ်းသွားကြမှာချည်းပဲ။ လူသားအချင်းချင်း တတ်နိုင်သမျှ ကူညီရိုင်းပင်းကြရမယ်။ **စာနာပါ၊ နားလည်ပါ၊ သနားကြင်နာပါ။** အားလုံးမှာ ကိုယ့်အပူနဲ့ကိုယ် ဒုက္ခအထုပ်တွေ ကိုယ်စီပိုက်ထားကြသူတွေချည်းပါ။ ရန်မလုပ်နဲ့၊ မနာလိုမဖြစ်နဲ့။ မပုတ်ခတ်နဲ့။ မဆဲဆိုနဲ့။ ချောက်မချနဲ့။ ကုန်းမချောနဲ့။ မကောင်းကြောင်း ပြောမနေနဲ့။ ကိုယ့်အလုပ်မဟုတ်ဘူး။ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ပါနဲ့။ ဘဝတစ်ကွေ့ ခဏတွေ့ကြတာပဲ။ စိတ်ရှည်ကြပါ။ **မေတ္တာထားနိုင်အောင်သာ ကြိုးစားပါ။**

**နိဂုံး**

လူ့ဘဝဆိုတာ ချမ်းသာ၊ ဆင်းရဲ၊ ကြုံကြရစမြဲပါပဲ။ ကိုယ့်လမ်းကိုယ်လျှောက်။ ကိုယ့်ပန်းတိုင် ကိုယ်ရောက်အောင်သာ ရည်မှန်းချက်ထား။ အမြဲကြိုးစားနေရမှာ ဖြစ်ပါတယ်။

# နိုင်ငံတကာ သတင်းများ

## ပဋိပက္ခကာလတစ်လျှောက် အပြင်းထန်ဆုံး လေကြောင်းထိုးစစ်ဖြင့် ယူကရိန်းကို ရုရှားတိုက်ခိုက်



**ကိယက်ဗ် စက်တင်ဘာ ၇**

ယူကရိန်းပဋိပက္ခ ကာလတစ်လျှောက် အပြင်းထန်ဆုံး လေကြောင်းတိုက်ခိုက်မှုကို ရုရှားတပ်များက ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရုရှားတပ်များ၏ အဆိုပါ လေကြောင်းတိုက်ခိုက်မှုအတွင်း ယူကရိန်းနိုင်ငံ ကိယက်ဗ်မြို့ရှိ အစိုးရအဆောက်အအုံ တစ်လုံး ပဋိပက္ခ ကာလတစ်လျှောက် ပထမဆုံးအကြိမ် ထိခိုက်ပျက်စီးခဲ့ကြောင်း ယူကရိန်းအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယင်းအပြင် ရုရှားတပ်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကိယက်ဗ်မြို့အတွင်းရှိ အဆောက်အအုံများမီးလောင်ခဲ့ရပြီး လူသုံးဦး သေဆုံး၍ ၁၈ ဦး ဒဏ်ရာများရရှိခဲ့သည်။

ယနေ့လေကြောင်းတိုက်ခိုက်မှုတွင် ရုရှားတပ်များသည် မောင်းသူမဲ့လေယာဉ် ၈၀၅ စင်းနှင့် ဒုံးကျည်၁၃စင်း အသုံးပြုခဲ့ကြောင်း ယူကရိန်းအစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

ရုရှားတပ်များ၏ မောင်းသူမဲ့လေယာဉ်အစင်း ၈၀၀ ကျော် အနက် ၇၅၁ စင်းနှင့် ဒုံးကျည်လေးစင်းတို့ကို ကြားဖြတ်ပစ်ခတ်နိုင်ခဲ့ကြောင်း ယူကရိန်းတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံသည် ယနေ့တွင် သုံးနှစ်ကျော်ကြာ ပဋိပက္ခကာလတစ်လျှောက် မောင်းသူမဲ့လေယာဉ် အများဆုံးအသုံးပြု၍ ယူကရိန်းကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အနူတင်ချန်ဗီရာကူးလ်ကို ဝန်ကြီးချုပ်အဖြစ် ထိုင်းဘုရင်မင်းမြတ် အတည်ပြု

**ဗန်ကောက် စက်တင်ဘာ ၇**

ကွန်ဆာဗေးတစ် နိုင်ငံရေးသမား စီးပွားရေးလုပ်ငန်းရှင် အနူတင်ချန်ဗီရာကူးလ်ကို ထိုင်းဝန်ကြီးချုပ်သစ်အဖြစ် ထိုင်းဘုရင်မင်းမြတ် မဟာဝဇိရာလောင်ကွန်းက ယနေ့တွင် အတည်ပြုချက်ပေးခဲ့ကြောင်း သိရသည်။

ထိုင်းဘုရင်မင်းမြတ်၏ တရားဝင်အတည်ပြုချက်အရ ဝန်ကြီးချုပ်သစ် အနူတင်ချန်ဗီရာကူးလ်သည် ယနေ့မှစ၍ ဝန်ကြီးချုပ်တာဝန်ကို စတင်ရယူနိုင်ပြီဖြစ်သည်။

ဘမ်ဂျိုင်ထိုင်းပါတီက အမည်စာရင်းတင်သွင်းထားသော အနူတင်ချန်ဗီရာကူးလ်ကို ထိုင်းအောက်လွှတ်တော်က စက်တင်ဘာ ၅ ရက်တွင် ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

စက်တင်ဘာ ၅ ရက် ထိုင်းအောက်လွှတ်တော်မဲခွဲပွဲအင်အားအကြီးဆုံး အတိုက်အခံပါတီဖြစ်သည့် ပြည်သူ့ပါတီ၏ထောက်ခံမှုကိုရရှိခဲ့ပြီး ပြိုင်ဘက်ပွေ့ထိုင်းပါတီဝန်ကြီးချုပ်လောင်းကို သက်သောင့်သက်သာအနိုင်ရရှိခဲ့သည်။

ပွေ့ထိုင်းပါတီ ဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်ကို ကျင့်ဝတ်ချိုးဖောက်မှုဖြင့် ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ရာထူးမှ ဖယ်ရှားခဲ့ပြီးနောက် အနူတင်ချန်ဗီရာကူးလ်ကို ထိုင်းအောက်လွှတ်တော်က ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်အနေဖြင့် လာမည့်နှစ်အတွင်း ရွေးကောက်ပွဲသစ်ကျင်းပနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## အစ္စရေးနှင့်ပါလက်စတိုင်း နှစ်နိုင်ငံယှဉ်တွဲရပ်တည်ရေး နယူးယောက်ကြေညာချက်၌ ဖင်လန်နိုင်ငံ လက်မှတ်ရေးထိုးမည်

**ဟယ်ဆင်ကီး စက်တင်ဘာ ၇**

အစ္စရေးနှင့်ပါလက်စတိုင်း နှစ်နိုင်ငံယှဉ်တွဲရပ်တည်ရေးဆိုင်ရာ နယူးယောက် ကြေညာချက်တွင် ဖင်လန်နိုင်ငံလည်း ပါဝင်လက်မှတ်ရေးထိုးမည်ဟု စက်တင်ဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြ ထားကြောင်း သိရသည်။

အစ္စရေးနှင့် ပါလက်စတိုင်း နှစ်နိုင်ငံယှဉ်တွဲရပ်တည်ရေးဆိုင်ရာ နယူးယောက်ကြေညာချက်သည် ဆော်ဒီအာရေဗျနှင့် ပြင်သစ်နိုင်ငံတို့ ဦးဆောင်ကျင်းပခဲ့သော နိုင်ငံတကာညီလာခံ တစ်ရပ်မှ ပေါ်ထွက်လာခြင်းဖြစ်သည်။

အဆိုပါကြေညာချက်ကို ယခုလအတွင်းကျင်းပမည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ လက်မှတ်ရေးထိုးရန် ကမ္ဘာ့နိုင်ငံများက စီစဉ်ထားသည်။

နယူးယောက်ကြေညာချက်၌ ပါဝင်လက်မှတ် ရေးထိုးကြရန် ပြင်သစ်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့က ကမ္ဘာ့နိုင်ငံများကို တိုက်တွန်းထားသည်။

နယူးယောက်ကြေညာချက်၌ ပါဝင်လက်မှတ် ရေးထိုးမည့် အစီအစဉ်ကို ဖင်လန်နိုင်ငံခြားရေးဝန်ကြီး အယ်လီနာဗာလ်တိုနင်က ပြောကြားထားသည်။

အစ္စရေးနှင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုတို့ကြား နှစ်နှစ်နီးပါးကြာပဋိပက္ခကို အဆုံးသတ်ရေးအတွက် ကမ္ဘာ့နိုင်ငံများက နယူးယောက် ကြေညာချက်ကို လက်မှတ်ရေးထိုးရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဆစ်ဒနီကမ်းခြေ၌ ငါးမန်းစောင့်ကြည့်ရေးအတွက် ရဟတ်ယာဉ်နှင့်မောင်းသူမဲ့လေယာဉ်များ ဩစတြေးလျဖြန့်ကြက်

**ဆစ်ဒနီ စက်တင်ဘာ ၇**

နာမည်ကျော် ကမ်းခြေတစ်ခုဖြစ်သည့် ဆစ်ဒနီကမ်းခြေတစ်ခုအနီး ရေပြင်များကို စောင့်ကြည့်ရေးအတွက် ဩစတြေးလျတာဝန်ရှိသူများက ယနေ့တွင် ရဟတ်ယာဉ်နှင့်မောင်းသူမဲ့လေယာဉ်များ ဖြန့်ကြက်ထားသည်။

အဆိုပါကမ်းခြေအနီး ရေပြင်အတွင်း ငါးမန်းတစ်ကောင်၏ ရန်ပြုတိုက်ခိုက်မှုကြောင့် ရေလွှာလျှောစီးသမားတစ်ဦးသေဆုံးခဲ့ရပြီးနောက် ယင်းရေပြင်ဒေသကို စောင့်ကြည့်ရန် ရဟတ်ယာဉ်နှင့် မောင်းသူမဲ့လေယာဉ်များကို ဩစတြေးလျတာဝန်ရှိသူများက ဖြန့်ကြက်ထားခြင်းဖြစ်သည်။

ရေလွှာလျှောစီးသမား ငါးမန်းကိုက်ခံရမှုမှာ လောင်းရိဖ်အမည်ရှိ ကမ်းခြေနှင့် မီတာ ၁၀၀ခန့်အကွာရေပြင်အတွင်း စက်တင်ဘာ ၆ ရက်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ် ပေါ်ပေါက်ခဲ့ပြီးနောက် လောင်းရိဖ်ကမ်းခြေနှင့် အခြား ကမ်းခြေတစ်ခုတို့ကို ဆစ်ဒနီမြို့ တာဝန်ရှိသူများက အသုံးပြုခွင့်ပိတ်ထားဆဲဖြစ်သည်။

ရေလွှာလျှောစီးသမား ငါးမန်းကိုက်ခံရမှုသည် ၂၀၂၂ ခုနှစ်နောက်ပိုင်း ဆစ်ဒနီကမ်းခြေတစ်ခု၌ ပထမဆုံးဖြစ်ပွားခဲ့သည့် ငါးမန်းကိုက်မှုဖြစ်စဉ်ဖြစ်ခဲ့သည်။

ယင်းအပြင် စက်တင်ဘာ ၆ ရက် ငါးမန်းတိုက်ခိုက်မှုဖြစ်စဉ်သည် ယခုနှစ်အတွင်းဩစတြေးလျနိုင်ငံ၌ဖြစ်ပွားခဲ့သည့် ပဉ္စမမြောက် ငါးမန်းတိုက်ခိုက်မှု ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အမေရိကန်နိုင်ငံအတွင်းသို့ပါဆယ်များဝင်ရောက်မှု ၈၀ ရာခိုင်နှုန်းကျော် ကျဆင်း

**နယူးယောက် စက်တင်ဘာ ၇**

အမေရိကန်နိုင်ငံ အတွင်းသို့ စာတိုက်ချော စာအိတ်များနှင့် ပါဆယ်ထုပ်များ ဝင်ရောက်မှုမှာ ၈၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း ကုလသမဂ္ဂနိုင်ငံတကာ စာတိုက်လုပ်ငန်းသမဂ္ဂက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သမ္မတ ဒေါ်နယ်ထရမ့်ဦးဆောင်သော အမေရိကန်အစိုးရအဖွဲ့က အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် တန်ဖိုးနည်းပါဆယ်ထုပ်များ၊ ချောစာအိတ်များအတွက် အခွန်ကင်းလွတ်ခွင့်ကို ရုပ်သိမ်းခဲ့ပြီးနောက် နိုင်ငံတကာစာတိုက်လုပ်ငန်းများက အမေရိကန်နိုင်ငံသို့ ချောစာနှင့် ပါဆယ်ပို့ဆောင်မှုများရပ်ဆိုင်းထားသည်။

လက်ရှိအချိန်တွင် နိုင်ငံတကာစာတိုက်လုပ်ငန်း ၈၈ ခုတို့က အမေရိကန်နိုင်ငံသို့ ချောစာနှင့် ပါဆယ်ထုပ်များပေးပို့မှုကို ရပ်ဆိုင်းထားကြောင်း သိရသည်။



အကျိုးဆက်အားဖြင့် လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံအတွင်းသို့ နိုင်ငံတကာမှချောစာနှင့် ပါဆယ်ထုပ်ဝင်ရောက်မှုမှာ ၈၀ ရာခိုင်နှုန်းကျော်ထိ ကျဆင်းခဲ့ကြောင်း နိုင်ငံတကာစာတိုက်လုပ်ငန်းသမဂ္ဂကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်အစိုးရ၏ အသေးစားပါဆယ်ထုပ်များ အခွန်ကင်းလွတ်ခွင့်ရုပ်သိမ်းရေး အစီအစဉ်သည် ပြီးခဲ့သည့် ဩဂုတ် ၂၉ ရက်တွင် စတင်အာဏာသက်ရောက်ခဲ့သည်။

လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံအတွင်းသို့ နိုင်ငံတကာချောစာအိတ်များနှင့် ပါဆယ်ထုပ်များ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် နည်းလမ်းသစ်များ ရှာဖွေနေကြောင်း နိုင်ငံတကာစာတိုက်များသမဂ္ဂ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## လူ့ဉာဏ်ရည်တုဆော့ဝဲထည့်သွင်းထားသော ခြေလေးချောင်းပါစက်ရုပ်ကို လူသားများနှင့် ကြက်တောင်ရိုက်ကစားတတ်စေရန် သိပ္ပံပညာရှင်များက လေ့ကျင့်ပေးနိုင်ခဲ့



**ဘန်း စက်တင်ဘာ ၇**

လူ့ဉာဏ်ရည်တုဆော့ဝဲထည့်သွင်းထားသော ခြေလေးချောင်းပါ စက်ရုပ်တစ်ရုပ်ကို လူသားများနှင့် ကြက်တောင်ရိုက်ကစားတတ်စေရန် သိပ္ပံပညာရှင်များက လေ့ကျင့်ပေးနိုင်ခဲ့ကြောင်း စက်တင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

ကိုယ်ခန္ဓာတစ်ခုလုံး၏ လှုပ်ရှားမှုကို အမြင်အာရုံခံစားမှုဖြင့် ပေါင်းစပ်ထားသည့် ANYmal အမည်ရှိ အဆိုပါစက်ရုပ်သည် အေအိုင်နည်းပညာ အကူအညီဖြင့် လူသားများနှင့်ကြက်တောင် ရိုက်ကစားနိုင်စွမ်း ရှိကြောင်း သိရသည်။

ANYmal စက်ရုပ်ကို ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်အီးတီအိတ်ချ် တက္ကသိုလ်မှ သိပ္ပံပညာရှင်များက တည်ဆောက်ထားခြင်းဖြစ်သည်။

ကိုယ်အလေးချိန် ကီလိုဂရမ် ၅၀ နှင့် အရပ်အမြင့် ၁ ဒသမ ၅ ပေခန့်ရှိသော ANYmal စက်ရုပ်သည် စမ်းသပ်မှုရလဒ်များအရ လူသားများကဲ့သို့ပင် ကြက်တောင်ကိုရိုက်ပြီးချိန်မှာပင် ကွင်းလယ်သို့ ပြန်ဆုတ်၍ ပြန်ဝင်လာသည့် ကြက်တောင်ကို စောင့်ဆိုင်းနေတတ်ကြောင်း သိရသည်။

ထိုကဲ့သို့ လူသားများဖြင့် ပြေးပြေးလွှားလွှား ကြက်တောင်ရိုက်နိုင်စွမ်းရှိရန် ANYmal စက်ရုပ်၏ ခြေထောက်လေးချောင်းတွင် တစ်ချောင်းလျှင် အရိုးအဆစ်သုံးခုစီ ထည့်သွင်းတည်ဆောက်ထားပြီး ကြက်တောင်ရိုက် လက်တံတွင် ခြောက်ခု ထည့်သွင်းထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နာဆာနှင့် နိုအာတို့က နေလေ့လာရေးဂြိုဟ်တုသုံးစင်းကို စက်တင်ဘာ ၂၃ ရက်တွင် လွှတ်တင်ရန်စီစဉ်ထား

**ဝါရှင်တန် စက်တင်ဘာ ၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) နှင့် အမျိုးသားသမုဒ္ဒရာနှင့် လေထုလွှာလေ့လာရေးအေဂျင်စီ(နိုအာ) တို့သည် နေလေ့လာရေးဂြိုဟ်တုသုံးစင်းကို စက်တင်ဘာ ၂၃ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း စက်တင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

နာဆာနှင့် နိုအာတို့လွှတ်တင်မည့် နေလေ့လာရေးဂြိုဟ်တုများမှာ IMAP၊ GEOCORONA နှင့် SWFO–L 1 အမည်အသီးသီးရှိ ဂြိုဟ်တုများဖြစ်သည်။

အဆိုပါ နေလေ့လာရေး ဂြိုဟ်တုသုံးစင်းကို စက်တင်ဘာ ၂၃ ရက်တွင် စပေ့စ်အိတ်၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသ စခန်းမှတစ်ဆင့် လွှတ်တင်မည် ဖြစ်ကြောင်း သိရသည်။




လွှတ်တင်ပြီးနောက် အဆိုပါ နေလေ့လာရေးဂြိုဟ်တုသုံးစင်းတို့သည် ကမ္ဘာမြေနှင့် မိုင်ပေါင်း တစ်သန်းခန့်အကွာ ပတ်လမ်းပေါ်တွင် နေရာယူမည်ဖြစ်သည်။

အဆိုပါဂြိုဟ်တုသုံးစင်းသည် နေအဖွဲ့အစည်းအတွင်း နေ၏ ဩဇာသက်ရောက်မှု ပုံစံများကို စူးစမ်းလေ့လာမည်ဖြစ်ကြောင်း နာဆာ တာဝန်ရှိသူများက ပြောကြားသည်။

အထူးသဖြင့် အဆိုပါနေလေ့လာရေးဂြိုဟ်တုများသည် နေမှ ထုတ်လွှတ်နေသည့် စွမ်းအင်ဆောင် အမှုန်စီးကြောင်းများ၏ အကျိုးသက်ရောက်မှုကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဂျော်ဂျီယာနိုင်ငံ သိပ္ပံပညာရှင်များက ရှေးဦးလူတူမျိုးစိတ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းမေးရိုးကို တူးဖော်တွေ့ရှိ

**ထွိုင်လိုက်ဆီး စက်တင်ဘာ ၇**

ဂျော်ဂျီယာနိုင်ငံမှ သိပ္ပံပညာရှင်များသည် ရှေးဦးလူတူမျိုးစိတ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်း မေးရိုးကို တူးဖော်တွေ့ရှိထားကြောင်း စက်တင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

အဆိုပါကျောက်ဖြစ်ရုပ်ကြွင်း မေးရိုးသည် သက်တမ်းနှစ်ပေါင်း ၁ ဒသမ ၈ သန်းရှိပြီး ရှေးဦးလူတူမျိုးစိတ်တစ်မျိုး၏ မေးရိုးဖြစ်နိုင်ကြောင်း ဂျော်ဂျီယာသိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါ ရှေးဦးလူတူ ကျောက်ဖြစ်ရုပ်ကြွင်း မေးရိုးကို တီဘီဆီလီမြို့တော် အနောက်တောင်ဘက် ၆၂ မိုင်ခန့်အကွာတွင်ရှိသော အော်ရော့ဇ်မာနီ ရှေးဟောင်းသုတေသနနယ်မြေ၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အော်ရော့ဇ်မာနီနယ်မြေမှာ အရွယ်အစား သေးငယ်သော်လည်း အာဖရိကတိုက်မှထွက်ခွာလာသော ရှေးဦးလူတူများ၏ ရှေးအကျဆုံး ကျောက်ဖြစ်ရုပ်ကြွင်းများ တည်ရှိရာနေရာဖြစ်ကြောင်း သိရသည်။

အဆိုပါနယ်မြေ၌ တူးဖော်တွေ့ရှိရသော သက်တမ်း ၁ ဒသမ ၈ သန်းရှိ အောက်မေးရိုးကျောက်ဖြစ်ရုပ်ကြွင်းကို ယူရေးရှားဒေသ၌ သမိုင်းမတင်မီခေတ် ရှေးဦးလူတူများ နေပုံထိုင်ပုံနှင့်ပတ်သက်၍ သဲလွန်စများ တွေ့ရှိလာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အော်ရော့ဇ်မာနီနယ်မြေသည် နှစ်စဉ်နှစ်တိုင်း ရှေးဦးမတ်ရပ်လူ (Homo erectus)များ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိရတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## သကြားအစားထိုး ဓာတုအချိုဓာတ်စားသုံးသူများ၌ အသက်ရလာချိန် တွေးတောဆင်ခြင်နိုင်မှုကျဆင်းလာတတ်

**ဘရာဇီးလီးယား စက်တင်ဘာ ၇**

သက်လတ်ပိုင်းအရွယ်တွင် သကြားအစားထိုး ဓာတုအချိုဓာတ် အများဆုံးစားသုံးသူများ၌ အသက်ရလာချိန်တွင် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းမှု မြန်ဆန်လာတတ်ကြောင်း စက်တင်ဘာ ၆ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

ဘရာဇီးသုတေသနပညာရှင်များသည် သက်လတ်ပိုင်းအရွယ် လူဦးရေ ၁၃၀၀၀ တို့၏ သကြားအစားထိုးပစ္စည်းစားသုံးမှုပုံစံနှင့် ဦးနှောက်ကျန်းမာရေးအခြေအနေတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရသကြားအစားထိုး ဓာတုပစ္စည်းများစားသုံးမှုနှုန်း အမြင့်ဆုံးသူများသည် အနည်းဆုံးနှုန်းဖြင့် စားသုံးသူများနှင့်နှိုင်းယှဉ်ပါက တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းမှုနှုန်း ၆၂ ရာခိုင်နှုန်း ပိုမြင့်မားသည်ကို တွေ့ရကြောင်း သိရသည်။

အထူးသဖြင့်သကြားအစားထိုး ပစ္စည်းများ စားသုံးမှုနှင့်တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းနှုန်း မြန်ဆန်လာမှုတို့ကြား ဆက်စပ်မှုကို ဆီးချိုရောဂါလူနာများတွင် ပို၍ထင်ထင်ရှားရှားတွေ့ရကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ သက်လတ်ပိုင်းအရွယ်များအနေဖြင့် အသက်ရလာချိန်၌ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းမှုကို လျှော့ချရန်အတွက် သကြားအစားထိုးပစ္စည်းများစားသုံးမှုအဆင့်ကို လျှော့ချသင့်ကြောင်း ဘရာဇီးသုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## ဆေးလိပ်သောက်သုံးပါက ပန်ကရိယကင်ဆာဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**နယူးယောက် စက်တင်ဘာ ၇**

ဆေးလိပ်သောက်သုံးမှုကြောင့် ပန်ကရိယကင်ဆာဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ စက်တင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ပန်ကရိယကင်ဆာဆဲလ်များရှိနေသည့်ကြွက်များကို စီးကရက်တွင် တွေ့ရှိရသည့် အဆိပ်အတောက်ရှိ ဓာတုပစ္စည်းများနှင့် ထိတွေ့စမ်းသပ်ခဲ့သည်။

စမ်းသပ်မှုမှပေါ်ထွက်လာသည့် ရလဒ်များအရ စီးကရက်တွင်ပါဝင်သည့် ဓာတုအဆိပ်အတောက်များကြောင့် ပန်ကရိယကင်ဆာဆဲလ်များ ကြီးထွားလာသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူနာများ၏ ပန်ကရိယ ကင်ဆာဆဲလ်များ အသုံးပြု၍ စမ်းသပ်ခဲ့ပြီးနောက် အထက်ပါရလဒ်ကို ထပ်မံအတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

အထက်ပါ စမ်းသပ်မှုရလဒ်များအရ ဆေးလိပ်သောက်သုံးမှုကြောင့် ပန်ကရိယကင်ဆာရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်မှုကို အတည်ပြုနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

ပန်ကရိယ ကင်ဆာရောဂါ၏ ရောဂါလက္ခဏာများမှာ အခြားရောဂါများ၏ လက္ခဏာများနှင့် ရောထွေးနေမှုကြောင့် ရောဂါကျွမ်းချိန်မှသာ ဖော်ထုတ်အတည်ပြုနိုင်သည့် ကင်ဆာရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# တောင်ပံကစားသမား ဒမ်ဘီလီ တံကောက်ကြော ဒဏ်ရာကြောင့် ခြောက်ပတ်ခန့်အနားယူရမည်

**ပဲရစ် စက်တင်ဘာ ၇**

၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် ပြင်သစ်အသင်းနှင့် ယူကရိန်းအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် တောင်ပံကစားသမား ဒမ်ဘီလီ တံကောက်ကြောဒဏ်ရာ ရရှိခဲ့သောကြောင့် ရက်သတ္တ ခြောက်ပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ တောင်ပံကစားသမား ဒမ်ဘီလီသည် ယူကရိန်းအသင်းနှင့် ပွဲစဉ်တွင် ဒုတိယပိုင်းပွဲကစားချိန်မှ ပါဝင်ကစားခဲ့သော်လည်း ပွဲချိန် ၈၀ မိနစ်အရောက်တွင် တံကောက်ကြောဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သဖြင့် အသင်းဖော်တိုက်စစ်မှူး အီကီတီကီနှင့် လူစားလဲထွက်ခွာခဲ့ရပြီး အသင်းအနေဖြင့် အိုလီဆီ၊ အမ်ဘက်ပီတို့၏ သွင်းဂိုးများဖြင့် နိုင်ပွဲရခဲ့သည်။

ထို့နောက် ဒမ်ဘီလီ၏ ဒဏ်ရာအခြေအနေကို စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ကစားသမားအနေဖြင့် ညာဘက်တံကောက်ကြောဒဏ်ရာ ပြင်းထန်ခဲ့သောကြောင့် အနည်းဆုံး ရက်သတ္တ ခြောက်ပတ်ခန့် အနားယူရနိုင်ကြောင်း ပီအက်စ်ဂျီအသင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဒမ်ဘီလီသည် နိုင်ငံတကာ ပြိုင်ပွဲကာလအပြီးတွင် ကစားရမည့် ချန်ပီယံလိဂ် ပွဲစဉ်များအဖြစ် အတ္တလန်တာအသင်း၊ ဘာစီလိုနာအသင်း၊ လေဗာကူဆင်အသင်း အပါအဝင် အမှတ်ပေးပွဲစဉ်များဖြစ်သည့် မာဆေးအသင်းနှင့် ပွဲစဉ်အများအပြားကို လွဲချော်မည်ဖြစ်သည်။

၎င်းသည် တူးလော့အသင်းနှင့် ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်ကတည်းက ဒဏ်ရာပြဿနာကြောင့် ကြံ့ခိုင်မှုပြည့်ဝခြင်းမရှိသေးသော်လည်း ပြင်သစ်အသင်း နည်းပြက လက်ရွေးစင်အသင်းတွင် ရွေးချယ်ကာ ထည့်သွင်းအသုံးပြုခဲ့သောကြောင့် နည်းပြ အန်းနရစ်ကဒက်ချမ့်ကို ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Espn**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- တောင်ပံကစားသမား ဖိုဒန်၊ ကွင်းလယ်ကစားသမား ပယ်မာ၊ ခံစစ်ကစားသမား ရီကိုလူးဝစ်တို့ကဲ့သို့ ကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ခဲ့သည့် မန်စီးတီးအသင်းအကယ်ဒမီက ဘန်လေအသင်းမှ အသက် ၁၄ နှစ်ရှိ လူငယ်ကစားသမားကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၀၀၀၀၀ ဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ခဲ့သည်။
- နိုင်ဂျီးရီးယားအသင်းက ရဝမ်ဒါအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် အာဖရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် ပွဲကစားချိန် ၃၅ မိနစ်အရောက်၌ ရဝမ်ဒါ ကစားသမား ကလောက်ဒီနှင့် ထိခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် တိုက်စစ်မှူး အိုစီမန်သည် တောင်အာဖရိကအသင်းနှင့် ကစားရမည့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။ **ML**

# အာမေးနီးယားအသင်းကို နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် စီရော်နယ်ဒို ကမ္ဘာ့ဖလားခြေစစ်ပွဲအဆင့်တွင် သွင်းဂိုး ၃၈ ဂိုးထိ သွင်းယူနိုင်ခဲ့

**လစ္စဘွန်း စက်တင်ဘာ ၇**

၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ်ကစားခဲ့သည့် အာမေးနီးယားအသင်းနှင့် ပေါ်တူဂီအသင်းတို့ ပွဲစဉ်တွင် ပေါ်တူဂီအသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး တိုက်စစ်မှူး စီရော်နယ်ဒိုက အသင်းအတွက် ခြေစွမ်းပြသ၍ သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့သောကြောင့် ကမ္ဘာ့ဖလားခြေစစ်ပွဲအဆင့်တွင် သွင်းဂိုး ၃၈ ဂိုးထိသွင်းယူနိုင်သည့် ကစားသမား ဖြစ်လာခဲ့သည်။



တိုက်စစ်မှူး စီရော်နယ်ဒိုသည် ပြီးခဲ့သည့် နေးရှင်းလိဂ်ပြိုင်ပွဲတွင်လည်း အသင်းအတွက် ခြေစွမ်းပြသ၍ သွင်းဂိုး ရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး အသင်းကို ချန်ပီယံဆုဖလားရရှိအောင် ပါဝင်ကူညီနိုင်ခဲ့သကဲ့သို့ ယခုကမ္ဘာ့ဖလားခြေစစ်ပွဲ အဖွင့်ပွဲစဉ်တွင်လည်း အသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူခဲ့ပြီး အသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကိုပါဝင်ကစားနိုင်ရန် စိတ်အားထက်သန်နေကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပေါ်တူဂီအသင်းသည် အဝေးကွင်းသွားရောက်ကစားရသော်လည်း ပွဲစကတည်းက အသာစီးရယူနိုင်ခဲ့သဖြင့် ပွဲကစားချိန် ၁၀ မိနစ်နှင့် ၆၂ မိနစ်တွင် ဂျာအိုဖီးလစ်၊ ပွဲချိန် ၂၁ မိနစ်နှင့် ၄၆ မိနစ်တွင် စီရော်နယ်ဒို၊ ပွဲချိန် ၃၂ မိနစ်တွင် ကန်ဆယ်လိုတို့၏ သွင်းဂိုးများဖြင့် အဘက်ဘက်က အသာစီးရယူနိုင်ခဲ့ပြီး အမှတ်ပေးဇယားကိုဦးဆောင်နိုင်ခဲ့သည့်အပြင် ခြေစစ်ပွဲအဆင့်တွင် သွင်းဂိုး ၃၆ ဂိုး သွင်းယူထားသည့် မက်ဆီထက် သွင်းဂိုး နှစ်ဂိုးအသာဖြင့် ဒုတိယမြောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

တိုက်စစ်မှူး စီရော်နယ်ဒိုအနေဖြင့် ယင်းပွဲစဉ်တွင် ဟက်ထရစ်ဂိုး ရရှိနိုင်မည့် အခွင့်အရေးရခဲ့သော်လည်း ပွဲကစားချိန် ၅၇ မိနစ်တွင် နည်းပြ မာတီနက်ဇ်က လူငယ်ကစားသမား ဂွန်ကာလိုရာမို့စ်နှင့် လူစားလဲ အနားပေးခဲ့သဖြင့် ဟက်ထရစ်ဂိုး ရယူနိုင်ခြင်းမရှိသော်လည်း နိုင်ငံတကာပြိုင်ပွဲများတွင် အသင်းနှင့်အတူ ပြိုင်ပွဲစုံ သွင်းဂိုး ၁၄၀ ထိ သွင်းယူနိုင်ခဲ့သည့် မှတ်တမ်းကောင်းကို ရရှိခဲ့ကာ သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ဆက်လက်ဦးဆောင်နေကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# အာဆင်နယ်ခံစစ်ကစားသမား ဆာလီဘာ ခြေချင်းဝတ်ဒဏ်ရာကြောင့် သုံးပတ်ခန့်အနားယူရမည်

**လန်ဒန် စက်တင်ဘာ ၇**

နိုင်ငံတကာ ပြိုင်ပွဲကာလ မတိုင်မီကစားခဲ့သည့် လီဗာပူး အသင်းနှင့် အာဆင်နယ်အသင်းတို့၏ ပရီးမီးယားလိဂ်ပွဲစဉ်တွင် လီဗာပူးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အဆိုပါပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့သည့် ဆာလီဘာသည်ရက်သတ္တသုံးပတ်ခန့်အနားယူရမည် ဖြစ်ကြောင်း အာဆင်နယ်အသင်းက အတည်ပြုခဲ့သည်။

အသက် ၂၄ နှစ်ရှိ ဆာလီဘာသည် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့သော်လည်း ပွဲအစ ငါးမိနစ်အကြာတွင် ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့သဖြင့် အသင်းဖော်ကစားသမား မို့က်ွီရာနှင့် လူစားလဲခဲ့ရပြီးနောက် ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ရက်သတ္တသုံးပတ် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ကစားသမားအနေဖြင့် နိုင်ငံတကာပြိုင်ပွဲကာလအတွင်း ပြင်သစ်အသင်းတွင် ပါဝင်နိုင်ခြင်းမရှိခဲ့ဘဲ ခြေစစ်ပွဲစဉ်များကို လွဲချော်ခဲ့ရပြီး ပြင်သစ်နည်းပြ ဒက်ချမ့်က ၎င်းနေရာတွင် ပါဗက်နှင့်အစားထိုးခဲ့သော်လည်း လာမည့် အောက်တိုဘာလတွင် ကစားရမည့် ခြေစစ်ပွဲစဉ်များတွင် ပါဝင်ကစားနိုင်ရန် မျှော်လင့်ထားသည်။

အာဆင်နယ်အသင်း နည်းပြ အာတီတာအနေဖြင့်လည်း ယခုလအတွင်းကစားရမည့် နော်တင်ဟမ်အသင်း၊ မန်စီးတီးအသင်းတို့နှင့် အမှတ်ပေးပွဲစဉ်များတွင် ဆာလီဘာကို လက်လွှတ်ရမည်ဖြစ်၍ ခံစစ်ပိုင်းပြဿနာကို ဖြေရှင်းနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**Ref : Onefootball**
**Trs : ML**

# မန်ယူအသင်းကပေးအပ်သည့် ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို အမ်ဘူမိုဆွတ်ခူး

**မန်ချက်စတာ စက်တင်ဘာ ၇**

မန်ယူအသင်းက ပေးအပ်သည့် ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို တိုက်စစ်ကစားသမား အမ်ဘူမိုက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းက တစ်လတာ အကောင်းဆုံးကစားသမားဆုကို တစ်လအတွင်း ခြေစွမ်းပြသနိုင်ခဲ့ကြသည့် ကစားသမားများမှ သုံးဦးကို ဆန်ခါတင်စာရင်း ရွေးချယ်ပြီး ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူကာ ရွေးချယ်ပေးအပ်ခြင်းဖြစ်ပြီး အမ်ဘူမိုက အသင်းဖော်များကိုကျော်ဖြတ်ကာ



ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အမ်ဘူမိုသည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဘရန့်ဖို့ဒ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီအစပိုင်း၌ပင် ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

အမ်ဘူမိုသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်း ဘယ်တောင်ပံတိုက်စစ်နေရာတွင် အဓိကကစားသမားအဖြစ် ပါဝင်ခဲ့ပြီး အာဆင်နယ်အသင်း၊ ဖူလ်ဟမ်အသင်းနှင့် ဘန်လေအသင်းတို့ ပွဲစဉ်များတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ ပထမဆုံးလတွင် အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# ဘာစီလိုနာအသင်းက အငှားစာချုပ်ဖြင့်ခေါ်ယူထားသည့် ရက်ရှ်ဖို့ဒ်ကို ရာသီအကုန်တွင် မန်ယူအသင်းထံပြန်လည်စေလွှတ်ရန် ဆုံးဖြတ်




**ဘာစီလိုနာ စက်တင်ဘာ ၇**

ဘာစီလိုနာအသင်းသည် လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းထံမှ တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် တောင်ပံကစားသမား ရက်ရှ်ဖို့ဒ်ကို အပြီးသတ်ခေါ်ယူမည်မဟုတ်ဘဲ ရာသီအကုန်တွင် မန်ယူအသင်းထံ ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်ထားသည်။

ဘာစီလိုနာ အသင်းသည် ယခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ ဘာစီလိုနာအသင်းသို့ ကနဦးတစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး ရာသီအကုန်တွင် စတာလင်ပေါင်သန်း ၃၀ ဖြင့် အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူနိုင်မည်ဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် ရာသီစစတင်မီ ရာသီကြို ခြေစမ်းပွဲစဉ်များတွင် ပါဝင်ကစားခွင့် ရရှိခဲ့သော်လည်း ရာသီစတင်ချိန်တွင် ကြံ့ခိုင်မှုပိုင်း လိုအပ်ချက်များကြောင့် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရပြီး ၎င်း၏ခြေစွမ်းပိုင်းကို ဘာစီလိုနာအသင်းနည်းပြ ဟန်ဆီဖလစ် ကိုယ်တိုင်က သဘောကျခြင်း မရှိသည့်အတွက် အပြီးသတ်စာချုပ် ချုပ်ဆိုမည် မဟုတ်ဘဲ ရာသီအကုန်တွင် မန်ယူအသင်းထံ ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်းအနေဖြင့် ရက်ရှ်ဖို့ဒ်ကို အပြီးသတ်စာချုပ် ချုပ်ဆိုမည်မဟုတ်ဘဲ မန်ယူအသင်းထံ ပြန်လည်စေလွှတ်မည်ဆိုပါက စာချုပ်ပါအချက်အလက်များအတိုင်း လျော်ကြေးငွေစတာလင်ပေါင် ငါးသန်း ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# စင်ကာပူအသင်းနှင့်ကစားမည့် နိုင်ငံတကာခြေစမ်းပွဲစဉ်အတွက် မြန်မာ့လက်ရွေးစင်အသင်း ကစားသမားစာရင်းထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၇**

ယခုလအတွင်း ကစားမည့် နိုင်ငံတကာခြေစမ်းပွဲစဉ်အတွက် မြန်မာ့လက်ရွေးစင် အသင်း ကစားသမားစာရင်းကို နည်းပြ ဦးမျိုးလှိုင်ဝင်းက ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် အာရှဖလားခြေစစ်ပွဲ အုပ်စုလက်ကျန် ပွဲစဉ်များအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် စင်ကာပူအသင်းနှင့် တံခါးပိတ် ခြေစမ်းပွဲစဉ် ကစားသွားမည်ဖြစ်သည်။

နည်းပြဦးမျိုးလှိုင်ဝင်း ရွေးချယ်ခဲ့သည့် မြန်မာ့လက်ရွေးစင် အသင်း ကစားသမားစာရင်းတွင် ဇင်ညီညီအောင်၊ ဆန်းဆက်နိုင်၊ နေလင်းထက်၊ ဟိန်းဖြိုးဝင်း၊ အောင်ဂဏ္ဍာစိုး၊ သီဟထက်အောင်၊ ဖွဲ့ခန့်မင်း၊ ဟိန်းဇေယျာလင်း၊ စိုးမိုးကျော်၊ သက်ဟိန်းစိုး၊ နန္ဒကျော်၊ ဝေလင်းအောင်၊ ရန်နိုင်ဦး၊ ငြိမ်းချမ်းအောင်၊ လွင်မိုးအောင်၊ ကျော်မင်းဦး၊ သီဟဇော်၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်၊ ရဲရင့်အောင်၊ ဝင်းနိုင်ထွန်း၊ သန်းပိုင်နှင့် ရန်ကျော်ထွေးတို့ ပါဝင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် အသင်းနှင့် စင်ကာပူအသင်းတို့သည် နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၉ ရက်တွင် ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# Aramco Houston Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို စပိန်ဂေါက်သီးရိုက်မယ်စီဂန်ဒါ ဦးဆောင်

**တက္ကဆက် စက်တင်ဘာ ၇**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပနေသည့် Aramco Houston Championshipဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် စပိန်ဂေါက်သီးရိုက်မယ် စီဂန်ဒါက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



စပိန် ဂေါက်သီးရိုက်မယ်တစ်ဦးပင်ဖြစ်သည့် နူရီယာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ထားနိုင်ပြီး အင်္ဂလန် ဂေါက်သီးရိုက်မယ် ချော့ဒက်စ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ထားနိုင်ခဲ့သည်။

အမှတ်ပေးဇယားအား ဦးဆောင်နေသည့် စီဂန်ဒါသည် Ladies European Tour တွင် ချန်ပီယံဆုဖလား ရှစ်ကြိမ်ထိ ရရှိထားသူဖြစ်သလို Aramco Houston Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုအား ဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် ပြိုင်ပွဲဝင်ဖြစ်သည်။

စီဂန်ဒါသည် ပထမနေ့က ရလဒ်ထက် ဒုတိယနေ့ရလဒ်က ပိုမိုကောင်းမွန်ခဲ့ပြီး ဒုတိယနေ့ ကျင်းနံပါတ်(၁၀)တွင် Birdie ရိုက်ချက်ရရှိခဲ့သလို ကျင်းနံပါတ်(၁၃) နှင့် ကျင်းနံပါတ်(၁၄)တို့တွင်လည်း နှစ်ကျင်းဆက်တိုက် Birdie ရိုက်ချက်ရရှိခဲ့ပြီး ကျင်းနံပါတ်(၁၆)တွင် Birdie ရိုက်ချက် ပြန်လည်ရရှိခဲ့ပြီး နောက်ဆုံးကျင်းထိ Birdie ရရှိအောင် ကစားနိုင်ခဲ့သည်။

စီဂန်ဒါက“ဒုတိယနေ့စွမ်းဆောင်ရည်ဟာ Solid ဖြစ်ခဲ့ပါတယ်။ Birdieရိုက်ချက်တွေလဲ ဆက်တိုက်ရခဲ့တယ်။ ဒုတိယနေ့ တစ်ရက်တည်းမှာ သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက် လျော့ရိုက်နိုင်ခဲ့တယ်ဆိုတာ တော်တော်လေးကို ကောင်းတဲ့ရလဒ်လို့ သတ်မှတ်ရမယ်။ နောက်နေ့တွေမှာလဲ ဒီလို စွမ်းဆောင်ရည်မျိုးနဲ့ ဆက်လက်ယှဉ်ပြိုင်နိုင်မယ်လို့ ယုံကြည်ပါတယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာ ဆွတ်ခူး

**နယူးယောက် စက်တင်ဘာ ၇**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပခဲ့သည့် US Open အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် အမေရိကန်တင်းနစ်မယ် အန်နီစီမိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၆-၃၊၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။


ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ် ဆာဘာလင်ကာသည် US Open တင်းနစ်ပြိုင်ပွဲအား လက်ရှိချန်ပီယံတစ်ဦး အနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သူဖြစ်ပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည့် တင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဂရန်းစလန်း ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့်လည်း ဆာဘာလင်ကာအနေဖြင့် ယခုနှစ် တင်းနစ်ရာသီကို ကမ္ဘာ့အဆင့်(၁) နေရာဖြင့် အဆုံးသတ်ခွင့်ရရှိရန်လည်း အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့ပြီဖြစ်သည်။

အန်နီစီမိုဗာသည် ဆီမီးဖိုင်နယ်အဆင့်တွင် နာမည်ကြီးတင်းနစ်မယ်အိုဆာကာအားအနိုင်ကစားခဲ့ပြီး ဗိုလ်လုပွဲစဉ်သို့ တက်ရောက်လာခဲ့သူဖြစ်ပြီး ဆာဘာလင်ကာကိုလည်း အကောင်းဆုံး ဖိအားပေးနိုင်မည်ဟု ထင်ကြေးပေး ခံထားရသူဖြစ်သော်လည်း ပထမပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယပွဲငယ်တွင် နောက်မှလိုက်ကစားကာ အနိုင်ရရှိရေးအတွက် အကောင်းဆုံးကြိုးစားကစားသွားခဲ့၍ tie-break အဆင့်အထိ ကစားနိုင်ခဲ့ပြီးမှ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဆာဘာလင်ကာက “လက်ရှိချန်ပီယံကို ကာကွယ်နိုင်ပါ့မလားဆိုပြီးတော့ စိတ်ထဲမှာ သံသယတော့ဝင်နေခဲ့ပါတယ်။ ဒါပေမဲ့လဲ ပွဲမတိုင်မီ အသက်ဝအောင်ရှူပြီးတော့ စိတ်အေးအေးနဲ့ ယှဉ်ပြိုင်ကစားဖို့ကိုယ့်ကိုယ်ကိုယ် အားပေးခဲ့တယ်။ ပြီးခဲ့တဲ့နှစ်တုန်းကလဲ ဗိုလ်လုပွဲမှာ နိုင်အောင်ကစားနိုင်ခဲ့တာပဲ ဒီနှစ်လဲငါလုပ်နိုင်မှာပါ ဆိုတဲ့စိတ်နဲ့ ယှဉ်ပြိုင်ကစားခဲ့တာပါ” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL



# ဘာစီလိုနာအသင်းက ခံစစ်ကစားသမား အဲရစ်ဂါစီယာကို သက်တမ်းတိုးနိုင်ရန်စီစဉ်

**ဘာစီလိုနာ စက်တင်ဘာ ၇**

ဘာစီလိုနာ အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းတွင် ခြေစွမ်းပြသနိုင်ခဲ့သည့် အသက် ၂၄ နှစ်ရှိ ခံစစ်ကစားသမား အဲရစ်ဂါစီယာကို ဆိုင်းမြှောက်လိုသည့်အတွက် ကာလရှည် စာချုပ်သက်တမ်းတိုးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဘာစီလိုနာအသင်း အနေဖြင့် အဲရစ်ဂါစီယာကို စာချုပ်သစ် ချုပ်ဆိုနိုင်ရန် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီ ကုန်ဆုံးချိန်ကတည်းက ပြင်ဆင်ခဲ့သော်လည်း အသင်း၏ ဘဏ္ဍာရေးအကျပ်အတည်းကြောင့်သက်တမ်းတိုးရန် ကြန့်ကြာခဲ့ရပြီးနောက် ယခုအခါ ကစားသမားကို ငါးနှစ်စာချုပ်ဖြင့် သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့သည်။

၎င်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက နည်းပြသစ်ဖလစ်လက်အောက်တွင် ခွန်ဒီ ဒဏ်ရာရရှိချိန်၌ အသင်းတောင်ပံခံစစ်ပိုင်းကို ပါဝင်ကစားပေးခဲ့သည့်အပြင် ကွင်းလယ်ခံစစ်ပိုင်းတွင်လည်း ပါဝင်၍ခြေစွမ်းပြသနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၄၅ ပွဲတွင် သွင်းဂိုး ငါးဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည်။

အဲရစ်ဂါစီယာသည် အသင်းနှင့်အတူ စပိန်လာလီဂါဖလား၊ ကိုပါဒယ်ရေးဖလား၊ စူပါဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း အသင်းကို ဆီမီးဖိုင်နယ်ထိရောက်ရှိအောင် ပို့ဆောင်၍ ဆီမီးဖိုင်နယ်တွင် အသင်းအတွက် ဂိုးများသွင်းယူပေးနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အမှတ်ပေးပြိုင်ပွဲ သုံးပွဲစလုံး၌ အရန်ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရခဲ့ကြောင်း သိရသည်။

Ref : Goal.com
Trs : ML

# စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ (၁)

မဲဆန္ဒရှင်တစ်ဦး

နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄ တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်ဟု ညွှန်းဆိုထားသည်။ နိုင်ငံသားတို့က အချုပ်အခြာအာဏာကိုကျင့်သုံးရန် ရွေးကောက်ပွဲ နည်းလမ်းမှတစ်ပါး အခြားမရှိ။ ပြည်သူများက မိမိတို့ကိုကိုယ်စားပြုရမည့် ကိုယ်စားလှယ်များကို ရွေးကောက်ပွဲတွင် ဆန္ဒမဲပေး၍ ရွေးချယ်ရသည်။ ရွေးချယ်ခံရသည့် ကိုယ်စားလှယ်များက ပြည်သူ့ ထံမှဆင်းသက်လာသည့် အချုပ်အခြာအာဏာအရပ်ရပ်ကို ပြည်သူများကိုယ်စား ကျင့်သုံးဖော်ဆောင်ခြင်းဖြစ်သည်။ ထို့အတွက် ပြည်သူတို့က ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးသင့်သည်။

**ဒီမိုကရေစီရွေးကောက်ပွဲ**

ဒီမိုကရေစီရွေးကောက်ပွဲဆိုသည်မှာ အထွေထွေရွေးကောက်ပွဲတစ်ခုတွင် ဝင်ရောက် ယှဉ်ပြိုင်ကြသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် မဲဆန္ဒရှင် ပြည်သူလူထု၏ ထောက်ခံဆန္ဒမဲများကို သက်ဆိုင်ရာ လွှတ်တော်အသီးသီး၏ ကိုယ်စားလှယ်နေရာများအဖြစ်သို့ ပြောင်းလဲပေးလိုက်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်သူလူထု၏ ကိုယ်စားပြုမှုကို ဖော်ဆောင်ပေးလိုက်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကျင့်သုံးသည့်နိုင်ငံများသည် မိမိနိုင်ငံသမိုင်းကြောင်း၊ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံရေးဖြစ်ထွန်းမှု စသည့်အချက်များပေါ် မူတည်၍ ရွေးကောက်တင်မြှောက်ပုံစနစ်များကို ရေးဆွဲကျင့်သုံးရသည်။ ယင်းသို့ ကျင့်သုံးလိုက်သည့် ရွေးကောက်ပွဲစနစ်များသည် နိုင်ငံ့အနာဂတ်အတွက်ရေတို သို့မဟုတ် ရေရှည် အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းမှုအပေါ်တွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သက်ရောက်လျက် ရှိနေမည်ဖြစ်သည်။

**ရွေးကောက်ပွဲအခြေခံသဘောတရားများ**

ရွေးကောက်ပွဲတွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ သမာသမတ်ကျခြင်း၊ အများယုံကြည်လက်ခံခြင်း၊ တာဝန်ယူမှုရှိခြင်း၊ လူထုကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ခြင်း၊ အားလုံးပါဝင်နိုင်ခြင်း၊ ရွေးကောက်ပွဲစီမံခန့်ခွဲမှု အားကောင်းခြင်း၊ ပြဋ္ဌာန်းဥပဒေများနှင့် ညီညွတ်ခြင်းတို့သည် အများကလက်ခံထားသည့် အခြေခံသဘောတရားများဖြစ်သည်။

မည်သည့်ဒီမိုကရေစီအုပ်ချုပ်ရေးအတွက်မဆို ရွေးကောက်ပွဲစနစ်ရွေးချယ်မှုသည် အရေးကြီး သောဥပဒေရေးရာ မူဘောင်တစ်ရပ်ဖြစ်သည်။ ရွေးချယ်လိုက်သည့် ရွေးကောက်ပွဲစနစ်တစ်ခုသည် နိုင်ငံ့အနာဂတ်နှင့် နိုင်ငံရေးပုံရိပ်တို့အပေါ်တွင် နက်ရှိုင်းစွာ အကျိုးသက်ရောက်မည်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲများသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အလွန်အရေးကြီးသည်။

အချို့ရွေးကောက်ပွဲစနစ်များက တစ်ပါတီတည်းကြီးစိုးသည့်အခြေအနေကို ပေါ်ပေါက်စေသည်။ အချို့ရွေးကောက်ပွဲစနစ်များက ညွန့်ပေါင်းအစိုးရတစ်ရပ်ရပ်ကို ဦးတည်စေသည်။ အချို့ ရွေးကောက်ပွဲစနစ်များက မဲဆန္ဒရှင်တို့၏ ကိုယ်စားပြုမှုကို အချိုးကျဖော်ဆောင်ပေးနိုင်ပြီး အချို့ရွေးကောက်ပွဲစနစ်များတွင် မဲသာသူက အနိုင်ရသဖြင့် ကျန်မဲဆန္ဒရှင်များအတွက် ကိုယ်စားပြုမှု ဆုံးရှုံးနစ်နာရကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် မိမိနိုင်ငံ၊ မိမိပြည်သူနှင့် သင့်လျော်သော ရွေးကောက်ပွဲစနစ်များကို ရွေးချယ်၍လည်းကောင်း၊ တီထွင်ဖန်တီး၍လည်းကောင်း၊ ရွေးကောက်ပွဲစနစ် တစ်ခုမှတစ်ခုသို့ ပြောင်းလဲ၍လည်းကောင်း ရေးဆွဲကျင့်သုံးကြရသည်။ ထိုသို့ဆောင်ရွက်ရာတွင် အတိတ်နှင့် ပစ္စုပ္ပန်ကို သုံးသပ်ပြီး အနာဂတ်ဖြစ်နိုင်ခြေများကိုလည်း ကြိုတင်မျှော်တွေး၍ ဆောင်ရွက်ရသည်။

**အခြေခံရွေးကောက်ပွဲစနစ်များ**

ရွေးကောက်ပွဲစနစ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ အဆိုအရ နိုင်ငံအများစုတွင် ကျင့်သုံးနေသောအဓိက ရွေးကောက်ပွဲစနစ်အုပ်စု သုံးအုပ်စုရှိသည်ဟု ဆိုသည်။ ဗဟု အများစုကိုယ်စားပြုစနစ်များအုပ်စုတွင် မဲအများဆုံးရသူ အနိုင်ရစနစ် (First Past The Post – FPTP)၊ နှစ်ကျော့ပြန်စနစ် (Two Round System – TRS)၊ ကြိုက်နှစ်သက်မှု ဦးစားပေးစနစ် (Alternative Vote – AV)၊ ကိုယ်စားလှယ်ဗဟိုပြုစနစ် (Block Vote – BV)၊ ပါတီဗဟိုပြုစနစ် (Party Block Vote – PBV) တို့ ပါဝင်သည်။ အချိုးကျကိုယ်စားပြုစနစ်များအုပ်စုတွင် စာရင်းအလိုက် အချိုးကျကိုယ်စားပြုစနစ် (List Proportional Representa–tion – List PR) နှင့် လွှဲပြောင်း၍ရသော တစ်မဲတည်းမဲပေးစနစ် (Single Transferable Vote – STV) တို့ ပါဝင်ပါသည်။ ပေါင်းစပ်ထားသည့်စနစ်များအုပ်စုတွင် အပြိုင်စနစ် (Parallel System) နှင့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional – MMP) တို့ ပါဝင်သည်။ အသုံးနည်းသည့် တွက်ချက်မှုရှုပ်ထွေးသောစနစ်အချို့လည်းရှိသည်ဟု ဆိုသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံတွင် ဗဟုအများစုကိုယ်စားပြုစနစ် ၇၄ နိုင်ငံ၊ အချိုးကျကိုယ်စားပြုစနစ် ၇၈ နိုင်ငံ၊ စနစ်နှစ်မျိုး ရောနှောထားသော ပေါင်းစပ်ထားသည့်စနစ်များ ကျင့်သုံးသည့် နိုင်ငံ ၃၃ နိုင်ငံနှင့် အခြားစနစ်ကျင့်သုံးသည့်နိုင်ငံ ရှစ်နိုင်ငံရှိကြောင်း သိရသည်။

**❖ မဲပေးစက်အသုံးပြု ခြင်းဖြင့် ပယ်မဲမရှိခြင်း၊ ရိုးရှင်းလွယ်ကူစွာ မဲပေးနိုင်ခြင်း၊ မဲဆန္ဒရှင်က မိမိမဲပေးထားချက်ကို မျက်မြင်စစ်ဆေးကြည့်ရှုနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ လွယ်ကူမှန်ကန်မြန်ဆန်ခြင်း၊ မဲရလဒ်များ မိနစ်ပိုင်းအတွင်း ထုတ်ယူနိုင်ခြင်း၊ အပြန်အလှန်စစ်ဆေးနိုင် ခြင်း၊ MEVM စက်တွင် ပြင်ပမှချိတ်ဆက်ဆောင်ရွက်နိုင်သည့် USB Port များ မပါဝင်ခြင်း၊ Wifi၊ Bluetooth ကဲ့သို့သော ကြိုးမဲ့စနစ်နှင့် အင်တာနက် ကွန်ရက်ချိတ်ဆက်နိုင်သည့်စနစ်များမပါဝင်ခြင်းတို့ကြောင့် ပြင်ပမှဝင်ရောက်နှောင့်ယှက်၍မရဘဲ လုံခြုံမှုရှိခြင်း၊ မဲမသမာမှုလုပ်၍မရခြင်း၊ ရာနှုန်းပြည့်ယုံကြည်စိတ်ချရခြင်း၊ ရွေးကောက်ပွဲအစဉ်အဆက် အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ ❖**

**ရွေးကောက်ပွဲစနစ်အတွက် လိုအပ်ချက်များ**

ရွေးကောက်ပွဲစနစ်တစ်ရပ် ဖော်ဆောင်ခြင်းနှင့် စနစ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲကျင့်သုံးခြင်း ဆောင်ရွက်ရာတွင် အခြေခံဥပဒေနှင့်ညီညွတ်ခြင်း၊ မျှတသောကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ခြင်း၊ ရိုးရှင်းလွယ်ကူစွာ မဲပေးနိုင်ခြင်း၊ တန်းတူပါဝင်ယှဉ်ပြိုင်နိုင်ခွင့်ရှိခြင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များက မဲဆန္ဒရှင်ကို တာဝန်ခံခြင်း၊ မတူကွဲပြားမှုများကို စုစည်းနိုင်ပြီး တူညီသောညီညွတ်မှုကို ဖော်ဆောင်နိုင်ခြင်း၊ တည်ငြိမ်သော အစိုးရတစ်ရပ်ကို ဖြစ်ပေါ်စေခြင်း၊ နိုင်ငံရေးပါတီငယ်များနှင့် တိုင်းရင်းသားလူမျိုးစုများကိုအားပေးခြင်း၊ နိုင်ငံတကာစံသတ်မှတ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ် တည်ငြိမ်ပြီး ရေရှည်တည်တံ့စေခြင်း၊ တည်ငြိမ်သော နိုင်ငံရေးပုံရိပ်ကောင်းကို ဖြစ်ထွန်းစေခြင်း၊ အမျိုးသားအကျိုးစီးပွားကို ရေရှည်ဖော်ဆောင်နိုင်ခြင်းနှင့် ဒီမိုကရေစီ၏အနှစ်သာရဖြစ်သော ဗဟုနိုင်ငံရေး (Multipolitic) ကို မြှင့်တင်ပေးနိုင်ခြင်းစသည်တို့အပေါ်တွင် အခြေခံပြီး စဉ်းစားသုံးသပ် ဆောင်ရွက်ခြင်းဖြစ်သည်။

**ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးခြင်း**

မြန်မာနိုင်ငံတွင် ယခင်က ရွေးကောက်ပွဲများကို မဲအများဆုံးရသူအနိုင်ရစနစ် FPTP ဖြင့် ကျင်းပခဲ့သည်။ ယခင်ကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲစနစ်၏ အားနည်းချက်၊ အားသာချက်၊ နိုင်ငံသားတို့၏ အကျိုးစီးပွားလိုအပ်ချက်၊ ရွေးကောက်ပွဲမှပေါ်ပေါက်ခဲ့သည့် နိုင်ငံရေးအကျိုးဆက်၊ အနာဂတ် နိုင်ငံ့အကျိုးစီးပွား မျှော်မှန်းချက်တို့အပေါ် မူတည်၍ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန် လိုအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၉-၇-၂၀၂၅ ရက်စွဲဖြင့် ပြဋ္ဌာန်းလိုက်သည့် လွှတ်တော် ရွေးကောက်ပွဲဥပဒေများကို ဆင့်မအကြိမ် ပြင်ဆင်သည့် ဥပဒေတွင် လာမည့်ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲစနစ်သစ် ပါဝင်ကြောင်း ထင်သာမြင်သာတွေ့ရှိရသည်။ ပြည်သူ့လွှတ်တော်အတွက် ယခင်အတိုင်း FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ အတွက် FPTP စနစ်အပြင် PR စနစ်လည်း ပါဝင်သည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP) ကျင့်သုံးရန် ပြဋ္ဌာန်းထားသည်။ ရွေးကောက်ပွဲ၏အကျိုးကျေးဇူးဖြစ်သော FPTP စနစ်၏ အားသာချက်နှင့် PR စနစ်၏ ကောင်းကျိုးများရရှိစေရန်၊ တိုင်းရင်းသားလူမျိုးစုများအတွက် ပေါင်းစည်းခြင်း၊ ကိုယ်စားပြုခြင်းနှင့်မျှတခြင်း အခွင့်အလမ်းများကို မြှင့်တင်ပေးရန် ရည်ရွယ်ထားကြောင်း ရှင်းလင်းစွာ တွေ့ရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်များစာရင်းကို ၁၅-၈-၂၀၂၅ ရက်တွင် သတ်မှတ်ကြေညာခဲ့သည်။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲအတွက် FPTP မဲဆန္ဒနယ် ၃၃၀ နယ်၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲအတွက် FPTP မဲဆန္ဒနယ် ၈၄ နယ်နှင့် PR မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအတွက် FPTP မဲဆန္ဒနယ် ၃၂၂ နယ်နှင့် PR မဲဆန္ဒနယ် ၄၂ နယ်၊ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်၊ မဲဆန္ဒနယ် စုစုပေါင်း ၈၃၃ နယ်ဖြစ်သည်။ FPTP မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ် တစ်ဦးစီ ရွေးကောက်တင်မြှောက်ရမည်။ PR မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ် နှစ်ဦးနှင့်အထက် ရွေးကောက်တင်မြှောက်ရမည်ဖြစ်သည်။

**MMP စနစ်ဆိုသည်မှာ**

MMP စနစ်ဆိုသည်မှာ ရောနှောထားသည့်စနစ်များအုပ်စုတွင် ပါဝင်သည့်စနစ်တစ်မျိုး ဖြစ်သည်။ မတူညီသည့် ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ကျင့်သုံးခြင်းဖြစ်သည်။ သာမန်အားဖြင့် ဗဟုအများစုကိုယ်စားပြုစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သည်။ အဓိကအားဖြင့် FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ပြီး မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် ခွဲခြား၍ ကျင့်သုံးခြင်းဖြစ်သည်။ ပထမနည်း – မဲဆန္ဒရှင်က FPTP အတွက် မိမိနှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို မဲတစ်ကြိမ်၊ PR အတွက် နှစ်သက်ရာ ပါတီကို မဲတစ်ကြိမ်၊ မဲနှစ်ကြိမ်ပေးသည့် စနစ်လည်းရှိသည်။ ဒုတိယနည်း – နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို မဲတစ်ကြိမ်သာပေးရပြီး ကိုယ်စားလှယ်လောင်း ရရှိသည့်မဲက ယင်းကိုယ်စားပြုသည့်ပါတီက ရသည့်မဲအဖြစ် FPTP အတွက်ရော PR အတွက်ပါ တွက်ယူသည့်စနစ်လည်း ရှိသည်။

လာမည့်ရွေးကောက်ပွဲအတွက် MMP စနစ်ကို ဒုတိယနည်းဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ဤနည်းလမ်းအရ မဲဆန္ဒရှင်က ယခင်ရွေးကောက်ပွဲများအတိုင်း မဲတစ်ကြိမ်သာ ပေးရမည်။ မဲတစ်ကြိမ်ပေးရုံဖြင့် FPTP ကိုယ်စားလှယ်ရော PR ကိုယ်စားလှယ်များကိုပါ တစ်ပေါင်းတစ်စည်းတည်း ရွေးကောက်တင်မြှောက်နိုင်မည်ဖြစ်သည်။ ရိုးရှင်းသည်။ လွယ်ကူသည်။ ရှုပ်ထွေးမှု မရှိပါ။ အခက်အခဲလည်းမရှိပါ။ နိုင်ငံရေးပါတီများက FPTP မဲဆန္ဒနယ်အတွက်ရော PR မဲဆန္ဒနယ် အတွက်ကိုပါ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရန်ဖြစ်သည်။ ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များအား MMP စနစ်ဖြင့် ပေါင်းစည်းတွက်ချက်ခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်မည်ဖြစ်သဖြင့် အမှားအယွင်းမရှိနိုင်ပါ။ ပါတီများကရသည့် ခိုင်လုံမဲအချိုးအစားအတိုင်း ကိုယ်စားလှယ်များ ရွေးကောက်ခံရမည်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့ ➤

á **စာမျက်နှာ ၁၀ မှအဆက်**

MMP စနစ်အရ FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သဖြင့် စနစ်နှစ်မျိုးစလုံး၏ အားသာချက်နှင့် ကောင်းကျိုးများကို ရရှိမည်ဖြစ်သည်။ FPTP စနစ်အရ ကိုယ်စားလှယ် အချိုးမညီမျှမှုကို PR စနစ်ဖြင့် အချိုးကျ မျှတအောင် ဖြည့်ဆည်းပေးနိုင်သည်။ FPTP မဲဆန္ဒနယ်တွင် ကိုယ်စားလှယ်နေရာ မရခဲ့ပါကလည်း ပါတီကရသည့် အချိုးကျမဲအရ PR မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ် ရရှိနိုင်သည့် စနစ်ဖြစ်သည်။ မဲဆန္ဒရှင်များက နှစ်သက်ရာကိုယ်စားလှယ်လောင်းနှင့် ပါတီကို စိတ်ကြိုက်ရွေးချယ်နိုင်သည့် အခွင့်အလမ်းရှိသည်။ အဓိကအားဖြင့် တိုင်းရင်းသား လူမျိုးစုပါတီများအတွက် ဒေသအလိုက် ကိုယ်စားပြုမှု ပိုမိုရရှိလာမည်ဖြစ်သည်။ လူထုအလွှာအသီးသီးကို ကိုယ်စားပြုသော ပါတီငယ်များအတွက်လည်း ကိုယ်စားလှယ်နေရာများ ပိုမိုရရှိလာမည်ဖြစ်သည်။ လွှတ်တော်တွင် ပါတီစုံဖြင့် ကိုယ်စားပြုမှုစနစ် ပိုမိုမြင့်မားလာမည်ဖြစ်သည်။ လွှတ်တော်တွင်း ယခင်သက်တမ်းကတိမ်းစောင်းခဲ့သည့် အပြန်အလှန် ထိန်းကျောင်းမှုယန္တရားကို ပြန်လည်တည့်မတ် ပေးနိုင်မည်ဖြစ်သည်။ ပါတီကြီးတစ်ခုတည်းက လွှမ်းမိုးသော နိုင်ငံရေးယဉ်ကျေးမှုပုံစံမှ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သော Multiparty ပါတီစုံပုံစံ ပိုမိုပေါ်လွင်လာမည်ဖြစ်သည်။

**ရွေးကောက်ပွဲစနစ်၊ မဲဆန္ဒနယ်နှင့် ကိုယ်စားပြုခြင်း**

နိုင်ငံအလိုက် ရွေးကောက်ပွဲစနစ် တစ်မျိုးတည်းကို ကျင့်သုံးခြင်း၊ လွှတ်တော်တစ်ရပ်လျှင် ရွေးကောက်ပွဲစနစ် တစ်မျိုးစီ ခွဲခြားကျင့်သုံးခြင်း၊ လွှတ်တော်တစ်ရပ်တည်းတွင် ကိုယ်စားလှယ် အရေအတွက် ခွဲခြားသတ်မှတ်၍ ရွေးကောက်ပွဲစနစ်နှစ်မျိုး ပူးတွဲကျင့်သုံးခြင်းတို့ကို မိမိနိုင်ငံ အခြေအနေနှင့် လိုက်လျောညီထွေစွာ ရွေးချယ်ကျင့်သုံးကြောင်း တွေ့ရှိရသည်။

အချို့နိုင်ငံများက မည်သည့်ရွေးကောက်ပွဲစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရမည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားပြီး အချို့နိုင်ငံများက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိဘဲ လွှတ်တော်ရွေးကောက်ပွဲဥပဒေကဲ့သို့သော သက်ဆိုင်ရာ ဥပဒေများတွင်သာ ပြဋ္ဌာန်းထားသည်။ မည်သည့်ရွေးကောက်ပွဲစနစ်အတွက်မဆို မဲဆန္ဒနယ် သတ်မှတ်ခြင်းသည် အရေးကြီးသည်။ ရွေးကောက်ပွဲစနစ်အရ ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်ရမည့် FPTP မဲဆန္ဒနယ်နှင့် ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးကောက်ရမည့် PR မဲဆန္ဒနယ်ဟူ၍ နှစ်မျိုးရှိသည်။ မဲဆန္ဒနယ်သတ်မှတ်ရာတွင် ကိုယ်စားလှယ်အရေအတွက်နှင့် နိုင်ငံ့လူဦးရေ အချိုးအစားပေါ် အခြေခံ၍လည်းကောင်း၊ နယ်မြေဒေသကို အခြေခံ၍လည်းကောင်း၊ နယ်မြေတစ်ခုနှင့်တစ်ခု လူဦးရေအချိုးညီမျှမှုကို အခြေခံ၍လည်းကောင်း၊ လူမျိုးစုဒေသများကို အခြေခံ၍လည်းကောင်း သတ်မှတ်လေ့ရှိသည်။ FPTP စနစ်အရ မဲဆန္ဒနယ်တစ်နယ်ချင်းစီ ကိုယ်စားပြုသည်။ PR စနစ်အရ မဲဆန္ဒနယ်တစ်နယ်လုံးကို စုပေါင်းကိုယ်စားပြုရသည်။ ယခုပြောင်းလဲကျင့်သုံးမည့် MMP စနစ်အရ မဲဆန္ဒနယ်ကိုယ်စားပြု FPTP ကိုယ်စားလှယ်များနှင့် ပါတီအချိုးကျကိုယ်စားပြု PR ကိုယ်စားလှယ်များကို လွှတ်တော်အလိုက် တစ်ပေါင်းတစ်စည်းတည်း ရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲစနစ်၏ အဓိက အနှစ်သာရဖြစ်သော ပေါင်းစည်းခြင်း၊ ကိုယ်စားပြုခြင်းနှင့် မျှတခြင်းတို့ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

**စနစ်သစ်နှင့် ရွေးကောက်ပွဲအတွက်**
**ထူးခြားချက် ငါးချက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ် အမှတ်စဉ် (၅) အရ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံ့တာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်ရသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကလည်း ဦးတည်ချက် (၄) ရပ် ချမှတ်ခဲ့သည်။ ဦးတည်ချက် (၄) ရပ်သည် လာမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် လမ်းပြမြေပုံပင်ဖြစ်သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ခန့်အပ်သည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဥပဒေနှင့်အညီ ကြီးကြပ်ကျင်းပပေးရမည်ဖြစ်သည်။ ကျင်းပမည့်စနစ်သစ်နှင့် ရွေးကောက်ပွဲတွင် ထူးခြားချက် ၅ ချက် တွေ့ရှိရသည် -

ပထမအချက် - ယခင် အတွေ့အကြုံရှိပြီးဖြစ်သည့် FPTP စနစ်အပြင် ပါတီအချိုးကျ ကိုယ်စားပြု PR စနစ် ပါဝင်သည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျ MMP စနစ် ပြောင်းလဲကျင့်သုံးခြင်းဖြစ်သည်။ FPTP စနစ်အရ ရရှိမည့်ကိုယ်စားလှယ်အပြင် PR စနစ်အရ ပါတီအချိုးကျ ကိုယ်စားလှယ်များလည်း ရရှိလာမည်ဖြစ်သည်။ မဲဆန္ဒရှင်များက ယခင်မဲပေးသည့်စနစ်အတိုင်း FPTP မဲဆန္ဒနယ်များအတွက် နှစ်သက်ရာကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာ မဲပေးပြီး မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်များကို အလွယ်တကူ ရွေးချယ်နိုင်သည်။ နောက်ထပ် PR မဲဆန္ဒနယ်များအတွက် FPTP မဲဆန္ဒနယ်တွင် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းက ရရှိခဲ့သည့်မဲများကို ပါတီကရရှိသည့်မဲအဖြစ် သတ်မှတ်ပြီး ရိုးရှင်းလွယ်ကူသော Closed List စနစ်၊ ကြွင်းကျန်မဲအများဆုံးစနစ် (The Largest Remainder) နှင့် Hare Quota တွက်နည်းတို့ဖြင့် အချိုးကျကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ တွက်ချက်ခွဲဝေပေးမည်ဖြစ်သည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် FPTP မဲဆန္ဒနယ်များနှင့် PR မဲဆန္ဒနယ်များ သတ်မှတ်ထားသည်ဖြစ်ရာ ဒေသအလိုက် တိုင်းရင်းသားလူမျိုးစုများနှင့် ပါတီငယ်များ လွှတ်တော်တွင် ကိုယ်စားပြုနေရာများ ပိုမိုရရှိလာမည်ဖြစ်သည်။

ဒုတိယအချက် - ရွေးကောက်ပွဲနေ့ မဲရုံတွင် ဆန္ဒမဲပေးခြင်းနည်းလမ်းကို မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ပြောင်းလဲကျင့်သုံးမည်ဖြစ်သည်။ မဲဆန္ဒရှင်များက ဆန္ဒပြုစက်တွင် ခလုတ်တစ်ကြိမ်နှိပ်၍ နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို အလွယ်တကူ မဲပေးနိုင်သည်။ မဲပေးစက်အသုံးပြုခြင်းဖြင့် ပယ်မဲမရှိခြင်း၊ ရိုးရှင်းလွယ်ကူစွာမဲပေးနိုင်ခြင်း၊ မဲဆန္ဒရှင်က မိမိမဲပေးထားချက်ကို မျက်မြင်စစ်ဆေးကြည့်ရှုနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ လွယ်ကူမှန်ကန်မြန် ဆန်ခြင်း၊ မဲရလဒ်များ မိနစ်ပိုင်းအတွင်း ထုတ်ယူနိုင်ခြင်း၊ အပြန်အလှန်စစ်ဆေးနိုင်ခြင်း၊ MEVM စက်တွင် ပြင်ပမှ ချိတ်ဆက်ဆောင်ရွက်နိုင်သည့် USB Port များ မပါဝင်ခြင်း၊ Wifi ၊ Bluetooth ကဲ့သို့သော ကြိုးမဲ့စနစ်နှင့် အင်တာနက်ကွန်ယက်ချိတ်ဆက်နိုင်သည့်စနစ်များမပါဝင်ခြင်းတို့ကြောင့် ပြင်ပမှဝင်ရောက်နှောင့်ယှက်၍ မရဘဲ လုံခြုံမှုရှိခြင်း၊ မဲမသမာမှုလုပ်၍မရခြင်း၊ ရာနှုန်းပြည့် ယုံကြည် စိတ်ချရခြင်း၊ ရွေးကောက်ပွဲအစဉ်အဆက် အသုံးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

တတိယအချက် - မဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းနှင့် စီမံခန့်ခွဲခြင်းကို မြို့နယ်အဆင့်တွင် DEO Software ၊ Admin Software ဖြင့်လည်းကောင်း၊ ဗဟိုအဆင့်တွင် ဗဟိုမဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် (CVLMS) ဖြင့်လည်းကောင်း နည်းပညာအသုံးပြု၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၃ အရ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ပါ လူဦးရေစာရင်းတို့ကို ရယူအခြေခံပြုစုခြင်းဖြစ်သဖြင့် လူဦးရေစာရင်းများ ခိုင်မာမှုရှိသည်။ နည်းပညာဖြင့် စိစစ်ခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်နိုင်သည်ဖြစ်ရာ ယခင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကဲ့သို့ မဲစာရင်းမှားယွင်းမှုများကြောင့် မဲမသမာမှုများ ဖြစ်ပွားရန်အကြောင်း မရှိတော့ပါ။ မှန်ကန်ရှင်သန်နေသော မဲစာရင်းများအဖြစ် နောင်ရွေးကောက်ပွဲအစဉ်အဆက် အသုံးပြုနိုင်မည်ဖြစ်သည်။

စတုတ္ထအချက် - ရွေးကောက်ပွဲကို အပိုင်းလိုက်ဆောင်ရွက်မည့် အစီအမံဖြစ်သည်။ အပိုင်း (၁) အတွက် ဆန္ဒမဲပေးရမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့နှင့် မြို့နယ် ၁၀၂ မြို့နယ်စာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။ ဆက်လက်ကျင်းပမည့် အပိုင်းလိုက် မဲပေးရမည့်နေ့ရက်နှင့် မြို့နယ်များစာရင်းကိုလည်း ဆက်လက် ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ မဲရုံအားလုံးတွင် MEVM စက်များဖြင့် ဆန္ဒမဲပေးရမည်။ နယ်မြေဒေသအခြေအနေအရ ရွေးကောက်ပွဲလုံခြုံရေးနှင့် စီမံခန့်ခွဲရေးအစီအမံများ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ရွေးကောက်ပွဲကို အပိုင်းလိုက် ဆောင်ရွက်သွားမည်ဖြစ်သည်။

ပဉ္စမအချက် - ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်အသစ်နှင့် အစိုးရအဖွဲ့အသစ် ပေါ်ပေါက်လာမည့်အချက်ဖြစ်သည်။ ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်၏ အကျိုးကျေးဇူးအရ ဥပဒေပြုရေးကဏ္ဍနှင့်အုပ်ချုပ်ရေးကဏ္ဍတွင် တိုင်းရင်းသားများနှင့် လူထုအလွှာအသီးသီး၏ ကိုယ်စားပြုမှု ပိုမိုပါဝင်လာမည်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေလမ်းကြောင်းနှင့် လွှတ်တော်နိုင်ငံရေးယဉ်ကျေးမှုလမ်းကြောင်းတို့မှ တစ်ဆင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လမ်းခင်းပေးထားသည့်အချက်ပင်ဖြစ်သည်။

**ပြည်သူအားလုံးပါဝင်သော ရွေးကောက်ပွဲ**

လာမည့်ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ရန် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များဖြစ်သည့် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက စွမ်းဆောင်ရည်ကောင်းကောင်းဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည်။ ရွေးကောက်ပွဲနေ့ မဲရုံတစ်ရုံချင်းစီ၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ပြီးမြောက်စေရန် မဲရုံအဖွဲ့များကလည်း လုပ်ငန်းကျွမ်းကျင်မှုဖြင့် ဆောင်ရွက်ကြမည်။ ရွေးကောက်ပွဲအတွက် လိုအပ်သော စီမံခန့်ခွဲရေးနှင့် လုံခြုံရေးအစီအမံများကို အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးမည်။ ရွေးကောက်ပွဲယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများကလည်း ဥပဒေဘောင်အတွင်းမှ မိမိတို့ပါတီအသီးသီး၏ စည်းရုံးရေးစွမ်းရည်ကို ပြသကြရမည်။ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူအားလုံး လွယ်ကူအဆင်ပြေစွာ မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ မဲဆန္ဒရှင်ဖြစ်သူများကလည်း ရွေးကောက်ပွဲတွင် မိမိတို့၏ ဆန္ဒမဲနှင့် နိုင်ငံသားအခွင့်အရေးကိုကျင့်သုံးပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အရည်အချင်းရှိသော ကိုယ်စားလှယ်ကောင်းများကို ရွေးချယ်နိုင်ရန် မျှော်လင့်သည်။ ပြည်သူတို့က ဉာဏ်နှင့်ယှဉ်သော ဆန္ဒမဲတို့ဖြင့် အရည်အချင်းရှိသည့် လူကောင်းလူတော်များကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရန် လိုအပ်သည်။ ရွေးကောက်ပွဲအား မလိုလား၍ နှောင့်ယှက်ဖျက်ဆီးမည့်သူများ၏ အန္တရာယ်ကိုလည်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများက ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်သူအားလုံးပါဝင်သော ရွေးကောက်ပွဲမှတစ်ဆင့် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် တက်ညီလက်ညီ တက်စုံရှက်စုံဖြင့် ဆက်လက်ချီတက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

နိဂုံး

ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအား ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရမည်ဖြစ်သည်။ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဂုဏ်သိက္ခာပင် ဖြစ်သည်။ ရွေးကောက်ပွဲမှ ပေါ်ထွက်လာသည့် အစိုးရအဖွဲ့က ဦးဆောင်ပြီး နိုင်ငံတော်တည်ဆောက်ရေး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်ရန် တာဝန်ရှိနေသည်။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူအားလုံးနှင့် တိုင်းရင်းသား လူမျိုးစုများအားလုံးအတွက် မျှတသော ကိုယ်စားပြုမှုနှင့် အာမခံချက်ရရှိရေး၊ တည်ငြိမ်အေးချမ်းပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ရေရှည်ရှင်သန်ခိုင်မာစေရေးတို့အတွက် အရေးကြီးဆုံးဖြစ်သည့် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရန် ရည်မှန်းချက်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

# Rainfed paddy planted on more than 65,000 acres of farmlands in Kalay Township


A paddy plantation in Kalay Township.

**Kalay September 7**

Local farmers have grown 65,757 acres of rainfed paddy in Kalay Township of Sagaing Region, according to the township Agriculture Department.

In the 2025–2026 monsoon crop season, Kalay Township has planned to cultivate 127,157 acres of rainfed paddy. Cultivation began in June this year, and as of today, 65,757 acres have already been planted.

"This year, in Kalay Township, we have planned to grow over 120,000 acres of rainfed paddy. Up to now, more than 65,000 acres have been cultivated. Efforts are being made to meet the targeted acreage. The necessary technology and quality seed varieties will be provided for rainfed paddy cultivation. Field-level assistance is also being given to ensure that farmers can plant on time," said Daw Marn Aue, Head of the Kalay Township Agriculture Department.

It is reported that, during this year's monsoon crop season, the Township Agriculture Department and local farmers are cooperating to ensure systematic cultivation of rainfed paddy without difficulties.

Farmers engaged in rainfed paddy cultivation in Kalay Township are being provided with agricultural technology, awareness on pest control, and guidance to prevent crop losses. They are also being advised to ensure that harvested paddy is properly covered and stored in time.

To achieve successful yields and improved productivity from this year's rainfed paddy fields in Kalay Township, the Township Agriculture Department and its staff are providing field-level technical support. This includes the selection of good-quality and pure seed varieties, pest management, proper weeding and thinning, removal of mixed varieties, and systematic application of fertilizers.

206

# Iran's FM says Tehran, IAEA "very close" to agreeing on new cooperation framework

**Tehran September 7**

Iran's Foreign Minister Seyed Abbas Araghchi said on Saturday Iran and the International Atomic Energy Agency (IAEA) are "very close" to agreeing on a new framework for the resumption of bilateral cooperation.

He made the remarks at a conference in Tehran while commenting on the future cooperation between Iran and the UN nuclear watchdog, as well as the results of a new round of talks between the two sides, which began in Vienna on Friday, according to the official news agency IRNA.

"As far as I know, good negotiations have been held and we are very close to arriving at a new cooperation framework with the agency itself," said Araghchi.

He said a favorable cooperation for Iran would be one in which the country's concerns, "which have been specifically reflected in the parliament's law," were taken into account.

Turning to the possibility of resuming nuclear talks with the United States, the foreign minister said messages were being exchanged between the two sides through mediators.

Araghchi stressed, "The day the Americans come to the conclusion that they have the readiness for negotiations based on common interests and mutual respect, we will also be ready to begin dialogue."

Iran and the United States were scheduled to hold the sixth round of their indirect nuclear negotiations on June 15 in Oman. The talks were suspended after Israel launched major airstrikes on June 13, targeting several Iranian sites, including nuclear and military facilities. U.S. airstrikes on three Iranian nuclear sites followed on June 22.

Xinhua

# More than 1,900 acres of maize and sweet corns planted in Monywa Township

**Monywa September 7**

A total of 1,902 acres of maize and sweet corns were grown in Monywa Township of Sagaing Region, according to the township Agriculture Department.

In the 2025–2026 monsoon crop season, it was planned to cultivate 1,804 acres of seed maize and 250 acres of sweet corn, totalling 2,054 acres. Cultivation began in June this year, and as of today, 1,902 acres have been planted, including 1,665 acres of maize and 237 acres of sweet corn.

"This year, the target for Monywa Township was more than 2,000 acres of maize and sweet corn. So far, over 1,900 acres have been cultivated, and efforts are continuing to meet the full target. To ensure successful growth of the crops, awareness programmes are being conducted to prevent pest and disease outbreaks," said U Soe Thet Aung, Head of the Monywa Township Department of Agriculture.


A sweet corn plantation in Monywa Township.

This year, the department has been providing farmers with training courses, field demonstrations, and technical awareness programs. Preventive measures are being carried out against fall armyworm, while integrated pest management systems are promoted, including the use of neem-based pesticides, ginger, and chilli solutions.

In Monywa Township, maize yields over 50 baskets per acre, with a production cost of around K500,000 per acre. Sweet corn yields about 15,000 ears per acre, with cultivation costs exceeding K500,000 per acre.

206

# Broken cable caused fatal Lisbon funicular derailment: investigation

**Lisbon September 7**

Portugal's transport accident authority confirmed Saturday that a snapped steel cable caused the Gloria Funicular derailment in downtown Lisbon, killing 16 and injuring 22.

The Office for the Prevention and Investigation of Aircraft and Railway Accidents (GPIAAF) said the cable broke at a hidden fixation point inside Cabin No. 1. Routine visual checks earlier that day could not have detected the flaw.

Although the operator engaged both pneumatic and manual brakes, the system's design meant they could not stop the cars once the balancing cable failed. Investigators noted that the emergency mechanism cut power and triggered brakes but may not have worked on each car as intended.

The failed cable, installed less than a year ago and still within its service life, had been maintained by an external contractor. The Gloria Funicular is not directly supervised by the national transport regulator, with independent inspections only every four years.

Reconstruction showed Cabin No. 2 recoiled at about 60 kilometers per hour before derailing. A preliminary report is due within 45 days, with final conclusions expected in about a year.

Xinhua


This photo taken on Sept. 6, 2025 shows tributes placed at the site of the funicular accident in Lisbon, Portugal.

# Myaung Township grows more than 10,000 acres of groundnut this year

**Myaung September 7**

Statistics of Sagaing District Agriculture Department stated that local farmers have so far planted 10,498 acres of groundnut as monsoon crops in Myaung Township of Sagaing Region.

In 2025-26 monsoon crop cultivation season, local authorities earmarked 15,021 acres of groundnut in Myaung Township but local farmers grew 10,498 acres of crops against the target cultivation.

In the 2025–2026 monsoon crop season, it was planned to cultivate 15,021 acres of groundnut in Myaung Township. As of today, 10,498 acres have been planted. Efforts are being made to complete the remaining acreage to meet the target. Groundnut, as an oil crop, is in a favorable condition, and cultivation in the township has been improving year by year, said Daw Thida Lwin, Head of the Sagaing District Department of Agriculture.

In Myaung Township, one and a half baskets of seed are required per acre of groundnut cultivation. The production cost per acre, including seed, labour charge, fertilizer, and pesticides, is over K200,000. Each acre produces more than 50 baskets of groundnut.

This year, to ensure successful cultivation, prevent pest and disease outbreaks, and keep the fields free of weeds, staff of the Township Department of Agriculture are conducting field inspections and maintaining field-monitoring records.

206

# Tamu District to grow more than 4,000 acres of vegetables in coming winter


A vegetable farm in Tamu District.

**Tamu September 7**

Statistics of Tamu District Agriculture Department mentioned that local authorities earmarked cultivation of 4,189 acres of vegetables as cold season crops in Tamu District of Sagaing Region this year.

In the 2025–2026 winter crop season, it is planned to cultivate a total of 4,189 acres of vegetables in Tamu District—1,189 acres in Myothit Township, 1,500 acres in Tamu Township, and 1,500 acres in Hkampat Township, according to the district's crop plan.

"This winter, Tamu District has set a target of more than 4,000 acres of vegetables. We are working to ensure the full target acreage is achieved. The main crops include mustard, chili, coriander, potato, cabbage, eggplant, and cauliflower. Farmers are being provided with technical support to grow all these crops under the Good Agricultural Practices (GAP) system. Guidance is also being given to minimize chemical residue and ensure crops are grown in line with health standards," said U Hla Myint, Head of the Tamu District Department of Agriculture.

This year, township-level agricultural staff members in Tamu District are providing farmers with GAP training, as well as technical assistance to ensure that harvested vegetables are safe and healthy for consumers. Efforts are also underway to encourage farmers to expand vegetable cultivation.

Vegetable cultivation is practiced in Tamu District every year according to the season, and these crops have flourished successfully, providing income for households. The Township Department of Agriculture is also raising awareness among farmers on proper cultivation methods, pest prevention, and the use of organic fertilizers, natural pesticides, and repellents. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pomfret fish in high demand at domestic market in Zalun Township

**Zalun September 7**

A large volume of Pomfret fish is in high demand of consumers at the domestic market in Zalun Township of Ayeyawady Region, said Daw Myint Myint Aye, the owner of marine product trading in Zalun Township.

In Zalun Township, demand for pomfret fish has increased from the first week of August this year to the present, with a large volume being traded in viss. The rise in trading is attributed to strong demand from domestic markets.

"Among the fish currently on sale, pomfret is selling particularly well. At present, an average of 6,500 viss of pomfret are being traded daily. The demand from local markets has led to this active trading. Pomfret is being regularly supplied to local trading centres, and the fish arriving there are fresh. With the increase in shipments, those engaged in the fisheries sector are finding business conditions favourable. Most of the local seafood products from this area are mainly transported and sold to Yangon, and the process of sending goods to Yangon is running smoothly," said Daw Myint Myint Aye.

Seafood traders in Zalun Township are purchasing pomfret and other local seafood, systematically inspecting and cleaning them before distributing and selling them to buying areas. The current market price of pomfret is reported to be as high as K17,500 per viss.

Kyaw KyawLin


Pomfret fish in high demand at domestic market.

# Growing pigeon pea exceeds target cultivation in KhinU Township

**KhinU September 7**

According to KhinU Township Agriculture Department, local farmers have expanded sown acreage of pigeon pea as monsoon crops exceeding the target cultivation in KhinU Township of Sagaing Region.

In the 2025–2026 monsoon crop season, it was planned to cultivate 20,626 acres of pigeon pea in KhinU Township. Cultivation began in May this year, and as of today, 22,376 acres have already been planted, exceeding the initial target.

"The target for this monsoon season in KhinU Township was 20,626 acres of pigeon pea, but as of today, 22,376 acres have been cultivated, surpassing the planned acreage. Efforts are also being made to ensure good yields. Farmers are cultivating pigeon pea both as a main crop and as an intercrop," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

This year, the Township Department of Agriculture has been providing farmers with field-level technical support to promote the use of quality and pure seeds, proper cultivation methods, pest prevention, and improved yields.

To help reduce expenses on foliar fertilizers, the department is also distributing technology of making natural fertilizers. This method not only lowers cultivation costs but also helps crops grow healthily, remain pest-free, and achieve better growth. 206


A pigeon pea plantation.

# Black eye bean marketable in Thabaung Township

**Thabaung September 7**

Black eye beans are marketable at the domestic market in Thabaung Township of Ayeyawady Region, said Daw Yi Yi Tun, the owner of agricultural produce trading commodities in Thabaung Townsip.

In Thabaung Township, demand for black-eyed beans has been strong from the first week of August to date, leading to improved trading activity. This increased demand is due to higher purchases from the Yangon market combined with a low yield of local black-eyed beans.

"Local black-eyed beans are being bought not only in the local market but also from other areas. From about the first week of this month, demand has noticeably increased. Along with stronger demand, the price has also risen slightly. The Yangon market has been actively buying local black-eyed beans. Because the yield is low, traders are buying more, which has made sales more active. At present, there is not much new harvest of black-eyed beans in the area. The crop is usually abundant during the harvest season for monsoon crops," said Daw Ri Ri Htun, owner of an agricultural produce trading centre in Thabaung Township.

The price of black-eyed beans in Thabaung Township is currently as high as K115,000 per bag of 16 pyi. Agricultural produce traders in the township mainly transport and sell local farm products to the Yangon market. Besides black-eyed beans, they also trade black gram, green gram, pigeon pea, maize, paddy, rice, and seasonal crops.

Kyaw Kyaw Lin

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က ရဟတ်ယာဉ်များတွင် လေကြောင်းဆက်သွယ်ရေးစနစ်သစ် စတင်တပ်ဆင်အသုံးပြု



အမေရိကန်ကြည်းတပ်သည် ၎င်း၏ ရဟတ်ယာဉ်များတွင် BAE Systems ကုမ္ပဏီမှထုတ်လုပ်သော AN/ARC-231A Multi-mode Aviation Radio Set(MARS) ခေါ် လေကြောင်းဆက်သွယ်ရေးစနစ်သစ်ကို တပ်ဆင်အသုံးပြုနေပြီဖြစ်သည်ဟု The Defense Post သတင်းဌာနက စက်တင်ဘာ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

AN/ARC-231A စနစ်သည် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များတွင် ကာလကြာရှည်စွာအသုံးပြုခဲ့သည့် ARC-231 ရေဒီယိုဆက်သွယ်ရေးစက်များကို အစားထိုးရန် ရည်ရွယ်သည်။ ယခင်စနစ်များနှင့်မတူဘဲ ဤစနစ်သစ်သည် software-defined ဖြစ်သောကြောင့် စက်ပစ္စည်း (hardware)များ ပြောင်းလဲတပ်ဆင်ရန်မလိုဘဲ software များ ပြင်ဆင်ထည့်သွင်းရုံဖြင့်ပင် စနစ်အဆင့်မြှင့်တင်မှုများနှင့် စွမ်းဆောင်ရည်အသစ်များကို အသုံးပြုနိုင်မည်ဖြစ်သည်။

ဆက်သွယ်ရေးစနစ်တွင် RT-1987 ရေဒီယိုစက်၊ အသံချဲ့စက်များနှင့် တပ်ဆင်ရေးအခြေခံပစ္စည်းများပါဝင်ပြီး ယခင်မော်ဒယ်ဟောင်းများနေရာတွင် အလွယ်တကူ အစားထိုးတပ်ဆင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ဤရေဒီယိုဆက်သွယ်ရေးစက်သည် လှိုင်းနှုန်းမျိုးစုံကို အသုံးပြုနိုင်ပြီး အသံနှင့်ဒေတာဆက်သွယ်မှုများကို လုံခြုံစိတ်ချစွာဆောင်ရွက်နိုင်သည့်အပြင် အမေရိကန်၊ NATO နှင့် နိုင်ငံတကာလေကြောင်းထိန်းချုပ်ရေး လိုအပ်ချက်များနှင့်လည်း ကိုက်ညီသည်။

BAE Systems ကုမ္ပဏီ၏လိုက်လျောညီထွေရှိသောဆက်သွယ်ရေးနှင့် အာရုံခံဆိုင်ရာညွှန်ကြားရေးမှူးချုပ် Brian Shadiack က “ခုလို ဆက်သွယ်ရေးစနစ်သစ်တွေ တပ်ဆင်အသုံးပြုလာနိုင်ခြင်းဟာ ပေါ်ပေါက်လာနေတဲ့ ခြိမ်းခြောက်မှုတွေကို ထိထိရောက်ရောက်တန်ပြန်နိုင်စေဖို့အတွက် တိုက်ခိုက်ရေးအင်အားစုတွေကို အဆင့်မြင့်ဆက်သွယ်ရေးစွမ်းဆောင်ရည်တွေနဲ့ ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်စွမ်း မြင့်မားစေမှုတို့ကို ပံ့ပိုးပေးနိုင်မှာမို့ သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်”ဟု ပြောကြားခဲ့သည်။

ဤလုပ်ဆောင်ချက်သည် ကြည်းတပ်၏ အနာဂတ်ဒေါင်လိုက်ပျံသန်းမှုအစီအစဉ်နှင့် ကိုက်ညီနေပြီး ၎င်းအစီအစဉ်သည် အမေရိကန်ကြည်းတပ်သုံး လေယာဉ်အုပ်ကို မျိုးဆက်သစ်လေယာဉ်များ၊ အာရုံခံကိရိယာများနှင့် ဒစ်ဂျစ်တယ်ဆက်သွယ်ရေးစနစ်များဖြင့် ခေတ်မီ၊ အဆင့်မြှင့်တင်မည့် ရေရှည်စီမံကိန်းတစ်ခုဖြစ်သည်။ ဒေါင်လိုက်ပျံသန်းမှု၏ အဓိကအချက်မှာ လက်ရှိအသုံးပြုနေဆဲ ရဟတ်ယာဉ်များဖြစ်သည့် UH-60 Black Hawk၊ CH-47 Chinook နှင့် AH-64 Apache တို့သည် အနာဂတ်တွင်ပေါ်ပေါက်လာမည့် လေယာဉ်လုပ်ငန်းစဉ်များနှင့် ကွန်ရက်ချိတ်ဆက်ထားသော စစ်ဆင်ရေးစနစ်များဖြင့် အချောမွေ့ဆုံးပူးပေါင်းလုပ်ဆောင်နိုင်စေရန် သေချာစေခြင်းဖြစ်သည်။

BAE Systems ကုမ္ပဏီသည် ယခင်က အမေရိကန်နှင့် မဟာမိတ်စစ်တပ်များအတွက် ရေဒီယိုဆက်သွယ်ရေးစက်အလုံးရေ ၁၀၀၀၀၀ ကျော် ထုတ်လုပ်ပေးခဲ့ပြီး လေကြောင်း ဆက်သွယ်ရေးစနစ်သည် ၎င်းတို့၏ ခိုင်မာသောကာကွယ်ရေးထုတ်ကုန်များထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

**US Army Deploys New Software-Defined Radios Across Helicopter Fleet** ကို ဘာသာပြန်ဆိုထားပါသည်။

## တောင်ကိုရီးယားနိုင်ငံက ဒရုန်းစစ်သည် ငါးသိန်း စီမံကိန်းကို ထုတ်ဖော်ကြေညာ

တောင်ကိုရီးယားနိုင်ငံသည် “ဒရုန်းစစ်သည် ငါးသိန်း”စီမံကိန်းကို ထုတ်ဖော်ကြေညာခဲ့သည်ဟု The Defense Post သတင်းဌာနက စက်တင်ဘာ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစီမံကိန်းအရ စစ်မှုမထမ်းမနေရ စစ်မှုထမ်းတိုင်းကို မောင်းသူမဲ့လေယာဉ်စနစ်ဆိုင်ရာ လေ့ကျင့်ပေးမှု၊ သင်တန်းပေးမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကာ နိုင်ငံ၏ တိုက်ခိုက်ရေးစွမ်းရည်နှင့် ပြည်တွင်းစက်မှုလုပ်ငန်းများကို မြှင့်တင်ရန်ရည်ရွယ်ကြောင်း သိရှိရသည်။

ဤစီမံကိန်းသည် စစ်သည်များကို နည်းပညာအသစ်များအတွက် ထိတွေ့သိရှိနားလည်ထားရန် ပြင်ဆင်ပေးပြီး စစ်ရေးအသင့်ဖြစ်မှုကို အဆင့်မြှင့်တင်ရန်အတွက် ပိုမိုကျယ်ပြန့်သော ရည်မှန်းချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး Ahn Gyu-back က ပြောကြားခဲ့သည်။ “ဒီကြိုးပမ်းမှုဟာ ကျွန်တော် တို့စစ်တပ်ရဲ့ ဒရုန်းမောင်းနှင်မှုစွမ်းရည်ကို မြှင့်တင်ပေးရုံသာမက၊ စစ်မှုထမ်းပြီးနောက်မှာ စစ်သည်တစ်ဦးချင်းစီအနေနဲ့ သက်ဆိုင်ရာ စက်မှုလုပ်ငန်းတွေမှာ တက်ကြွစွာပါဝင်နိုင်ဖို့အတွက် အခြေခံအုတ်မြစ်လဲ ဖြစ်ပါမယ်။ ကျွန်တော်တို့ဟာ စစ်ဘက်ဆိုင်ရာဌာနတွေ၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေအားလုံးနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမှာပါ"ဟု ဝန်ကြီး Ahn Gyu-back က ပြောကြားခဲ့သည်။

စီမံကိန်းအရ ဒရုန်းများနှင့် လိုအပ်သော အရည်အချင်းမြှင့်တင်ရေးအစီအစဉ်များကို စစ်သည်တိုင်းသို့ သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး မောင်းသူမဲ့လေယာဉ်စနစ်များနှင့် ရင်းနှီးကျွမ်းဝင်စေကာ တိုက်ခိုက်ရေးတွင် တိုးမြှင့်အသုံးပြုသွားနိုင်ရန်အတွက်ဖြစ်သည်။ ဤအစီအစဉ်ကို အကောင်အထည်ဖော်ရန်အတွက် တောင်ကိုရီးယားအစိုးရသည် စီးပွားဖြစ်ထုတ်လုပ်ထားသော ဒရုန်းပေါင်း ၁၁၀၀၀ ကျော်ဝယ်ယူမည်ဖြစ်ပြီး၊ အဆိုပါဝယ်ယူမှုသည် ပြည်တွင်းထုတ်လုပ်သူများကို ကူညီနိုင်ကာ ဒရုန်းလိုအပ်ချက်ကိုလည်း ပံ့ပိုးဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယခုစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၇ သန်း ဘတ်ဂျက်တောင်းခံထားပြီး၊ လက်ရှိတွင် တောင်ကိုရီးယားလွှတ်တော်၌ စိစစ်နေဆဲဖြစ်သည်။ "ကျွန်တော်တို့စစ်တပ်ဟာ ပြည်တွင်းမှာထုတ်လုပ်တဲ့အဓိကအစိတ်အပိုင်းတွေနဲ့ ဒရုန်းတွေအတွက် လိုအပ်ချက်ကို အဆက်မပြတ် ဖန်တီးပေးခြင်းအားဖြင့် ပြည်တွင်းဒရုန်းလုပ်ငန်းရဲ့ လုပ်ငန်းလည်ပတ်မှုစနစ်တစ်ရပ်ထူထောင်ပြီး ပြန်လည်အသက်ဝင်လာစေဖို့အတွက် ဦးဆောင်အခန်းကဏ္ဍကနေ ပါဝင်သွားမှာပါ"ဟု တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး Ahn Gyu-back က ပြောကြားခဲ့သည်။



တောင်ကိုရီးယားနိုင်ငံ ကြည်းတပ်၏ ဂန်းဝမ်ပြည်နယ် ဝမ်ဂျူးမြို့ရှိ အမှတ် (၃၆) တပ်မကို စစ်ဘက်တွင်သုံးမည့် စီးပွားဖြစ်သုံးထုတ်လုပ်ထားသော မောင်းသူမဲ့လေယာဉ်စနစ်များကို အကဲဖြတ်ဆန်းစစ်ရန် ပထမဆုံးစမ်းသပ်ရေးတပ်ဖွဲ့အဖြစ် သတ်မှတ်တာဝန်ပေးခဲ့သည်။ ဒေသတွင်းမီဒီယာများ၏ ဖော်ပြချက်အရ အဆိုပါတပ်မကို မြို့ပြနှင့် တောင်ပေါ်ဒေသနှစ်မျိုးစလုံးတွင် လေ့ကျင့်နိုင်သည့် စွမ်းရည်ရှိခြင်းနှင့် ၂၀၂၄ ဆောင်းရာသီ လူငယ်အိုလံပစ်ပွဲတော်အတွင်း ဒရုန်းများ အသုံးပြုခဲ့ဖူးခြင်းကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက အခြားသော UAS အမျိုးအစားများကို အကဲဖြတ်ရန်အတွက် နောက်ပိုင်းတွင် တပ်ရင်း၊ တပ်ဖွဲ့များကို ထပ်မံသတ်မှတ်ပေးနိုင်ကြောင်း ပြောကြားခဲ့သည်။ တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး Ahn Gyu-back က "ကြည်းတပ်ရဲ့ အမှတ် (၃၆) တပ်မဟာ သူတို့ရရှိထားတဲ့ အတွေ့အကြုံဗဟုသုတတွေကို အခြားတပ်ရင်း၊ တပ်ဖွဲ့တွေမှာလဲ တီထွင်ဖန်တီးပြီး မတူကွဲပြားတဲ့ နည်းလမ်းတွေနဲ့ ထိရောက်စွာအသုံးချသင့်ပါတယ်။ စစ်တပ်အနေနဲ့ AI လိုမျိုး အဆင့်မြင့်နည်းပညာတွေကို ထည့်သွင်းထားတဲ့စက်ပစ္စည်းတွေကို အလျင်အမြန် စမ်းသပ်စစ်ဆေးနိုင်ဖို့အတွက် အဓိကကျတဲ့စမ်းသပ်ရေးစခန်းအဖြစ်လဲ ဆောင်ရွက်ပေးသင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

**South Korea to Train 500,000 Conscripts in Drone Warfare Under New Military Plan** ကိုဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# မွန်ပြည်နယ်၌ ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)ဖွင့်ပွဲ အခမ်းအနားကျင်းပ




**မော်လမြိုင် စက်တင်ဘာ ၇**

မွန်ပြည်နယ်၌ ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

ဦးစွာ အခမ်းအနားကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်တွင် ကျောင်းသား၊ ကျောင်းသူများသည် ပညာရေးတွင်သာ ထူးချွန်ရုံမျှမကပဲ အနုပညာဘက်တွင်လည်း ဘက်စုံတော်သည့် မျိုးဆက်သစ်အနုပညာရှင်များ ပေါ်ထွန်းလာစေရန် ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ်လူငယ် များအနေနှင့် အနုသုခုမပညာဖြင့် အနုစ်သာရရှိရှိအားထုတ်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲကြီးတွင် ပြည်နယ်အတွက် အောင်မြင်မှုဆုတံဆိပ်များ ပိုမိုရရှိနိုင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)တွင် မော်လမြိုင်တက္ကသိုလ်၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်း၊ ပညာရေးဒီဂရီကောလိပ်တို့၌ ပြိုင်ပွဲဝင်များက အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းအကပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲဝင် ကျောင်းသား၊ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံအားပေးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **စည်သူ(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရံ့ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရံ့ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များအပါအဝင် ဒေသရေထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးရံ့ပိဿာချိန် ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လ တစ်လအတွင်းက ငါးရံ့ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဩဂုတ်လထဲမှာ ငါးရံ့တွေ ရန်ကုန်ဈေးကွက်ထဲကို သိသိသာသာ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးရံ့တွေတင်ပို့ရောင်းချအားတက်ခဲ့တာကလဲ ဝယ်ယူတာများနေတာကြောင့် ဖြစ်ပါတယ်။ ဒေသထွက်ငါးရံ့တွေ အပါဝင် ရေထွက်ကုန်တွေကို ရန်ကုန်မြို့ကိုပဲ အဓိကတင်ပို့တာပါ။ အခုလို ဝယ်ယူတာကောင်းလာတော့ ငါးရံ့မွေးမြူရေးလုပ်ကိုင်သူတွေ၊ ရေလုပ်သားတွနဲ့ သဘာဝအတိုင်း ငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၀၊ ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၂၇၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မြိတ်မြို့နယ် ဝန်ဖို့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြိတ် စက်တင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတ က်ရေးဦးစီးဌာနက ဝန်ဖို့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၆ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ဝန်ဖို့ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၁၀ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝန်ဖို့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်း၊ အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၁၀ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ချောက်မြို့နယ် မှတ်ကြီးဖုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**ချောက် စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောက်မြို့နယ် ပုပ္ပကန်ကျေးရွာအုပ်စု မှတ်ကြီးဖုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ မှတ်ကြီးဖုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မှတ်ကြီးဖုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၅ ဒသမ ၇သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၂၅သန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၄၅ သန်း၊ အသေးစား စက်မှု၊ လက်မှုလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၄၅သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၉ ဒသမ ၈၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **နော်လူး**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ အားကစားကွင်း၊ အားကစားရုံများနှင့် ဟိုတယ်လုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၇**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာခရိုင်အားကစားကွင်း၌ ဘောလုံးအားကစားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးစေရေးနှင့် သတ်မှတ်အရည်အသွေးပြည့်မီစေရေး စနစ်တကျစိစစ်ကြပ်မတ် စစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မိတ္ထီလာကန်ပေါင်ရှိ ကရဝိက်ကန်ပေါင်တံတားထိပ်၊ ရပ်တော်မူဘုရားရှေ့၊ မိတ္ထီလာကန် View Point နှင့် ဝန်ဇင်းကန်ပေါင် မြောက်ဘက်ထိပ်နေရာတို့၌ အများပြည်သူ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ လာရောက်လေ့ကျင့်ကစားနိုင်စေရေးအတွက် Outdoor Fitness များ တပ်ဆင် ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ရှမ်းပြည်နယ်တောင်ကြီးခရိုင်ရှိ ကလောမြို့နယ်အားကစားကွင်း၌ အသက် ၁၇ နှစ်အောက် ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ တောင်ကြီးမြို့ ရွှေညောင်မြို့နယ်ရှိ မြို့နယ်အားကစားကွင်း၌ နှစ်ထပ်ပွဲကြည့်စင်နှင့် ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် မိတ္ထီလာမြို့ရှိ နိုင်ငံပိုင်ငှားရမ်းထားသော ဟိုတယ်များ လုပ်ငန်းများဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ဟိုတယ်များအနေဖြင့် ဟိုတယ်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရေးနှင့် ဝန်ဆောင်မှုအဆင့်တန်းမြင့်မားရေး ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နောင်ချိုမြို့နယ်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် အသက် ၁၅ နှစ်အောက် ကလေးများအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်ပေးလျက်ရှိ

**နောင်ချို စက်တင်ဘာ ၇**

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ပဏာမကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၂၄ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများက နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကွင်းဆင်းပြီး ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းအား ပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် Big Catch-up၊ Routine Catch-up နည်းလမ်းများဖြင့် အမီလိုက်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများ၊ အသက် ၁၅ နှစ်အောက်ကလေးများအား လိုအပ်သောကာကွယ်ဆေးများကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေးလုပ်ငန်းများ (Special Immunization Activities)၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများဖြစ်ပွားချိန်တွင် တုံ့ပြန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ (Outbreak Response Immunization) စသည့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများကို ကလေးတိုင်းဆီရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၆ ရက်ထိ နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများက နောင်ချိုမြို့ပေါ်နှင့် ကျေးရွာများရှိ ကျောင်းပေါင်း ၇၆ ကျောင်းနှင့် ကျောင်းသားပေါင်း ၁၂၁၇၈ ဦးကို ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၂၄၁၉ ဦးကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။



အလားတူ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းအား ပြန်လည်အားဖြည့်ဆောင်ရွက်လျက်ရှိပြီး အသက် ငါးနှစ်အောက်ကလေးငယ်များအား ငါးမျိုးစပ် ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး၊ပိုလီယိုရောဂါကာကွယ်ဆေး (အစက်ချဆေး၊ ထိုးဆေး)တို့ကိုလည်းကောင်း၊ အသက် ငါးနှစ်မှ ခုနစ်နှစ်အရွယ် ကလေးများအား ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး (အစက်ချဆေး)တို့ကိုလည်းကောင်း၊ အသက် ခုနစ်နှစ်မှ ၁၅ နှစ်အရွယ် ကလေးများအား မေးခိုင်-ဆုံဆို့ရောဂါကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေးတို့ကိုလည်းကောင်း ထိုးနှံတိုက်ကျွေးပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၆ ရက်ထိ ကလေး စုစုပေါင်း ၁၂၀၉၇ ဦးကို လိုအပ်သောကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးနိုင်ခဲ့သည်။



ထို့အတူ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၀ ရက်မှစ၍ နောင်ချိုမြို့ "မြနန်းတော်ဝင်"မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့သည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂ ရက် နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်ပြီး လူနာများအား လက်ခံကုသပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများ လာရောက်ကုသမှုခံယူလျက်ရှိကာ ဇူလိုင် ၂၀ ရက်မှ စက်တင်ဘာ ၆ ရက်ထိ နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံတွင် ပြင်ပလူနာ ဦးရေ ၃၄၅၀ နှင့် အတွင်းလူနာ ၃၇၈ ဦးကို လိုအပ်သည့် ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❑ ကမ္ဘာ့ချန်ပီယံခါးပတ်ထိန်းသိမ်းနိုင်မှ**

ထိုးနိုင်ခဲ့ခြင်းမရှိသကဲ့သို့ နူနက်ဇ်ကလည်း ခရစ္စတိုဖာ၏ ထိုးချက်များကို အကောင်းဆုံး ရှောင်တိမ်းသွားနိုင်ခဲ့သည်။ ခုနစ်ချီမြောက်တွင် နူနက်ဇ်၏ ညာဝိုက်လက်သီးထိုးချက်ကြောင့် ခရစ္စတိုဖာလဲကျသွားခဲ့ခြင်းမှာ အနိုင်အရှုံးကို အဆုံးအဖြတ်ဖြစ်စေခဲ့သည်။

နူနက်ဇ်နှင့်ခရစ္စတိုဖာတို့၏ ပွဲစဉ်ကို သွားရောက်အားပေးခဲ့သည့် WBO စူပါဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံနာဇာရက်တီက "ကျွန်တော်ထင်ပါတယ် ဒီပွဲစဉ်ဟာ ဒီနှစ်အတွက် အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်လာလိမ့်မယ်။ မက္ကဆီကိုပရိသတ်တွေအနေနဲ့လဲ ဒီပွဲစဉ်ကို ကြည့်ရှုအားပေးရတာ ကျေနပ်မယ်လို့ယုံကြည်ပါတယ်။ ကျွန်တော့်အနေနဲ့ အနိုင်ရသွားတဲ့ နူနက်ဇ်နဲ့ ထိုးသတ်သွားချင်တယ်။ စူပါဝယ်သာဝိတ်တန်းရဲ့ ပြိုင်ဘက်ကင်း ချန်ပီယံဆုအတွက် ထိုးသတ်သွားချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

နူနက်ဇ်က "ပွဲမတိုင်မီကတည်းက ခက်ခဲမယ်လို့ မှန်းဆထားပြီးသားပါ။ ဒါကြောင့် သတိထားပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့တယ်။ ခုနစ်ချီမြောက်မှာ ခရစ္စတိုဖာကို လဲကျအောင် ထိုးသတ်နိုင်ခဲ့တာက ပွဲရဲ့ အနိုင်အရှုံးအဆုံးအဖြတ် ရလဒ်ဖြစ်ပါလိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref: Boxing Scene

Trs: AZL

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချီကျင့်မြို့၌ ကြည့်ရှုလေ့လာ

**ချီကျင့် စက်တင်ဘာ ၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ချီကျင့်မြို့ မာလုံဒေသ၊ ကျန်းယိဒေသနှင့် ချီလင်ဒေသတို့သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မာလုံဒေသရှိ ကျန်းကျုံးဟောင်ယွန့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစုသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လုပ်ငန်းစုဆိုင်ရာ အချက်အလက်များ၊ ဘက်ထရီတပ်ဆင်အသုံးပြုသည့် သယ်ယူပို့ဆောင်ရေး ကုန်တင်ကားကြီးများနှင့်ပတ်သက်၍ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ အာမခံပေးခြင်း၊ သက်တမ်းပြည့်ကားများ ပြန်လည်သိမ်းဆည်းခြင်းလုပ်ငန်းများအား ဝန်ဆောင်မှုပေးနေမှု၊ ဒစ်ဂျစ်တယ်စနစ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ထိန်းချုပ်ရေးစင်တာမှ စောင့်ကြပ်ကြည့်ရှုထိန်းချုပ်ပေးနေမှု၊ ကုန်တင်ယာဉ်များ၏ ဘက်ထရီများအား အချိန်တိုအတွင်းအားဖြည့်ခြင်း၊ လဲလှယ်တပ်ဆင်ခြင်းများ ဆောင်ရွက်ပေးနေမှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘက်ထရီအသုံးပြုစွမ်းအင်သစ်ကုန်တင်ကားများ၏ ဓာတ်ခဲလဲလှယ်မှုလုပ်ငန်းစဉ်ကိုလက်တွေ့ပြသရာ ဘက်ထရီလဲလှယ်ခြင်းဆောင်ရွက်ရာတွင် အချိန်နှစ်မိနစ်နှင့် ဘက်ထရီအားသွင်းခြင်းအတွက် အချိန် ၁၅ မိနစ်သာကြာမြင့်ချိန်ရှိသည်။

ကျန်းကျုံးဟောင်ယွန့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစုကို ၂၀၂၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကုန်းလမ်းကုန်စည်ပို့ဆောင်ရေး၊ စက်ယန္တရားများငှားရမ်းခြင်း၊ နည်းပညာဆိုင်ရာဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းရည်မြင့်မားသော အလို့ငှါးပစ္စည်းရောင်းချခြင်းနှင့် ခေတ်မီသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိကာ ယူနန်ပြည်နယ်တွင် ထိပ်တန်းအဆင့်ရှိသည့် လုပ်ငန်းစုတစ်ခုဖြစ်ကြောင်း သိရသည်။



ယင်းနောက် ထူကွားချုံးရွာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကျေးရွာဆိုင်ရာ အချက်အလက်များ၊ ထူကွားချုံးရွာအား "14335" ပုံစံဖြင့် လည်ပတ်နေမှု၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးရွာနေပြည်သူများ ဝင်ငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ထူကွားချုံးရွာကို (၁)အစိုးရ၏ ဦးဆောင်မှုကိုခံယူခြင်း၊ (၄)အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ကုမ္ပဏီများ၊ လုပ်ငန်းများ၊ လုပ်ငန်းစုများက လာရောက်ရင်းနှီးမြှုပ်နှံပြီး ရွာသူရွာသားများ၏ စုပေါင်းအားဖြင့် ကျေးရွာတိုးတက်အောင် ဆောင်ရွက်ခြင်း၊ (၃)လာရောက်တည်းခိုသူများကို ကောင်းမွန်စွာဝန်ဆောင်မှုပေးခြင်း၊ ပြည်သူများ၏ သက်သာချောင်ချိမှု ဝန်ဆောင်မှုပေးခြင်း၊ တည်းခိုသည့်အိမ်များအား အိမ်တော်ထိန်းဝန်ဆောင်မှုပေးခြင်း၊ (၃)ရွာတိုးတက်လာချိန်တွင် အဆိုပါကျေးရွာ၊ ကျေးရွာရှိ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကျေးရွာနေပြည်သူများ၏ ဝင်ငွေများ တိုးတက်ရရှိပြီး အကျိုးအမြတ်ရရှိခြင်း၊ (၅) ကျေးရွာတိုးတက်လာသည်နှင့်အမျှ ဖွဲ့စည်းလုပ်ဆောင်မှုအားကောင်းလာခြင်း၊ ရွာသူရွာသားများ၏ အမြင်များတိုးတက်လာခြင်း၊ ပတ်ဝန်းကျင်ပိုမိုလှပလာခြင်း၊ လူများပိုမိုစည်ကားလာခြင်း၊ ရွာသူရွာသားများ ပိုမိုစီးပွားတိုးတက်ခြင်းဟူသည့် "14335" ပုံစံဖြင့် လည်ပတ်နေသည့် ကျေးရွာတစ်ခုဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လည်ပတ်မှုပုံစံကို ကြည့်ရှုလေ့လာကြပြီး ကမ္ဘာ့အရှည်ဆုံးနံရံဆေးရေးပန်းချီဆရာ၏ ပန်းချီအလုပ်ခန်းကို ကြည့်ရှုလေ့လာကာ "ချစ်ကြည်ရေးပန်းချီ"ကို လက်တွေ့အတူ ရေးဆွဲကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျန်းယိဒေသ ယူနန်ယွမ်ဖန်းဇီဝ လုပ်ငန်းစု တိုင်းရင်းဆေးထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိကြရာ တာဝန်ရှိသူများက စက်ရုံသမိုင်းကြောင်း၊ သုတေသနပြုလုပ်ငန်းများ၊ စက်ရုံမှထွက်ရှိသည့် ဆေးဝါးနှင့် ထုတ်ကုန်ပစ္စည်းများ၊ အရောင်းရဆုံးဆေးဝါးထုတ်ကုန်များ၊ ဖြန့်ချိမှုအခြေအနေနှင့် နိုင်ငံတော်ကချီးမြှင့်သည့် ဆုတံဆိပ်ရရှိမှုများကို လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါလုပ်ငန်းကို ၂၀၀၂ ခုနှစ်တွင် စတင်ခဲ့ပြီး ကူမင်းမြို့၌ စက်ရုံတည်ထောင်ခဲ့ကာ ၂၀၁၄ ခုနှစ်တွင် ကုန်အမှတ်တံဆိပ်ဖြင့် စက်ရုံထွက် ဆေးဝါးပစ္စည်းများကို ရောင်းချခဲ့ကြောင်း၊ အဆိုပါစက်ရုံထွက် ထုတ်ကုန်များသည် သဘာဝဆေးပင်များကို အခြေခံထုတ်လုပ်ခြင်းဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် ယူနန်ပြည်နယ် ချီကျင့်မြို့သို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ကျူးကျန်းယွမ်ထို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကျန်းယိဆန်မုန့်လုပ်ငန်းသို့ရောက်ရှိကြရာ အလုပ်ရုံပိုင်ရှင်က ဆန်မုန့်ပြုလုပ်ပုံ လုပ်ငန်းစဉ်အဆင့်ဆင့်၊ ရှေးယခင်လက်ထက်က ဆန်မုန့်ပြုလုပ်သည့် လုပ်ငန်းသုံးပစ္စည်းများနှင့် ထုတ်လုပ်သည့် ဆန်မုန့်အမျိုး ၃၀၀ ကျော်ကို ရှင်းလင်းပြသပြီး ဆန်မုန့်များကို လက်တွေ့ပြုလုပ်ပြသသည်။

ယင်းနောက် ချီလင်ဒေသရှိ ချီလင်ရေပေါ်ဥယျာဉ်သို့ရောက်ရှိရာ တာဝန်ရှိသူများက ဥယျာဉ်အတွင်း ပန်းပေါင်းစုံနှင့်အပင်ပေါင်းစုံပေါက်ရောက်ရှင်သန်မှု၊ ရာသီအလိုက်အပင်များစိုက်ပျိုးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားရှိမှုနှင့် အပန်းဖြေလေ့လာစရာနေရာအဖြစ် တည်ဆောက်ထားမှုနှင့် ကုန်းပြင်မြင့်ပေါ်တွင်တည်ရှိသည့် ရေပေါ်ဥယျာဉ်တစ်ခုဖြစ်မှုတို့ကို ရှင်းလင်းတင်ပြပြီး ရေပေါ်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ရေပေါ်ဥယျာဉ်သည် ဧက ၂၀၀၀ ကျော် ကျယ်ဝန်းပြီး အခြားပန်းမျိုးစုံအပါအဝင် ကြာအမျိုးပေါင်း ၁၃၀ ကျော်နှင့် ပြောင်းဖူးစိုက်ခင်းများ၊ သီးနှံစိုက်ခင်းများ စိုက်ပျိုးထားရှိသည်။ ပန်းဥယျာဉ်အတွင်း လမ်းလျှောက်ခြင်း၊ လှေစီးခြင်း၊ စက်ဘီးနင်းခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များ ပါရှိပြီး ဘာဂီများဖြင့် လှည့်လည်လေ့လာနိုင်ကာ နေ့စဉ်ခရီးသွားဧည့်သည် အများအပြား လာရောက်ကြောင်း သိရသည်။

ညပိုင်းတွင် ချီကျင့်မြို့ ပါတီဗဟိုကော်မတီအတွင်းရေးမှူး Yang Bin က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ချီကျင့်မြို့ရှိ Guanfang ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အလားတူ ကိုယ်စားလှယ်အဖွဲ့တွင် ပါရှိသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကအဖွဲ့သည် ကူမင်းမြို့တွင် ကျန်ရှိပြီး တောင်ပိုင်းဒေသ ညချမ်းနှင့် ချည် Show ပိုးဖဲအနီးအနား တဖွဲ့ဖွဲ့ ဈေးရောင်းပွဲတော်တွင် ပါဝင်ဖျော်ဖြေတင်ဆက်ကပြခြင်း၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ မြန်မာလက်မှုပညာ ထုတ်ကုန်ပစ္စည်းများနှင့် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝနှင့်ခရီးစဉ်ဒေသများ၊ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းပြခန်းများကို ဆက်လက်ခင်းကျင်းပြသခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နေပြည်တော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၇**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဥတ္တရသီရိမြို့နယ် ဘုရားကုန်းကျေးရွာ ရှိ ဦးရဲနိုင်ဦး၏ မွေးမြူရေးခြံ၌ ဒေသဆိတ်မျိုးများ မွေးမြူထားရှိမှုကိုကြည့်ရှုစစ်ဆေးပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ဒေသတွင်း အသားငါးဖူလုံမှုရှိစေရေးအတွက် တစ်ပိုင်တစ်နိုင်မွေးမြူရေးမှ စီးပွားဖြစ်မွေးမြူရေးအဆင့်ထိ တိုးချဲ့ဆောင်ရွက်ကာ မွေးမြူရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာနေ တောင်သူဦးကျော်ရွှေ၏ ကွင်းအမှတ်(၁၈၈၈)ကွင်း၌ စိုက်ပျိုးဆိုင်ရာပညာရှင်များက နှမ်းရိုး၊ မြေပဲရိုး၊ ပြောင်းရိုးနှင့် နေကြာရိုးများအသုံးပြု၍ သဘာဝမြေဆွေးပုံပြုလုပ်နည်း လက်တွေ့သရုပ်ပြသနေမှုနှင့် (၂၁)သစ်စက်ကျေးရွာနေ တောင်သူဦးအောင်မြင့်သန်း၏ ကွင်းအမှတ် (၁၈၉၂) ကွင်း၌ မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိစေရေးအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ လက်တွေ့သရုပ်ပြရောစပ်ကြဲပက်နေမှုကိုလည်းကောင်း၊ ဇလောင်း(မြောက်)ကျေးရွာနေ ဦးကျော်မြင့်ထွန်း၏ သရက်ဇုန်အတွင်း ကော်ဖီစိုက်ပျိုးထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**ထွန်းလင်း(ဇေယျာမြေ)**



ရှေ့ဖုံးမှအဆက်

မြို့နယ်ဦးစီးမှူးဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်၌ ပြောင်းစိုက်ပျိုးရာတွင် တစ်ဧကလျှင် ငွေကျပ်ငါးသိန်းကုန်ကျစရိတ်ရှိကြောင်း၊ အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူးဦးမျိုးနိုင်က ပြောပြ၍သိရသည်။ **(၂၀၆)**

# ကြံ့ရည်ရွယ်လျက် မလပ်မခြားပြီ မြန်ပြည်အတွက် မရပ်မနားချီ

ပြည်စိုးညိမ်း

"မည်သို့သော အကြောင်းတရားကြောင့်ဖြစ်စေ ခရီးသွားလာရခြင်းမှာ အင်မတန်နှစ်သက်မြတ်နိုးအပ်သော အရာဖြစ်သည်။ ခရီးသွားလာမှုမှတစ်ဆင့် မတူညီသည့်နိုင်ငံများ၊ လူမျိုးများ၏သမိုင်း၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ အတွေးအခေါ်၊ ယုံကြည်မှု၊ ဓလေ့ထုံးစံများကိုသိရှိပြီး လေးစားလိုက်နာခြင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း၊ ကမ္ဘာ့နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ခရီးသွားအတွေ့အကြုံများမှတစ်ဆင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခြင်းစသည့် တန်ဖိုးမဖြတ်နိုင်သော အကျိုးတရားများစွာကို ဖြစ်ထွန်းရရှိစေနိုင်သည်။" ဟူ၍ တရုတ်လူမျိုးစာရေးဆရာ Liu Yu Tang ၏ The Enjoyment of Travel အက်ဆေးတွင် အမှတ်ထင်ထင် ဖတ်ရဖူးသည်။

မှန်ပါသည်၊ ခရီးသွားလာခြင်းမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေခြင်း၊ အပြည်ပြည်ဆိုင်ရာနားလည်မှုရရှိစေရေး၊ ငြိမ်းချမ်းရေး၊ သာသာဝပြောရေးနှင့်တန်းတူအခွင့်အရေးရရှိစေရေး စသောအချက်များကို ရရှိစေနိုင်မည်ဖြစ်သည်။

သည်သဘောကို နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်စဉ်အတွင်း ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့် အကျိုးရလဒ်များနှင့် ချိန်ထိုး၍ သိနိုင်သည်။

သာယာလှပသော ဟာပင်းမြို့၏ ဒုတိယမြောက်နေ့ရက်ပင်ဖြစ်သည်။ စက်တင်ဘာ ၅ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် Beidahaung Smart Agriculture Exhibition Center သို့ သွားရောက်၍ စိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီဒစ်ဂျစ်တယ်နည်းပညာ၊ လူမဲ့နည်းပညာဖြင့် AI စနစ်သုံး ကောက်စိုက်စက်များ၊ ရေသွင်းရေထုတ်ဆောင်ရွက်နေမှုများ၊ Drone နည်းပညာများအသုံးပြု၍ ဆောင်ရွက်နေကြပုံများကို ကြည့်ရှုလေ့လာကြသည်။

မြန်မာနိုင်ငံသည်စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည်။ ခေတ်မီနည်းစနစ်များနှင့်အညီ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ရာနှုန်းပြည့်ကူးပြောင်းနိုင်ရေး အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက်ဆိုလျှင် အပင်အရေအတွက် ပြည့်မီအောင်စနစ်တကျစိုက်ပျိုးခြင်းမှ စတင်ရမည်ဖြစ်သည်။ မျိုးသန့်အသုံးပြုခြင်း၊ မြေသြဇာထည့်ခြင်း၊ မြေပြုပြင်ခြင်းများကို ဆောင်ရွက်ပေးရမည်ဖြစ်သည်၊ ထို့ပြင် စိုက်ပျိုးရေ၊ အောင်ရေရရှိရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ယခုကြည့်ရှုလေ့လာခွင့်ရသည့် နည်းပညာများမှာ ထိုအရာများကို အောင်မြင်စွာ ဖြည့်ဆည်းပေးနိုင်ကြောင်း လက်တွေ့အကျိုးရလဒ်များက သက်သေခံလျက်ရှိသည်။



နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ တန်ဖိုးရှိသောအချိန်များကို တန်ဖိုးရှိသောဆောင်ရွက်မှုများဖြင့် အလဲအထပ်ပြုနေဘိသို့၊ Heilongjiang Huida Technology Co., Ltd သို့ဆက်လက်ထွက်ခွာ၍ မောင်းသူမဲ့ယာဉ်ယန္တရားများထုတ်လုပ်မှု၊ စိုက်ပျိုးရေးအထောက်အကူပြု Drone များထုတ်လုပ်မှု၊ AI စနစ်သုံး မြေအခြေအနေတိုင်းတာရေးပစ္စည်းများ ထုတ်လုပ်မှုတို့ကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်အကြီးအကဲ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သဘောခရီးစဉ်မှာ မပြီးဆုံးသေးပေ။ ဆက်လက်၍ ဟာပင်းမှသည် ချန်ဒူးဆီသို့ ခရီးနှင်ရဦးမည်ဖြစ်သည်။ နေ့လယ်ပိုင်းတွင် ဟာပင်းမြို့ Taiping International Airport မှတစ်ဆင့် ထွက်ခွာခဲ့သည်။ လေယာဉ်စီးချိန် အနည်းငယ်ကြာမြင့်ပြီးနောက် ဒေသစံတော်ချိန် ညနေပိုင်းတွင် ချန်ဒူးမြို့ Chengdu Shuangliu International Airport သို့ ဆိုက်ရောက်ကြသည်။ ချန်ဒူးမြို့သို့ နိုင်ငံတော်အကြီးအကဲ ရောက်ရှိသည့် ငါးကြိမ်မြောက် ခရီးစဉ်လည်းဖြစ်သည်။

ချန်ဒူးမြို့သည် စီချွမ်းပြည်နယ်၏ မြို့တော်ဖြစ်သည်။ လူဦးရေ ၁ ဒသမ ၆ သန်းကျော် မှီတင်းနေထိုင်လျက်ရှိသည်။ ကုန်စည် ကူးသန်းရောင်းဝယ်ရေးနှင့် ဖြန့်ဖြူးရေးတွင် ဗဟိုချက်ကျသည်နှင့်အညီ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေသော ခေတ်မီမြို့ကြီးတစ်မြို့လည်းဖြစ်သည်။

ချန်ဒူးမြို့တွင် ပြီးခဲ့သည့် ဩဂုတ် ၇ ရက်မှ ၁၇ ရက်ထိ ကမ္ဘာ့အားကစားပြိုင်ပွဲကျင်းပခဲ့ရာ ၎င်းပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံနဂါးလှေလှော်အသင်းသည် ပြိုင်ပွဲလေးခု၌ ဗိုလ်လုပွဲထိ တက်ရောက်နိုင်ခဲ့သည်မှာ ဂုဏ်ယူဖွယ်ပုံရိပ်များပင်ဖြစ်သည်။

ချန်ဒူးမြို့သို့ရောက်ရှိပြီးမကြာမီ ဒေသစံတော်ချိန် ည ၆ နာရီတွင် စီချွမ်ပြည်နယ်ပါတီအတွင်းရေးမှူး Mr. Wang Xiaohui နှင့် Jin Jiang Hotel ၌ တွေ့ဆုံဆွေးနွေးသည်။

နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများကို အကျယ်တဝင့်ဆွေးနွေးကြပြီးသည့်နောက် နိုင်ငံတော်အကြီးအကဲက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ချိန်တွင်လူသားချင်းစာနာထောက်ထားစွာဖြင့် စီချွမ်ပြည်နယ်မှ အကူအညီပေးရေးအဖွဲ့များ အလျင်အမြန်စေလွှတ်ပေးခဲ့မှုအပေါ် မမေ့မလျော့ကျေးဇူးစကားဆိုသည်။

ဆက်လက်၍ စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာများပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ချန်ဒူးမြို့၏ ဒုတိယနေ့ ခရီးစဉ် စက်တင်ဘာ ၆ ရက်တွင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် China Southwest Architectural Design and Research Institute Corporation(CSWADI) သို့ သွားရောက်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံများ ပြည့်စုံနေရန်လိုအပ်သည်။ တစ်ဖန် ထိုအဆောက်အအုံများ၏အရည်အသွေးမှာလည်း မြင့်မားကောင်းမွန်နေရန်လိုအပ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရည်အသွေးမြင့်မားသော အခြေခံအဆောက်အအုံများတည်ဆောက်ခြင်းမှာ မလွဲမသွေဆောင်ရွက်နေရမည့်အရာပင်ဖြစ်သည်။



ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများက စွမ်းအင်ချွေတာနိုင်သည့် ဆောက်လုပ်ရေးစီမံကိန်းများ၊ အထပ်မြင့်အဆောက်အအုံများ၊ တံတားများ၊ ဟိုတယ်များ၊ အားကစားရုံများ၊ ဆေးရုံများ၊ နိုင်ငံတကာတွင် ဆောက်လုပ်လျက်ရှိသည့်အဆောက်အအုံများနှင့် ငလျင်ဒဏ်ခံအဆောက်အအုံများ ဆောက်လုပ်နိုင်ရန် သုတေသနပြုလုပ်၍ ဒီဇိုင်းအသစ်များရေးဆွဲဆောက်လုပ်လျက်ရှိမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။ နိုင်ငံတော်အကြီးအကဲကလည်း အမိနိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့်အရာများကို မေးခွန်းများမေး၍ စေ့ငုသည်။ စူးစမ်းသည်။ စိတ်အားထက်သန်စွာ ပြန်လည်ဆွေးနွေး၍ အပြုသဘောဆောင်သောရလဒ်ကောင်းများကို ဆောင်ကြဉ်းသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ်တွေ့ဆုံပွဲကို ကျင်းပသည်။ နေရာမှာ Shangri la ဟိုတယ်၌ဖြစ်၏။ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစီပယ်ဒေသနှင့် ဟူနန်ပြည်နယ်တို့မှ တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးပညာရှင်များ စုံညီစွာတက်ရောက်ကြသည်။ အသစ်အသစ်သော ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များလည်း တက်ရောက်ကြသည်။

နိုင်ငံတော်အကြီးအကဲက အမှာစကားကို နှစ်ကာလကြာမြင့်စွာ ဖြစ်ထွန်းခိုင်မာလျက်ရှိသည့် နှစ်နိုင်ငံချစ်ကြည်ရေး သမိုင်းကြောင်းမှအစပြု၍ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြင့်မားတိုးတက်လာမှုများကို ခိုင်မာသည့်အချက်အလက်များ၊ ကိန်းဂဏန်းစာရင်းဇယားများဖြင့် အစပြုသည်။

မြန်မာ-တရုတ်နယ်စပ်တစ်လျှောက်တွင် စုစုပေါင်း နယ်စပ်ဂိတ်ရှစ်ခုရှိသည့်အနက် လုံခြုံရေးအခြေအနေအရ နယ်စပ်ဂိတ်တစ်ခုသာဖွင့်လှစ်နိုင်သည်။ နှစ်နိုင်ငံနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်လာမည်ဖြစ်သည်။ ထိုအခါ မြန်မာနိုင်ငံ အရှေ့မြောက်ဒေသမှတစ်ဆင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစီပယ်ဒေသ၊ ကွမ်ရှီးပြည်နယ်နှင့် နန်နင်းမြို့ထိကုန်သွယ်ရေးလမ်းကြောင်းကို ဆက်လက်တိုးချဲ့နိုင်ပေမည်။ သို့ဆိုလျှင် တရုတ်-မြန်မာနှစ်နိုင်ငံလုံးအတွက် **စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

စာမျက်နှာ ၁၈ မှအဆက်


အဓိကကုန်သွယ်ရေးလမ်းကြောင်းကြီးဖြစ်လာမည့်အပြင် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်းဒေသ၊ အလယ်ပိုင်းနှင့်တောင်ပိုင်းဒေသများမှ မြန်မာနိုင်ငံကိုပေါင်းကူးတံတား(Landbridge)အနေဖြင့်အသုံးပြုပြီး အာဆီယံနိုင်ငံများသို့လည်း စီးပွားရေးဆိုင်ရာ ကုန်သွယ်ချိတ်ဆက်မှုများ ဆက်လက်လုပ်ဆောင်လာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ဆွေးနွေးမှုများမှာ မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ဦးတည်သည်။ ထိုနည်းတူ အခြားတစ်ဖက်သို့လည်း အခွင့်အလမ်းများကိုလမ်းဖွင့်ပေးခြင်းဖြင့် သိမ်မွေ့သော သံတမန်စွမ်းရည်နှင့် ကျယ်ပြန့်သောစီးပွားရေးအမြင်တို့ ပေါင်းစပ်နေသည်ကို တွေ့မြင်နိုင်သည်။

ချန်ဒူးမြို့သည် တရုတ်နိုင်ငံအနောက်ပိုင်းရှိ အဓိကစီးပွားရေးစင်တာကြီးဖြစ်သည်။ Intel၊ Foxconn၊ Dell တို့ကဲ့သို့သော အီလက်ထရောနစ်နှင့် အိုင်တီနည်းပညာကုမ္ပဏီများ၊ စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ၊ စားသောက်ကုန်နှင့်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများစသည်ဖြင့် လုပ်ငန်းကြီးပေါင်းများစွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံအနောက်ပိုင်းဒေသတွင် ပထမဆုံး AI နည်းပညာဆန်းသစ်တီထွင်မှုနှင့် အသုံးချမှုစမ်းသပ်ဇုန်အဖြစ်မှတ်တိုင်ထူခဲ့သော မြို့လည်းဖြစ်သည်။

ဆက်လက်၍ စီချွမ်ပြည်နယ်နှင့်မန္တလေးတိုင်းဒေသကြီးတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့်ချန်ဒူးမြို့တို့အကြား ချစ်ကြည်ရေးညီအစ်မမြို့ တည်ထောင်ရေးဆိုင်ရာများ၊ ရန်ကုန်-ချန်ဒူး ခရီးသည်တင်လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲရေးဆိုင်ရာကိစ္စရပ်များ၊ တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative-BRI) တွင်မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများအပါအဝင် စီးပွားရေး၊ ပညာရေး၊ ပို့ဆောင်ရေး၊ ရေနက်ဆိပ်ကမ်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ငလျင်ဘေးဒဏ်သင့်အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးစသည်ဖြင့် ကျယ်ပြန့်သောအခွင့်အလမ်းကောင်းများကို ဖော်ထုတ်ဆွေးနွေးသည်။ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ချိန်တွင် လုံခြုံရေးအရ အကာအကွယ်ပေးနိုင်ရေး ဆောင်ရွက်ထားကြောင်းကိုလည်း သတင်းစကားပါးသည်။

ထိုသို့ စီးပွားရေးဆိုင်ရာ အခင်းအကျင်းများနှင့် အခွင့်အလမ်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြီးသည်နှင့် နှစ်ကာလကြာမြင့်စွာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဖြင့် အေးအတူပူအမျှ နေထိုင်လာကြသည့် မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်သဖြင့် မြန်မာနိုင်ငံသို့ ယုံယုံကြည်ကြည်ရဲရဲတင်းတင်း လာရောက်ရင်းနှီးမြှုပ်နှံကြရန် နိုင်ငံတော်အကြီးအကဲက ဖိတ်ခေါ်ခြင်းပြုသည်။



တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ စိတ်အားထက်သန်စွာ တုံ့ပြန်ဆွေးနွေးမှုများကလည်း အားတက်ဖွယ်ဖြစ်သည်။ “ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ” ဆိုသော မြန်မာစကားပုံတစ်ခုရှိသည်။ သည်ဘက်ခေတ်တွင်ထိုအဓိပ္ပာယ်မျိုးကိုပင် win-win အခြေအနေဟု သုံးနှုန်းကြလေ့ရှိသည်။ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေခြင်းဆိုသည်မှာ အရှည်သဖြင့် အလွန်ကောင်းမွန်သော မူခြေတစ်ခုပင်ဖြစ်သည်။ ပါဝင်သူများ၏ စိတ်သဘောထားကြီးမြင့်မှုနှင့် ရင့်ကျက်ခြင်းကို ပြသနိုင်သည့် အမှတ်လက္ခဏာလည်းဖြစ်သည်။

Shangri la ဟိုတယ်၏ အောင်မြင်သော တွေ့ဆုံမှုအပြီးတွင် အချိန်မှာ မွန်းလွဲပိုင်းသို့ပင် ရောက်ရှိခဲ့လေပြီ။ နိုင်ငံတော်အကြီးအကဲ၏ တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်မှာ အပိုင်းသုံးပိုင်းစလုံး အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီဖြစ်သည်။

အချိန်ဟူသည် ရပ်တန့်နေသည်ဟူ၍ မရှိစကောင်း။ ထို့အတူပင် တာဝန်သိသိ၊ တာဝန်ရှိရှိလုပ်ကိုင်ဆောင်ရွက်နေကြသူတို့သည်လည်း ထိုအချိန်တို့နှင့်အတူပင် မရပ်မနား ခရီးနှင်လျက်ရှိကြပါ၏။ ခရီးစဉ်တစ်လျှောက်တွင် နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့်ကိုယ်စားလှယ်ကြီးများထမ်းဆောင်ရသော တာဝန်ဝတ္တရားများမှာ ကြီးမားလှပေသည်။ သို့သော် သူတို့ခြေလှမ်းများမှာ ဖြောင့်မတ်ကြံ့ခိုင် မယိမ်းမယိုင်ရှိနေကြ၏။ မိမိနိုင်ငံကိုကိုယ်စားပြုသည့် အကြီးအကဲတစ်ဦးက ကမ္ဘာ့မျက်နှာစာတွင် နိုင်ငံနှင့်ချီသည့် အတ္တ-ပရ မျှတသော အကျိုးရလဒ်များကို ရည်ညွှန်းဖော်ဆောင်ပေးနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည်တန်ဖိုးနှင့်အလုပ်ပြီးမြောက်မှုနှုန်းမှာ နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အနမတဂ္ဂပင်ဖြစ်သည်ဟု ဆိုရပါမည်။ မိမိနိုင်ငံတော်၊ မိမိနိုင်ငံသားများနှင့် အိမ်နီးချင်းမိတ်ဖက်နိုင်ငံတည်းဟူသော မျက်နှာစာသုံးရပ်အတွက် မျှတညီညွတ်သော အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်ခဲ့ကြသည်။ ကမ္ဘာ့စင်မြင့်ထက်တွင် မိတ်ကောင်းဆွေကောင်းတို့၏ တန်ဖိုးကြီးမားသော ဂုဏ်အင်္ဂါရပ်များကို သက်သေစိုက်ထူနိုင်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ရှိ Chengdu Shuangliu အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ မြန်မာစံတော်ချိန် ညနေပိုင်းအချိန်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြသည်။



လေဆိပ်တွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသားတရုတ်နွယ်ဖွား ပြည်သူများ၊ တရုတ်ရိုးရာ နဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

တိုင်းရင်းသားရိုးရာ အကအလှအဖွဲ့များကလည်း ပျော်ရွှင်ဝမ်းမြောက်စွာ တီးမှုတ်ကခုန်၍ ဂုဏ်ပြုကြိုဆိုကြသည်။ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်ပြန်လည်ရောက်ရှိမှုကို ဝမ်းပန်းတသာကြိုဆိုနှုတ်ဆက်ကြခြင်းပင်ဖြစ်သည်။ အမိအဖသဖွယ်ဖြစ်သော နိုင်ငံ့ခေါင်းဆောင်အပေါ် သူတို့တစ်တွေ၏ ယုံကြည်ကိုးစားမှုနှင့် အားပေးထောက်ခံမှုကို တစ်ခဲနက်ပြသကြခြင်းဖြစ်သည်။ ကြိုဆိုသူတိုင်း၏ လက်ဝယ်တွင် မြန်မာနိုင်ငံအလံနှင့် တရုတ်နိုင်ငံအလံငယ်လေးများမှာ ညနေခင်း၏ အေးမြသော လေပြည်နှင့်အတူ တလူလူ တဖျပ်ဖျပ် လွင့်မြူးလျက်ရှိနေကြသည်။

“မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအလိုက် အောင်မြင်ပါစေ”၊ “နိုင်ငံ့အရေးအတွက် ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါ၏”၊ “မြန်မာ-တရုတ် အေးအတူပူအမျှဖြင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်မှု အောင်မြင်ပါစေ” စသည့် ဆိုင်းဘုတ်များကိုလည်းကောင်း၊ အကြီးအကဲ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်အတွင်း စွမ်းစွမ်းတမံ လှုပ်ရှားဆောင်ရွက်ခဲ့သည့်ရုပ်ပုံများကိုလည်းကောင်း လက်ဝယ်ကိုယ်စီ အမြတ်တနိုးကိုင်ဆောင်ထားကြသည်။

“တရုတ်-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်ပါစေ”၊ “အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာပါစေ”၊ “ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာပါစေ”၊ “တရုတ်-မြန်မာ ချစ်ကြည်ရေးခိုင်မြဲပါစေ”၊ “တရုတ်-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်ပါစေ” စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညီ ဟစ်ကြွေး၍ သောင်းသောင်းဖြဖြ ကြိုဆိုနေကြပုံမှာ ကြက်သီးမွေးညင်းထဖွယ်ဖြစ်သည်။ အကြီးအကဲကလည်း ကားမှန်ကိုချ၍လက်ပြကာ အပြုံးဖြင့်တုံ့ပြန်နှုတ်ဆက်လေသည်။ နိုင်ငံတော်အကြီးအကဲ၏ စေတနာအရင်းခံဖြင့် ကြိုးစားအားထုတ်ခဲ့မှုများကို ပြည်သူအပေါင်းက ဝမ်းမြောက်ဝမ်းသာ အသိအမှတ်ပြုဂုဏ်ပြုကြိုဆိုကြသည်။ ယင်းတို့၏ စေတနာစိတ်ဖြင့် ကြိုဆိုမှုများကို အကြီးအကဲက မေတ္တာစိတ်ဖြင့် ကမ်းလင့်တုံ့ပြန်သည်။ မေတ္တာဆိုသည်မှာ အလျားအနံမရှိသော်ငြား ကူးလူးတုံ့တင် အသွားအပြန်ရှိတတ်သည်ဆိုခြင်းမှာ မှန်လှပါ၏။ အပေးအယူမျှမျှ သဟဇာတကျကျဖြင့် မင်္ဂလာရှိသော မြင်ကွင်းတစ်ရပ်ပင်ဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ပြည်တော်ပြန်ခရီးကို တာဝန်ရှိပုဂ္ဂိုလ်များသာမက တိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ မြန်မာနိုင်ငံသားတရုတ်နွယ်ဖွားပြည်သူများ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသား၊ကျောင်းသူများနှင့် ဒေသခံပြည်သူများကပါ သောင်းသောင်းဖြဖြ လှိုက်လှဲနွေးထွေးစွာ ဂုဏ်ပြုကြိုဆိုနေကြသည့်မြင်ကွင်းမှာ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အေးအတူပူအမျှတစ်သားတည်းဖြစ်သော ခံစားမှုတို့ကို နွေးထွေးစွာခံစားရစေသည်။

အထူးပြု၍ဆိုရပါလျှင်ကြံ့ရည်ရှယ်လျက် မလပ်မခြားစေရန် မြန်ပြည်အတွက် မရပ်မနားချီခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သဘောခရီးစဉ်မှာ အောင်ပန်းအထွေထွေနှင့် အောင်လမ်းလျှောက်နိုင်ခဲ့သည့် အောင်မြင်သောခရီးစဉ်တစ်ခုဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# စစ်ကိုင်းမြို့ ရွှေမင်းဝံဈေး မြန်မာ-တရုတ်ချစ်ကြည်ရေး ဈေးရုံ ရတနာပန္နက်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနား ကျင်းပ




**မုံရွာ စက်တင်ဘာ ၇**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် မြန်မာ-တရုတ် ကုမ္ပဏီများအသင်းတို့ ပူးပေါင်းလှူဒါန်း၍ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ ကူညီဆောင်ရွက်သည့် စစ်ကိုင်းမြို့ ရွှေမင်းဝံဈေး မြန်မာ-တရုတ်ချစ်ကြည်ရေးဈေးရုံ ရတနာပန္နက်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဈေးရုံတည်ဆောက်မည့် မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ယာယီတာဝန်ခံ Ms Cao Ping၊ မြန်မာ-တရုတ် ကုမ္ပဏီများအသင်းဥက္ကဋ္ဌ Mr.Liu Ming နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေမင်းဝံဈေး မြန်မာ-တရုတ်ချစ်ကြည်ရေးဈေးရုံ သစ်ဆောက်လုပ်မည့် မြေနေရာရှိ သတ်မှတ်နေရာများတွင် ပန္နက်တင်ခြင်းနှင့် တွင်းတော်ဝန်းမင်္ဂလာကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တရုတ်သံရုံး ယာယီတာဝန်ခံနှင့် မြန်မာ-တရုတ် ကုမ္ပဏီများအသင်းဥက္ကဋ္ဌတို့က ဈေးရုံသစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တရုတ်သံရုံး ယာယီတာဝန်ခံနှင့် မြန်မာ-တရုတ် ကုမ္ပဏီများအသင်းဥက္ကဋ္ဌထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ပညာရေးတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပသည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ အတွေ့အကြုံ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ်ထံ သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက လူငယ်ဖိုရမ်အထိမ်းအမှတ်တံဆိပ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးက စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ်ထံ စစ်ကိုင်းမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များအတွက် အားကစားပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ တက်ရောက်ခဲ့သည့် အုပ်ချုပ်သူတစ်ဦးက ဖိုရမ်အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက စစ်ကိုင်းတိုင်းဒေသကြီး သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က သီဆိုကပြခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှု၊ လျှပ်စစ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ စူဠာမဏိကောင်းမှုတော်စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်မွမ်းမံနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(ပြန်/ဆက်)

# တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြုလုပ်



၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၂၅ ခုနှစ် ရှမ်းပြည်နယ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ပြုလုပ်ရာ အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦး၊ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ပြိုင်ပွဲဝင်များ၊ ဝါသနာရှင်များ၊ အကဲဖြတ်ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူတို့က ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ယင်းနောက် တောင်ကြီးတက္ကသိုလ်မှ ကျောင်းသူတစ်ဦးက မြတစ်ခက်သီချင်းဖြင့်လည်းကောင်း၊ ဓနုစာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ဓနုတိုင်းရင်းသားရိုးရာ အကဖြင့်လည်းကောင်း၊ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ဖြင့်လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်မှ ဖျော်ဖြေတင်ဆက်ကြသူများကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

အဆိုပါ ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယနေ့မှ စက်တင်ဘာ ၈ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၇**

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ နမ့်စန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) အသုံးပြု၍ မဲပေးခြင်းရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)တွင် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးကြပြီး သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးနေမှုကို တွေ့ရစဉ်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။


(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# အတိတ်ကိုသင်ခန်းစာယူ..... အနာဂတ်ကိုထုဆစ်..... တိုးတက်စေကြောင်းအားသစ်လောင်း.....

**မောင်ငြိမ်းချမ်း**



အတိတ်ဆိုတာ မေ့ပျောက်ပစ်လိုက်လို့ရတဲ့အရာမဟုတ်ပါ။ ဒါပေမဲ့လည်း အတိတ်ဆိုတာကို အကြိမ်ကြိမ်ပြန်လည်တွေးတောပြီး နောင်တရနေရမယ့်အရာလည်း မဟုတ်ပြန်ပါဘူး။ ဒါဆိုရင်အတိတ်ဆိုတာ ဘာအတွက်တည်ရှိနေတာလဲ။ တကယ်တမ်း လက်တွေ့ကျကျစဉ်းစားကြည့်ရင် အတိတ်ဆိုတာ သင်ခန်းစာယူလို့မကုန်နိုင်တဲ့ ဘဏ်တိုက်ကြီးတစ်ခုလိုပါပဲ။ ဘာကြောင့်ပါလဲ။ ကျွန်တော်တို့လူသားအားလုံးဟာ အတိတ်ကိုပိုင်ဆိုင်ခဲ့ကြဖူးပါတယ်။ ပိုင်ဆိုင်ခဲ့ဖူးတဲ့အတိတ်တိုင်းမှာလည်း အကောင်းအဆိုးတွေရောပြွမ်းနေစမြဲပါ။ လူဆိုတာ အမှားနဲ့မကင်းနိုင်ဘူးမဟုတ်လား။ ဒါကြောင့် အတိတ်တိုင်းမှာ အမှားဆိုတာက မရှိမဖြစ်ပါဝင်နေမယ့်အရာဖြစ်ပါတယ်။ အတိတ်မှာအမှားတွေ ဘယ်လောက်ပဲများခဲ့ပါစေ။ ကျွန်တော်တို့အားလုံးဟာ ပစ္စုပ္ပန်ကိုလက်ကိုင်ထားပြီး အနာဂတ်ကိုဆက်လက်လျှောက်လှမ်းကြမယ့်သူတွေချည်းပဲ မဟုတ်ပါလား။ ဒါဆိုရင် ဘာကြောင့်များ အတိတ်ကို လွမ်းဆွေးတမ်းတနေကြရဦးမှာလဲ။

လူသားတိုင်းမှာအတိတ်ဆိုတာရှိသလို လူသားများနဲ့သက်ဆိုင်နေတဲ့နိုင်ငံဆိုသည်မှာလည်း အတိတ်မှာအမှားနဲ့မကင်းပါဘူး။ ဘာကြောင့်လဲဆိုရင် ဒီနိုင်ငံဆိုတာကို လူသားတွေကပဲ ဖန်တီးထားကြတဲ့အတွက်ပါ။ ဒါကြောင့် တစ်ချိန်တုန်းက နိုင်ငံတွေဆိုတာလည်း အမှားတွေရှိခဲ့ဖူးကြတာပဲ။ မျက်မှောက်ခေတ်မှာတော့ အတိတ်ရဲ့အမှားများကို သင်ခန်းစာယူပြီး ကောင်းမွန်တဲ့အနာဂတ်ကို ပုံဖော်ထုဆစ်နေကြတဲ့ နိုင်ငံများလည်းရှိသလို အတိတ်ကိုသင်ခန်းစာမယူနိုင်ဘဲ ဆက်ပြီးမိုက်လုံးကြီးနေဆဲနိုင်ငံများလည်း ရှိပါတယ်။ အထူးသဖြင့် မိုက်လုံးကြီးနေဆဲလူသားများရဲ့အတွေးများကြောင့် အဲဒီလူသားတွေနေထိုင်ရာနိုင်ငံသည်လည်း အခုအချိန်အထိ အတိတ်နွံထဲကနေရုန်းမထွက်နိုင်ကြသေးတာပါ။ ဒီနေရာမှာ ကျွန်တော့်ရဲ့ပုဂ္ဂလိကအမြင်အရပြောရမယ်ဆိုရင် တရုတ်နိုင်ငံကို တော်တော်လေးကို အထင်ကြီးလေးစားမိပါတယ်။ ဘာကြောင့်လဲဆိုတာကို ဆက်ရှင်းပြပါမယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၉၀ ကျော်၁၀၀ နီးပါးလောက်က တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ မန်ချူးရီးယားဒေသကို ဂျပန်တို့က ကျူးကျော်ဝင်ရောက်တိုက်ခိုက်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ သက္ကရာဇ်အားဖြင့်ဆိုရင် ၁၉၃၁ ခုနှစ်ပေါ့။ ဒါကို အာရှဒေသမှာ ဒုတိယကမ္ဘာစစ်စတင်ခြင်းလို့လည်း သတ်မှတ်နိုင်ပါတယ်။ ဒါ့အပြင် ၂၀ ရာစုအတွင်း အာရှဒေသမှာ အကြီးဆုံးသောစစ်ပွဲဖြစ်တယ်လို့လည်း သတ်မှတ်ကြပါတယ်။ အဲဒီအချိန်ကစလို့ တရုတ်နိုင်ငံဟာ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲကို စတင်ဆင်နွှဲခဲ့ရပါတော့တယ်။ ဒါပေမဲ့လည်း လက်နက်အင်အားနည်းပါးမှု၊ စုစည်းဆောင်ရွက်နိုင်ခြင်း အားနည်းမှု၊ စစ်နည်းဗျူဟာ အားနည်းမှုတို့ကြောင့် ဂျပန်တို့ရဲ့ ကျူးကျော်စစ်မှာ တရုတ်နိုင်ငံရဲ့ဒေသတချို့ပွဲ့ပါသွားရပါတယ်။ ၁၉၃၇ ခုနှစ်အရောက်မှာတော့ တရုတ်နိုင်ငံပေကျင်းမြို့အနီးရှိမာကိုပိုလိုတံတားမတော်တဆမှုဖြစ်စဉ်ကနေစပြီး ဂျပန်ဟာတရုတ်နိုင်ငံရဲ့ ကျန်ရှိတဲ့ဒေသများကိုစစ်ပွဲကြီးအသွင်ဆင်နွှဲလာပါတော့တယ်။

တရုတ်ပြည်သူများရဲ့စည်းလုံးညီညွတ်စွာနဲ့ စစ်ပွဲအတွင်း အသက်နဲ့ခန္ဓာကိုယ်ကိုစွန့်လွှတ်ပြီး မိမိတို့နိုင်ငံကိုကာကွယ်ခဲ့ကြတဲ့အတွက် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂ ရက်မှာ ဂျပန်တို့ကလက်နက်ချအညံ့ခံသွားရပါတယ်။ ဒါကြောင့် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၃ ရက်ကို တရုတ်နိုင်ငံက တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်းနေ့လို့ သတ်မှတ်ခဲ့တာပါ။ အခု ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃ ရက်မှာတော့ ဒီလိုအောင်ပွဲနေ့ကြီးဟာ နှစ်ပေါင်း ၈၀ တင်းတင်းပြည့်ခဲ့ပါပြီ။

ဂျပန်က မန်ချူးရီးယားကို စတင်ကျူးကျော်သိမ်းပိုက်ခြင်းမတိုင်မီကတည်းက တရုတ်နိုင်ငံထဲမှာ ပြည်တွင်းစစ်ဖြစ်ပွားနေခဲ့ပါတယ်။ ဒါပေမဲ့ ဂျပန်တို့ကျူးကျော်မှုနဲ့ရင်ဆိုင်ရအပြီးမှာတော့ ရရာလက်နက်စွဲကိုင်ပြီး ဂျပန်ကိုတွန်းလှန်တိုက်ပွဲဝင်ခဲ့ကြပါတယ်။ စစ်လက်နက်ပစ္စည်းမပြည့်မစုံနဲ့ပေါ့။ တပ်ဖွဲ့ဆိုတာကလည်း ပြောက်ကျားတပ်ဖွဲ့ငယ်လေးမျှသာရှိတာပါ။ စစ်လက်နက်ပစ္စည်းမပြည့်စုံတဲ့အတွက် ပေးဆပ်လိုက်ရတဲ့အသက်သွေးချွေးတွေဟာ သန်းနဲ့ချီရှိပါတယ်။ ဒါပေမဲ့ တရုတ်နိုင်ငံဟာ ဒီပေးဆပ်မှုကို သင်ခန်းစာယူစရာကိစ္စတစ်ခုအဖြစ် ခံယူခဲ့ပါတယ်။

ဒါကြောင့်လည်း ဒုတိယကမ္ဘာစစ်ကြီးပြီးသွားချိန်မှာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်သလို၊ စီးပွားရေးကိုလည်းဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းပါတယ်။ တစ်ချိန်တည်းမှာပဲ စစ်အင်အားကိုလည်း တိုးတက်အောင် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် အခုဆိုရင်တရုတ်ပြည်သူများရဲ့ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်းနေ့ နှစ်(၈၀)ပြည့် စစ်ရေးပြအခမ်းအနားကြီးနဲ့အတူ အဆင့်မြင့်မားလှတဲ့စစ်လက်နက်ပစ္စည်းများကို ထုတ်ဖော်ပြသပြီး ပွဲခံနိုင်ခဲ့ပါတယ်။ ပေကျင်းမြို့ရှိ တီယန်အန်မင်ရင်ပြင်ဟာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ ပထမဆုံးသော စစ်ရေးပြအခမ်းအနားကို ကျင်းပခဲ့ပါတယ်။ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ပေါ့။ အဲဒီစစ်ရေးပြအခမ်းအနားမှာ ပြောက်ကျားတပ်ဖွဲ့ငယ်လေးက ရန်သူ့ထံမှသိမ်းဆည်းရမိစစ်လက်နက်ပစ္စည်းများကိုသာ ထုတ်ဖော်ပြသနိုင်ခဲ့တာပါ။ နှစ်ပေါင်း ၈၀ နီးပါးကြာမြင့်တဲ့အချိန် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃ ရက်မှာတော့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဟာ တကယ့်ကို ကမ္ဘာ့ထိပ်တန်းတပ်မတော်လို့ခေါ်ဆိုနိုင်တဲ့အခြေအနေအထိ တိုးတက်လာခဲ့တာကို ကမ္ဘာတစ်ဝန်းက မျက်ဝါးထင်ထင်မြင်တွေ့လိုက်ကြရပါပြီ။



ဒီစစ်ရေးပြအခမ်းအနားကြီးမှာ စစ်သည်အင်အား ၁၀၀၀၀ ကျော်က စစ်လက်နက်ပစ္စည်းရာပေါင်းများစွာကိုကိုင်ဆောင်ပြီး စစ်ရေးပြခဲ့ကြတာဖြစ်ပါတယ်။ အဲဒီစစ်လက်နက်ပစ္စည်းတွေထဲမှာ ယနေ့ခေတ်စစ်ပွဲအတွက်မရှိမဖြစ်အရေးပါတဲ့ ဒရုန်းအမျိုးမျိုး၊ လက်နက်ငယ်အသစ်များ၊ တင့်နဲ့ သံချပ်ကာအသစ်များ၊ လေကြောင်းရန်ကာကွယ်ရေးစနစ်အမျိုးမျိုး၊ လေဆာလက်နက်များ၊ မိုက်ခရိုဝေ့လက်နက်များ အစရှိသည်ဖြင့်ပါဝင်ပါတယ်။ ဒါပေမဲ့ ကမ္ဘာတစ်ဝန်းရှိ စစ်ရေးပြအခမ်းအနားကြည့်ရှုနေသူများကို အံ့သြမှင်တက်သွားနိုင်တာကတော့ ကီလိုမီတာ ၂၀၀၀၀ အထိရောက်ရှိပျံသန်းနိုင်တဲ့ နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော တိုက်ချင်းပစ်ဒုံးကျည်အမျိုးမျိုးပါပဲ။ ကျွန်တော့်အနေနဲ့ တရုတ်နိုင်ငံကိုအထင်ကြီးလေးစားရတဲ့အကြောင်းရင်းကဒါပါပဲ၊ သူတို့က မပိုင်ဆိုင်သေးတာကို ပိုင်ဆိုင်နိုင်လာအောင်၊ ပိုင်ဆိုင်ပြီးသားဟာကိုလည်း ပိုမိုအဆင့်မြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်စွမ်းရှိလို့ဖြစ်ပါတယ်။

နောက်တစ်ပိုင်းကကျတော့ ဒီစစ်ရေးပြအခမ်းအနားကြီးက ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် ဘယ်လောက်အထိအရေးပါလဲဆိုတဲ့အကြောင်းပါ။ ကျွန်တော်တို့ကမ္ဘာကြီးဟာ အင်အားကြီးမားသူက အင်အားနည်းပါးသူကိုအနိုင်ကျင့်တတ်တဲ့ တောတွင်းဥပဒေအတိုင်းဖြစ်တည်လာခဲ့တာ နှစ်ပေါင်းများစွာကြာနေပါပြီ။ အင်အားကြီးမားသူက အင်အားနည်းပါးသူကို ဘာကြောင့်အနိုင်ကျင့်ရတာလဲဆိုရင် သူတို့ရဲ့လိုအင်ဆန္ဒပြည့်ဝဖို့အတွက် အသုံးချခြင်းမျိုးဖြစ်ပါတယ်။ အင်အားကြီးသူအချင်းချင်း အနိုင်ကျင့်ဖိုလ်ကျလေ့ရှိတယ်ဆိုတာကို ဘယ်သူကမှကြားဖူးမယ်မထင်ပါဘူး။ ဘယ်သူကမှမကြားဖူးသလို ဒီလိုကိစ္စမျိုးဆိုတာကလည်း ဘယ်တုန်းကမှမရှိခဲ့ဖူးပါဘူး။ ဒါဟာ အနိုင်ကျင့်လိုတဲ့အင်အားကြီးသူက တစ်ဖက်ကအင်အားကြီးသူကို သွားပြီးအနိုင်ကျင့်လိုက်ရင် ရင်ဆိုင်ရမယ့်ဆုံးရှုံးမှုက အင်မတန်ကြီးမားမှာကို အားလုံးကသိထားကြလို့ပဲဖြစ်ပါတယ်။

ကမ္ဘာကြီးမှာ အင်အားချိန်ခွင်လျှာက တစ်ဖက်စောင်းနင်း ဖြစ်နေခဲ့တာ တော်တော်ကြာနေပါပြီ။ အထူးသဖြင့် အနောက်အုပ်စုတစ်ခုတည်းကဦးဆောင်တဲ့ ကမ္ဘာကြီးမှာဖြစ်တည်လာသမျှအရာအားလုံးက သူတို့စိတ်တိုင်းကျဖြစ်နေရတာပါ။ ဒါကြောင့် ကမ္ဘာကြီးဟာဝင်ရိုးတစ်ခုတည်းပေါ်မှာရပ်တည်ပြီး လည်ပတ်နေရသလိုဖြစ်လာပါတယ်။ ဒီအချိန်မှာ အင်အားချိန်ခွင်လျှာကိုညှိဖို့က မရှိမဖြစ်လိုအပ်ချက်ဖြစ်လာပါတယ်၊ အင်အားချိန်ခွင်လျှာညှိတယ်ဆိုတာ လိုအပ်ချက်တစ်ခုတည်း ပြီးပြည့်စုံရုံနဲ့မရနိုင်ပါဘူး။ ဥပမာအားဖြင့် စီးပွားရေးအင်အားတောင့်တင်းခိုင်မာနေမှုတစ်ခုတည်းနဲ့ မရသလို စစ်လက်နက်ပစ္စည်းအင်အားတောင့်တင်းခိုင်မာမှုတစ်ခုတည်းနဲ့လည်း မရနိုင်ပါဘူး။

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

အနည်းဆုံးတော့ စီးပွားရေးနဲ့စစ်လက်နက်ပစ္စည်းအင်အားတောင့်တင်းခိုင်မာမှသာ ကမ္ဘာ့အင်အားချိန်ခွင်လျှာကိုညှိနိုင်မှာပါ။ ဒီအချက်တွေကို တရုတ်နိုင်ငံက ပြည့်စုံအောင် ဖန်တီးလိုက်နိုင်ပါပြီ။

တရုတ်နိုင်ငံဟာ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ကိုတိုက်ခိုက်အောင်မြင်သွားတဲ့အတွက် ဗြိတိန်၊ အမေရိကန်၊ ဆိုဗီယက်ပြည်ထောင်စုတို့နဲ့အတူ ကမ္ဘာ့ပုလိပ်ကြီးလေးဦးစာရင်းမှာပါဝင်ခဲ့ပါတယ်၊ သူတို့က ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ပေါ့။ ဒါပေမဲ့ တကယ်တမ်းမှာ ဆိုဗီယက်ပြည်ထောင်စုသည် သပ်လျှိုသွေးခွဲမှုများကြောင့် ပြိုကွဲခဲ့ရပါတယ်။ ကမ္ဘာကြီးမှာလည်း ကြီးနိုင်ငယ်ညှဉ်းကိစ္စတွေက ပိုလို့သာများလာခဲ့ပါတယ်။ ကမ္ဘာ့အင်အားချိန်ခွင်လျှာသည်လည်း တစ်ဖက်စောင်းနင်းဖြစ်သွားခဲ့ပါတယ်၊ တရုတ်နိုင်ငံကတော့ ကမ္ဘာ့ငြိမ်းချမ်းရေးကိုထိန်းသိမ်းသူဆိုတဲ့ဂုဏ်ပုဒ်နဲ့အညီ ပြုမူနေထိုင်ကျင့်ကြံလာခဲ့တာ အခုအချိန်အထိပါပဲ။ ဒါဟာ တရုတ်နိုင်ငံအနေနဲ့ အတိတ်ကလိုအပ်ချက်များကိုသင်ခန်းစာယူပြီး အနာဂတ်ကိုထုဆစ်ပုံဖော်နေခြင်းသာဖြစ်ပါတယ်။ ဘယ်သူ့အတွက်လဲဆိုတော့ ကမ္ဘာကြီးအတွက်ပေါ့။




နောက်ဆုံးတစ်ခုက အခုစစ်ရေးပြအခမ်းအနားဟာ တရုတ်နိုင်ငံအတွက်သာမက ကမ္ဘာကြီးအတွက်ပါ အဓိပ္ပာယ်များစွာပြည့်ဝတဲ့အခမ်းအနားတစ်ခုဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်အနေနဲ့ ဒီစစ်ရေးပြအခမ်းအနားကြီးကိုတက်ရောက်ဖို့ နိုင်ငံပေါင်း ၂၀ ကျော်မှ ခေါင်းဆောင်များကိုကိုယ်တိုင်ဖိတ်ကြားခဲ့ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ယာယီသမ္မတဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ရုရှားနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၊ မြောက်ကိုရီးယားခေါင်းဆောင်မစ္စတာ ကင်ဂျုံအွန်၊ ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာလူကာရှန်ကိုတို့အပါအဝင် ဖိတ်ကြားခံရတဲ့နိုင်ငံ့ခေါင်းဆောင်များအားလုံး စုံစုံလင်လင်တက်ရောက်ပြီးပါဝင်အားဖြည့်ပေးခဲ့တာကိုတွေ့ရပါတယ်၊ ဒါကဘာကိုရည်ညွှန်းနေလဲဆိုရင် တရုတ်နိုင်ငံရဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကိုထိန်းသိမ်းသူဆိုတဲ့ဖြစ်တည်မှုကို လက်ခံကြတဲ့အတွက် တက်ရောက်လာကြခြင်းဖြစ်တယ်ဆိုတာကို ရည်ညွှန်းနေပါတယ်။

ကမ္ဘာ့နိုင်ငံများဟာ အင်အားချိန်ခွင်လျှာတစ်ဖက်စောင်းနင်းဖြစ်နေတာကို တော်တော်လေးစိတ်ပျက်နေတာကြာပါပြီ၊ အင်အားချိန်ခွင်လျှာကိုတည့်မတ်ထိန်းညှိပေးနိုင်မယ့်သူကိုသာ မျှော်လင့်နေကြတာပါ။ အခုတော့ သူတို့အနေနဲ့ အင်အားချိန်ခွင်လျှာ ထိန်းညှိပေးနိုင်မယ့်သူကို တွေ့ရှိသွားကြပါပြီ။ အဲဒါကတော့ တရုတ်တို့၊ ရုရှားတို့လိုမျိုး နိုင်ငံကြီးများရဲ့ ဦးဆောင်မှုနဲ့အတူ ဖြစ်တည်လာမယ့် အင်အားစုကြီးပါပဲ။ ဒီအင်အားစုကြီးကသာ ကမ္ဘာ့အင်အားချိန်ခွင်လျှာကို ထိန်းညှိပေးနိုင်မှာဖြစ်ပါတယ်။ ဒီလိုမျိုးထိန်းညှိနိုင်ပြီဆိုရင် ကမ္ဘာကြီးမှာငြိမ်းချမ်းရေးဆိုတာလည်းဖြစ်တည်လာမှာဖြစ်သလို တည်ငြိမ်အေးချမ်းမှုလည်းရရှိလာမှာဖြစ်ပါတယ်။

ဒီနေ့လိုအခြေအနေမျိုးရောက်လာဖို့အတွက်တရုတ်နိုင်ငံဟာ သွေးသစ်လောင်းခဲ့ရပါတယ်၊ သွေးသစ်လောင်းတယ်ဆိုတာ စကားလှအောင်ပြောတာပေါ့၊သူတို့အနေနဲ့ တကယ်တမ်းမြေဩတွေးပြီးလုပ်ဆောင်ခဲ့ရတဲ့အရာက တရုတ်နိုင်ငံကြီးကို အတိတ်သမိုင်းမှာကျန်ခဲ့တဲ့ အင်အားနည်းပါးမှုအခြေအနေမျိုးကနေ လုံးလုံးလျားလျားခွဲထွက်ပြီး နိုင်ငံတော်အသစ်တည်ဆောက်နိုင်ရေးကြိုးပမ်းလုပ်ဆောင်ခဲ့ခြင်းသာဖြစ်ပါတယ်၊ အခုဆိုရင် တရုတ်နိုင်ငံကြီးကို သွေးသစ်လောင်းပြီး တည်ဆောက်နေတာဟာ လမ်းခုလတ်ကိုရောက်နေပါပြီ၊ ဒီလိုအခြေအနေကိုရောက်ရှိလာတယ်ဆိုတာ တရုတ်နိုင်ငံအနေနဲ့ အတိတ်ကိုပဲပြန်တူးဆွပြီး စကားအရာနဲ့တဖွဖွပြောနေခြင်းကြောင့်မဟုတ်ဘူးဆိုတာတော့ သေချာပါတယ်။ တရုတ်နိုင်ငံဟာ အတိတ်ကိုလည်း သင်ခန်းစာယူပြီး အနာဂတ်ကိုပုံဖော်ထုဆစ်ခဲ့တာပါ။ ဒ့ါအပြင် တိုးတက်စေဖို့အတွက် အားသစ်လောင်းပြီးကြိုးပမ်းခဲ့ကြတယ်ဆိုတာကို အခုစစ်ရေးပြအခမ်းအနားကြီးက ကောင်းကောင်းကြီးသက်သေခံနေပါတော့တယ်။ ။

☆ ကျောဖုံးမှအဆက်

မော်တော်ယာဉ် ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၄၈ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၂၄ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၃ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၅၈၉၉၅၂၆ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Hino Ranger Truck တစ်စီး၊ Mitsubishi Fuso Tractor Head နှစ်စီး၊ Hino Profia Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်လေးတွဲ ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ဘားအံမြို့နယ် ဝါးဘိုးတော-ဒုံသမိကားလမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၅ မျိုး၊ စားသောက်ကုန်ပစ္စည်း ကိုးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၈၁၉၃၁၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၀၂၈၆၃၈၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟိုပုံးမြို့နယ်အတွင်း၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ကိုးမျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၀၃၁၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး၊ Canter Truck တစ်စီး၊ Isuzu Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀ကိုလည်းကောင်း၊ လွိုင်လင်မြို့နယ် ချိုခမ်းကျေးရွာရှိ နေအိမ် တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၀၀၀၀ လည်းကောင်း၊ အေးသာယာမြို့ ရပ်ကွက်(၃)ရှိ ဂိုဒေါင် တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၁ မျိုး၊ လူသုံးကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၂၄၀၀၀၀ကိုလည်းကောင်း၊ တောင်ကြီးမြို့ ပလီလင်းကျေးရွာ တောင်ကြီးဇလဲသွားကားလမ်း အနီးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၅၈၅၀၀၀၀ ကိုလည်းကောင်း၊ တောင်ကြီးမြို့ မိုင်းပွန်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၇၅၂၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Succed တစ်စီး၊ Toyota Dyna တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀၀ ကိုလည်းကောင်း၊ တောင်ကြီးမြို့ မြို့အဝင်ဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၃၀၀၀နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Faw Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ်၂၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၀၇၄၃၆၂၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရတနာပုံ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စားသောက်ကုန်ပစ္စည်းအမျိုး ၃၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၂၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၁၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ စက်တင်ဘာ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ အနောက်မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၁၅၇၇၅၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး၊ SKAT Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၅၀၀ တန်၊ သစ်မာသုည ဒသမ ၉၃၅ တန်၊ အခြားသစ် ၄ ဒသမ ၂၇၃ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၇၈၆၄ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၆၃၃၆၁၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့ ရန်ကုန်-မန္တလေးအမြန်လမ်းအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၆၂၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၆၃၀၄ နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Delica တစ်စီး၊ Toyota Light-ace တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၄၂၆၃၀၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၃၀၄၀၀၀၀ ကိုလည်းကောင်း အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၇၉၈၉၄၉ ကိုလည်းကောင်း၊ ကော့သောင်းမြို့ တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၂၄၈၈၀၂ ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် ဝမ်လုံရွာရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၇၄၀၀၀၀ ကိုလည်းကောင်း၊ ရွှာင်ခရိုင် မြို့ကြီးအနီး၌ မော်တော်ယာဉ် ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၆၅ မျိုး၊ လုပ်ငန်းသုံးပစ္စည်း၄၄ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၃၉၄၈၁၉၈နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck သုံးစီး၊ Hino Profia Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Cheng Long Tractor Head တစ်စီး၊ Nis-san Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၀၀၀၀၀၀ ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း (ရွှေပြည်သာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၅၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်းအမျိုး ၅၀၊ စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၈၂၆၈၈၈၀ နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် M.V Shwe Kain Nayi ရေယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀၀ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၃၀၄၄၈၂၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၃ ရက်မှ ၅ ရက်ထိ ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၃၃ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၆၅၂၅၄၇၅၃ ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် မန္တလေးပညာရေးဒီဂရီကောလိပ် အားကစားပြိုင်ပွဲများ၌ ဆုရကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ



**မန္တလေး စက်တင်ဘာ ၇**

မန္တလေး ပညာရေးဒီဂရီကောလိပ် ၂၀၂၄-၂၀၂၅ပညာသင်နှစ် အားကစားပြိုင်ပွဲများမှဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများမှ တိုင်းဒေသကြီးဦးစီးမှူးများ၊ မန္တလေး ပညာရေးဒီဂရီကောလိပ်မှ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခများနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ဝင်းသင်္ဂီကျော်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများ၏ Fitness Dance ဖျော်ဖြေတင်ဆက်မှု၊ ကျောင်းသားများ၏ မြန်မာ့ရိုးရာ ခြင်းအလှခတ်ကစားပြသမှုများကို ကြည့်ရှုအားပေးကြသည်။

ငင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မန္တလေး ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ ပါမောက္ခများနှင့် တာဝန်ရှိသူများက အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသည့် အသင်းများမှ ကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပြင်ဦးလွင်မြို့နယ်၌ အများပြည်သူ အထင်အမြင်လွဲမှားစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ တပ်မတော်သားအယောင်ဆောင်ကာ ခြိမ်းခြောက်ပြောဆိုခဲ့သူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ စက်တင်ဘာ ၆ ရက်က အများပြည်သူ အထင်အမြင်လွဲမှားစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ တပ်မတော်သား အယောင်ဆောင်ကာ ခြိမ်းခြောက်ပြောဆိုခဲ့သူကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီအချိန်တွင် ပြင်ဦးလွင်မြို့ သီဟ Mobile ဖုန်းဆိုင်သို့ ဖုန်းလာရောက်ဝယ်ယူရန်ရောက်ရှိလာသူ အမည်မသိလူငယ်တစ်ဦးမှ I Phone-13 ဝယ်ယူရန် ဈေးနှုန်းမေးသဖြင့် ဆိုင်ဝန်ထမ်းများက ရှင်းလင်းပြောပြခဲ့ရာ အဆိုပါလူငယ်က ညနေမှ ပြန်လာမည်ဖြစ်ကြောင်းပြောဆို၍ ပြန်သွားခဲ့ကြောင်း၊ ထိုနေ့ ည ၇ နာရီခွဲခန့်တွင် အဆိုပါလူငယ်သည် အရက်သေစာ သောက်စားမူးယစ်ကာ ဖုန်းဆိုင်သို့ ပြန်လည်ရောက်ရှိလာပြီး ဖုန်းများကို ထုတ်ယူကြည့်ရှုကာ ငင်းလိုချင်သည့်ဖုန်းမှာ I Phone-13 ဖြစ်ပြီး ယခုတွေ့ရှိသည့်ဖုန်းမှာ I Phone-11 Pro Max ဖုန်းဖြစ်နေသဖြင့် မကျေနပ်ကြောင်းပြောကာ ဆိုင်မှဝန်ထမ်းများကို ငင်းမှာတပ်မတော်မှ တပ်ကြပ်ကြီးအဆင့်ရှိ စိုးဝင်းဖြစ်ကြောင်း၊ ဆိုင်တစ်ဆိုင်လုံးအား PDF ဟုပြောဆိုပြီး ဖမ်းခိုင်းမည်ဖြစ်ကြောင်း၊ ယူနီဖောင်းဝတ်ပြီး ပြန်လာမည်ဖြစ်ကြောင်းစသည်ဖြင့် ကြမ်းတမ်းစွာခြိမ်းခြောက်ပြောဆို ထွက်ခွာသွားကြောင်းသတင်းရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ပါသည်။

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါလူငယ်အား စုံစမ်းဖော်ထုတ်ခဲ့ရာ ပြင်ဦးလွင်မြို့နယ် မိုးကြိုးပစ်ကျေးရွာ ရပ်ကွက်ကြီး (၂၁)နေ စိုးဝင်း ၂၄ နှစ်(ဘ) ဦးသိန်းအောင်ဆိုသူဖြစ်ကြောင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး စိုးဝင်းမှာ တပ်မတော်သားတစ်ဦး မဟုတ်ဘဲ တပ်မတော်သားအဖြစ် အယောင်ဆောင်ကာ တပ်မတော်အပေါ် ပြည်သူလူထုအထင်အမြင် လွဲမှားစေရန် ရည်ရွယ်၍ ပြောဆိုခြိမ်းခြောက်ခဲ့ကြောင်း စစ်ဆေးအတည်ပြုပေါ်ပေါက်သဖြင့် အများပြည်သူ အထင်အမြင်လွဲမှားစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ တပ်မတော်သား အယောင်ဆောင်ကာ ခြိမ်းခြောက်ပြောဆိုခဲ့သူ စိုးဝင်းအား ပြင်ဦးလွင်မြို့မရဲစခန်း၌ (ပ)၁၈၅/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က/ ၁၇၀ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။

မသမာသူများသည် နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေရန် ရည်ရွယ်၍ ပြစ်မှုကျူးလွန်ရာ၌ တပ်မတော်၊ ဌာနဆိုင်ရာဝန်ထမ်းများအယောင်ဆောင်ကာ ပြည်သူလူထုကို ခြိမ်းခြောက်၊ အနိုင်ကျင့်မှုများ မကြာခဏဖြစ်ပွားလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ပြည်သူလူထုအနေဖြင့် ဖော်ပြပါဖြစ်စဉ်အတိုင်း မသင်္ကာဖွယ်ဆောင်ရွက်သူများတွေ့ရှိပါကအနီးဆုံး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ရဲစခန်းများသို့ အချိန်မီ သတင်းပို့တိုင်ကြားနိုင်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)



ပြင်ဦးလွင်မြို့နယ်၌ အများပြည်သူ အထင်အမြင်လွဲမှားစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ တပ်မတော်သားအယောင်ဆောင်ကာ ခြိမ်းခြောက်ပြောဆိုခဲ့သူအား ဖမ်းဆီးအရေးယူမှုမှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Zawlay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက်နေ ဇော်မင်းဦး (ခ)အရှည်ကြီးကို ညနေ ၅ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၆၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၅၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၇**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၅၂၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ဝတ္ထုတိုကလျာ**

# ယောကျ်ားတစ်ယောက်နှင့်မိန်းမနှစ်ယောက်အကြောင်း

**မနှင်းဖွေး**



စာရေးဆရာမ မနှင်းဖွေး၏ “လောကပြတင်း” မဂ္ဂဇင်းဝတ္ထုများကို လေးစားချစ်ခင်ရပါသော ရတနာပုံသတင်းစာ စာဖတ်ပရိသတ်များအတွက် နှစ်ပတ်တစ်ကြိမ် တင်ဆက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

**မိန်းမ (၁)**

ဩော်... ဒီမိန်းမကို မြင်ဖူးပါတယ်လို့ ကြည့်နေတာ၊ လက်စသတ်တော့ သူကိုး။

သူ့ကို ဒီလိုစားသောက်ဆိုင်မျိုးမှာ တွေ့ရလိမ့်မယ်လို့ လုံးဝထင်မထားခဲ့ဘူး။ ဒီလိုဆိုင်က ပိုက်ဆံပေါတဲ့လူတွေမှ အလာများတဲ့နေရာလေ။ လခလေးမဖြစ်ညစ်ကျယ်ရတဲ့ အစိုးရလခစားတွေ လာတတ်တဲ့နေရာမှမဟုတ်တာ။

သူ့စားပွဲက မိန်းမတွေက ဘယ်သူတွေပါလိမ့်။ သူ့ရှုံးက လူတွေပဲထင်ပါရဲ့။ ယောကျ်ားသုံးယောက်ကလဲပါသေးတယ်။ နှစ်ယောက်က တိုက်ပုံနဲ့။ ဒီလိုဆိုင်မျိုးလာတာ တိုက်ပုံဝတ်လာစရာလား ငဒူရဲ့။ အင်း... လူတွေကြည့်ရတာ အူတူတူနဲ့ပါ။ သူ့ဘေးမှာ ထိုင်နေတဲ့လူက ဘယ်သူများလဲ။ သူ့ယောကျ်ားများလား။ ဟင့်အင်း မဟုတ်သေးဘူး။ ပြောဆိုဆက်ဆံပုံက လင်မယားနဲ့မတူဘူး။ နောက်ပြီး သူ ယောကျ်ားရပြီလို့လဲ မကြားမိပါဘူး။

အမယ်... အမယ်... သူကလဲ ငါ့ကို မျက်မှန်ထဲက ချောင်းချောင်းကြည့်တာ သုံးလေးခါရှိသွားပြီ။ ငါ့ကို မှတ်မိသွားလားမသိ။ အင်း... မှတ်မိပုံရပါတယ်။ ဟုတ်တယ်၊ ဟုတ်တယ်။ မှတ်မိသွားပြီ။ ဒါကြောင့်မို့လို့ မျက်ခုံးနှစ်ဖက်မြှင့်ပြီး ဟိုဘက်လှည့်သွားတာပေါ့။ ဟင်း... ဟင်း... အမယ်လေးဟဲ့ .. ချီထားတဲ့ မျက်နှာထားကလဲ တစ်လောကလုံး သူ့လုပ်စာစားနေတဲ့အတိုင်းပဲ။

ဩော်... ဘဝင်၊ ဘဝင် သူအဲဒီလို အခြောက်တိုက်ဘဝင်မြင့်နေလို့လဲ ယောကျ်ားမရတာပေါ့။ ဟား... ဟား...။ ယောကျ်ားမရတာက ဘဝင်မြင့်တာချည်းကြောင့်လဲ မဟုတ်ပါဘူး။ ရုပ်ကလဲ စိတ်ဝင်စားစရာကောင်းတာမှမဟုတ်တာ။ ကြည့်ပါလား။ ပိန်လိုက်တာကပ်လို့။ အရင်ကတည်းက တင်မရှိ၊ ရင်မရှိနဲ့။

ဝတ်စားထားတာလဲ ကြည့်အုံး။ သူ့ကိုယ်ပေါ်က ဘူးပါတိတ်က ငါမဝတ်ချင်လို့ တစ်လောကပဲ စူပါရု(ဖ်)မောင်းတဲ့ ဒရိုင်ဘာတောမောင်ရဲ့ မိန်းမလှခင်ကို ပေးလိုက်တဲ့အဆင်မျိုး။ အဲ... မဟုတ်သေးဘူး။ လှခင်ကိုပေးတာ ဒီထက် အဆင်ဆန်းတယ်။ ထမင်းချက်တဲ့ သန်းမြကိုပေးတဲ့အဆင်။ ဟုတ်တယ်၊ ဟုတ်တယ်။ ဒီအဆင်မှ ဒီအဆင်အစစ်။ အရောင်လဲ ဒီအရောင်။ တထေရာတည်းပဲ။

အင်း... ဒီမိန်းမအခြေအနေက အရင်နဲ့ ကွာပုံမရပါဘူး။ ကိုယ်ပေါ်မှာ လက်ဝတ်လက်စားလဲ ကောင်းကောင်းကန်းကန်းမတွေ့။ ကြည့်ပါလား။ လည်ပင်း ဟောင်းလောင်းနဲ့။ သူ့နားမှာ ပန်ထားတဲ့ နားကပ်ကလဲ ဘုရားစူးစေ့ စိန်နားကပ်ဟဲ့။ အဝေးကဆိုတော့ စစ်၊ မစစ်တောင် မပြောနိုင်ဘူး။ သူပတ်ထားတဲ့ နာရီကတော့ အမျိုးအစားသင့်ပုံရပါတယ်။

တော်တော့တော်သေးတယ်။ အိမ်ကလူက သူ့ကို ကျောပေးပြီး ထိုင်နေမိလျက်သားဖြစ်လို့။ ငါ့နေရာများ ထိုင်မိရင် အဲဒီမိန်းမကိုလှမ်းမြင်မိမှာ။ လှမ်းများမြင်မိရင် အမယ်လေး...ဘသားချောက နေရာကထပြီး တကူးတက သွားနှုတ်ဆက်ချင် နှုတ်ဆက်အုံးမှာ။ "ဟေး... သွဲ့ရေ၊ နေထိုင်ကောင်းလား၊ သတိရနေတာ" ဘာညာနဲ့ ပဋိသန္ဓာရပြုချင်ပြုနေအုံးမှာ။ သူ့အဆက်ဟောင်းကြီး၊ ရည်းစားဟောင်းကြီးကိုလေ။ ယောကျ်ားတွေများ ယုံရတာမဟုတ်ဘူး။ အဲဒီလိုများလုပ်လို့ကတော့ မိဥမ္မာတို့အကြောင်းကောင်းကောင်းကိုပြပစ်လိုက်မယ်။ ပေါင်တွင်းကြောကို နာနာဆွဲလိမ်ပစ်မှာ သိလား။ ဘာမှတ်လို့လဲ။

လက်ထပ်ပြီး သုံးရက်မြောက်နေ့တုန်းက သူ့သေတ္တာအောက်ဆုံးမှာ သိမ်းထားတဲ့ အဲဒီမိန်းမရဲ့ ဓာတ်ပုံကို တွေ့လိုက်လို့ မိဥမ္မာတို့ ကြမ်းပစ်ခဲ့တာ သူမေ့မှာမဟုတ်ဘူး။ ငိုယိုပြီး ဆွဲကုတ်ထုရိုက်ခဲ့တာလေ။ အဲဒီကတည်းက ပညာပြထားလို့ သူ အခုလိုသေဝပ်ပိပြားနေတာပေါ့။ အိမ်ထောင်ရေးမှာ အစအရေးကြီးတယ် သိလား။ အစ အစ။

တက္ကသိုလ်တုန်းကတော့ သူတို့နှစ်ယောက် တော်တော်တွဲခဲ့တယ်လို့ ကြားတာပဲ။ နောက်တော့ ဘာဖြစ်မှန်းမသိ ကွဲသွားကြပြီး ငါ့ကို လက်ထပ်ပါရစေ တကျည်ကျည်လုပ်နေလို့ ဟောဒီလူကို ယူခဲ့ရတာ။

ဘွဲ့ရပညာတတ်မိန်းမကိုယူရင် သူတို့နဲ့ ပခုံးချင်းယှဉ်ပြီး ဆရာလုပ်တာခံရမှာကလွဲလို့ ဘာအကျိုးမှ မရှိဘူးဆိုတာ ယောကျ်ား တော်တော်များများက သိကြပါတယ်။ ကျောင်းနေတုန်းတော့ နီးစပ်ရာလူနဲ့ ရည်းစားဖြစ်ချင်ဖြစ်မှာပေါ့။ တွဲချင်လဲ တွဲမှာပေါ့။ အဲ... တကယ် လက်ထပ်ဖို့စဉ်းစားတဲ့အခါ ဥစ္စာပေါ၊ ရုပ်ချော၊ သူတို့ကို အချိန်ပြည့် ပြုစုယုယနိုင်မဲ့ မိန်းမမျိုးကိုမှ သူတို့က ရွေးချယ်တာပါ။ ယောကျ်ားဆိုတာ အားလုံး လူနပ်တွေချည်းပဲ။

ဒီသဘောကို ဟိုမိန်းမက မသိရှာဘူး။ သူ့ကိုယ်သူ ဟုတ်လှပြီ ထင်နေတာ။ ဘွဲ့လေးရလို့ ဘဝင်မြင့်နေတာ။ ယောကျ်ားတစ်ယောက်ရဲ့ ချစ်ခင်မြတ်နိုးစွာ လက်ထပ်ထိမ်းမြားခြင်းမခံရတာက မိန်းမတစ်ယောက်အတွက် အလွန်ဝမ်းနည်းစရာကောင်းတယ်ဆိုတာကို သူ မသိဟန်ဆောင်နေပုံရပါတယ်။

ကိုယ်တော်ချောက နောက်ကိုတစ်ချက်မှလှည့်မကြည့်ဘူး။ ဟိုမိန်းမစိတ်ထဲတော့ ရည်းစားဟောင်းနဲ့ တစ်ဆိုင်တည်း လာစားမိပါလျက်နဲ့ နှုတ်ဆက်ဖော်လေးတောင်မရလို့ ဘယ်လောက်များ အောင့်သက်သက်ဖြစ်လိုက်မလဲ။

သူ ကြည့်နေတုန်း... ပိုပြီး မခံချိမခံသာဖြစ်အောင် နည်းနည်း လုပ်လိုက်အုံးမယ်။

"ကိုကိုရေ...၊ ငါးရှဉ့်ကြွပ်ကြော်လေး ကောင်းသားပဲ။ စားကြည့်ပါအုံး။ ဟာ။ ပါးစပ်ဟာ။ ဥမ္မာခွံ့ပေးမယ်"

ဩော်... ဒီလူကလဲ အရေးထဲ ဘယ်လိုဖြစ်နေတာလဲ။ လည်ပင်းကြီး ခိုင်လို့။ ဒီဘက်လှည့်ပါဆို။

ဟင်း.. ဟင်း... ဟင်း . . . ဟိုမိန်းမနှုတ်ခမ်းတွေ ဘာတွေမဲ့ပြီး ဟိုဘက်လှည့်သွားပြီ။ တွေ့တယ်မဟုတ်လား။ ဟောဒီယောကျ်ားကို ချောဥမ္မာတို့ ပိုင်ဆိုင်တယ်ဆိုတာ။

**မိန်းမ (၂)**

ဩော်... ဟော်.. ဟော်.... ဟိုမိန်းမ ကိုယ့်ကို ကွက်ကြည့်ကွက်ကြည့်လုပ်ပါတယ် အောက်မေ့တာ လက်စသတ်တော့ သူကိုး။

ဟင် ... ကျောပေးပြီး ထိုင်နေတဲ့လူက ကိုအောင်ပါလား။

အိုး... သူတို့စုံတွဲနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ရတယ်လို့။ ဝူး... ဒီနေ့ ခင်မေသွဲ့ ကံမကောင်းပါလားနော်။

အေးလေ။ မဆုံချင်ပေမဲ့ ဆုံလာတော့လဲ ဘယ်တတ်နိုင်မလဲ။

ဒါထက် ဒီမိန်းမ အရင်က ဒီလောက်မဝပါဘူး။ ခုတော့ ကြည့်ပါအုံး။ စဥ့်အိုးကြီး အဝတ်ပတ်ထားသလို နည်းနည်းနောနော ကိုယ်လုံးကြီးလား။ တကယ့်ဝတုတ်မကြီး ဖြစ်နေတာကိုး။ အေးလေ။ သူလဲပဲ ကိုယ်တွေလို အသက် ၄၅၊ ၄၆ လောက်တော့ ရှိနေရောပေါ့။ မိန်းမတွေ အသက် ၄၀ ကျော်ရင် တအား ဝဖိုင့်လာတာ သဘာဝပဲလေ။ ကိုယ်တောင် အစားအသောက်၊ အနေအထိုင် ဂရုစိုက်နိုင်လွန်းလို့ အခုလို ကိုယ်လုံးလေးမျိုး ကျန်နေတာ။ အိမ်ထောင်မပြုတာလဲတစ်ကြောင်းပေါ့။ ရုံးက အိမ်ထောင်သည် တပည့်မလေးတွေကဆို ကိုယ့်ကိုအားကျလွန်းလို့။ မမဘော်ဒီလေးကို ဘယ်လိုထိန်းလဲ၊ ဘယ်လိုထိန်းလဲနဲ့ တစ်မေးတည်း မေးနေကြတာ။ နည်းလမ်းလေးပေးပါအုံးနဲ့ တစ်တောင်းတည်း တောင်းနေကြတာ။

ဟိုမိန်းမကတော့ ဝတာလဲမပြောနဲ့လေ။ အန်အယ်ကျူကိတ်တက်ဆိုတော့ အစားအသောက်ကို စည်းမရှိ၊ ကမ်းမရှိ စားမှာပေါ့။ အခုတောင် ကြည့်ပါလား။ သူတို့စားပွဲမှာ မှာထားတာတွေက အကြော်တွေ၊ အဆီတွေနဲ့ ကိုလက်စထရောများတဲ့ အစားအစာတွေချည်းပဲ။ ကျန်းမာရေးဗဟုသုတလဲ ရှိပုံမပေါ်ပါဘူး။ ဩော်... ကိုအောင် ကိုအောင်....။ အခုတော့လဲ ဒီတုတ်ပေါမကြီးကို ဇနီးမယားအဖြစ် ပေါင်းသင်းနေရပြီပေါ့နော်။ ရှင့်ဘဝက သနားစရာ။

အို... သနားစရာ မဟုတ်ပါဘူး။ မသနားနိုင်ပါဘူး။ ကောင်းတယ်။ သူ့ထိုက်နဲ့သူ့ကံ။ အလကားလူ၊ အစွမ်းအစမရှိတဲ့လူ၊ သတ္တိမရှိတဲ့လူ၊ လူညံ့၊ အချောင်သမား။

တကယ်ဆိုရင် နှစ်ယောက်သား သုံးနှစ်သုံးမိုး ချစ်ခဲ့ကြပြီးတော့မှ ဘဝကို အတူတူလက်တွဲရင်ဆိုင်ရမှာပေါ့။ မဟုတ်ဘူးလား။ ကိုယ်က ဘွဲ့ရပညာတတ်တွေလေ။ နှစ်ယောက်စလုံး အဖေတို့ရုံးမှာ အလုပ်ဝင်ကြမယ်။ အောက်ခြေကပဲ စရမှာပေါ့။ အကူစာရေးကပဲ စရမှာပေါ့။ သူငယ်ချင်းတချို့ တစ်နေ့ သုံးကျပ် ဆယ့်ငါးပြားနဲ့တောင် လုပ်နေကြတာ သူမြင်သားပဲ။ နောက်တော့ ရာထူးတစ်ဆင့်ပြီးတစ်ဆင့် တိုးသွားမဲ့ကိစ္စ။ ပီအက်(စ်)စီစာမေးပွဲဝင်ဖြေလို့ အောင်သွားရင်လဲ ချက်ချင်းပြန်တမ်းဝင်အရာရှိဖြစ်သွားအုံးမှာ။ အဖေ့မျက်နှာ၊ အဖေ့အဆက်အသွယ်နဲ့ မတိုးတက်စရာဘာမှမရှိဘူး။ ဘွဲ့ရမို့လို့ တိုးတက်စရာလမ်းတွေမှအများကြီး။

အဲဒါကိုလေ... ရုံးမှာ အကူစာရေးက စလုပ်ရမှာကို မလုပ်ချင်ပါဘူးတဲ့။ မလုပ်နိုင်ပါဘူးတဲ့။ ပြီးတော့ ဘာပြောတယ် မှတ်လဲ။ သူတို့က ကုန်သည်မျိုးရိုးတဲ့။ အစိုးရဝန်ထမ်းအလုပ်ကို အထင်မကြီးဘူးတဲ့။

ကဲ... အဲဒီကစပြီး ပြဿနာတက်တော့တာပဲ။ ကိုယ့်အဖေကိုယ်တိုင်က အစိုးရဝန်ထမ်းအရာရှိ။ ဦးလေးတွေ၊ အစ်ကိုတွေအားလုံးကလဲ အစိုးရဝန်ထမ်း။ ရာထူးဌာနန္တရတွေနဲ့ချည်းပဲ။ သူက အစိုးရဝန်ထမ်း အထင်မကြီးဘူးဆိုတော့ သွားပြီပေါ့။ ကိုယ်ကလဲ ပြန်ပြောလိုက်တယ်။ သွဲ့တို့ကလဲ ဈေးရောင်း၊ ဈေးဝယ်ပဲလုပ်တတ်တဲ့သူတွေကို လုံးဝအထင်မကြီးပါဘူးလို့။ ရာထူးဂုဏ်ရှိန်ရှိတဲ့သူပဲ အထင်ကြီးတယ်လို့။

အဲဒီမှာတင် အက်ကြောင်းကစပြီး နောက်ပိုင်း ဘယ်လိုမှ ညှိမရတော့ဘူး။ ကိုယ်ကလဲ အပြတ်ပဲ။ အသည်းသာ အကွဲခံမယ်၊ မာနကတော့ လုံးဝအထိပါးမခံနိုင်ဘူးလေ။ ဒီလိုနဲ့ပဲ လမ်းခွဲခဲ့ကြတာပါ။ တကယ်တမ်း လမ်းခွဲဖို့ပြောတော့ သူပဲ ယောကျ်ားကြီးတန်မဲ့ မျက်ရည်ကျတာ မှတ်မိသေးတယ်။ ကြာပါပြီ။ ကြာခဲ့ပါပြီ။ အခုဆို နှစ် ၂၀ ကျော်လောက်ရှိနေပါပြီ။

ကိုယ်နဲ့ လမ်းခွဲပြီးမကြာပါဘူး။ မျက်ရည်ပေါက်ပေါက်ကျခဲ့တဲ့ ပုဂ္ဂိုလ်က ငါးပိ၊ ငါးခြောက်ပွဲရုံပိုင်ရှင်သမီးနဲ့ ယူလိုက်တယ်ဆိုတာ ကြားလိုက်ရတာပါပဲ။ သူတို့လက်ထပ်ပြီး တစ်နှစ်လောက်အကြာထင်ပါရဲ့။ သူတို့လမ်းထဲမှာနေတဲ့ ကိုယ့်သူငယ်ချင်းမြင့်မြင့်ရဲ့မင်္ဂလာဆောင်မှာ သူတို့လင်မယားကို ဆုံဖူးလိုက်တယ်။ အဲဒီတုန်းကတော့ ဒီမိန်းမ ခုလောက်မဝသေးဘူး။ နောက်ပိုင်းတော့ လုံးလုံးမတွေ့ဖြစ်တော့တာပါ။

အင်း... ငါးပိ၊ ငါးခြောက်ရောင်းတဲ့သူဆိုတော့ ငါးပိ၊ ငါးခြောက်ရောင်းတဲ့သူပဲပေါ့။

စာမျက်နှာ ၂၅ သို့ á

# ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၂၀၀ စိုက်ပျိုးမည်


ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် ပဲတီစိမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၂၃၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၆၁ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၈၀၄ ဧက စုစုပေါင်း ဧက ၂၂၀၀ ဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင်အတွင်း ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲတီစိမ်း ဧက ၂၂၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိမယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ပဲတီစိမ်း စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့် အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နဂါးမောက်သီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မြန်အောင် စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နဂါးမောက်သီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြန်အောင်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နဂါးမောက်သီး အလုံးရေ ၃၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း နဂါးမောက်သီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



"မြန်အောင်မြို့နယ်မှာ အော်ဂဲနစ်နည်းနဲ့ နဂါးမောက်သီးတွေကို စိုက်ပျိုး ထုတ်လုပ်နေပါတယ်။ အော်ဂဲနစ်နည်းစနစ်နဲ့ စိုက်ထားတဲ့အတွက် နဂါးမောက်သီးတွေက ရက်ရှည်အထားခံပါတယ်။ ဈေးကွက်မှာလဲ ရောင်းပန်းလှသလို ဝယ်ယူသူတွေကလဲ ကြိုက်နှစ်သက်ပါတယ်။ မြန်အောင်ဘက်မှာ လက်ရှိကာလဟာ နဂါးမောက်သီးတွေ စတင်ထွက်ရှိနေပြီဖြစ်ပါတယ်။ ထွက်ရှိနေတဲ့ နဂါးမောက်သီးတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်'' ဟု မြန်အောင်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# လောင်းကစားဟူသမျှ တိုက်ဖျက်ကြ

- လူသားတွေ လောဘရမ္မက်
  မြင့်တက်ဖို့ ဆွဲဆောင်၊
  လောကဝယ် အမှောင်ဖုံး
  မိုက်လုံးကြီးအောင်၊
  အမှောင်ထဲက အမှောင်
  လောင်းကစားအမှောင် လူကိုဖျက်၊
  ဘဝဝယ် လူညွှန့်တုံး
  လူဖြစ်ရှုံးလျက်။

- နေ့ညကွယ် လောင်းကစားဖက်
  အလုပ်ပျက် စိတ်မရွှင်၊
  စိတ်အာရုံ လောင်းကစား
  စေစားနေ့စဉ်၊
  ငွေမျှော်တော့ ငွေထုပ်ပြင်
  ငွေကုန်လျှင် အကြံအိုက်၊
  သုံးပါးကံ အလွယ်ချိုး
  ခိုးဆိုးလုနှိုက်။

- လောကဝယ် လူဖြစ်ခိုက်
  အလွယ်မလိုက် မင်းသူငါ၊
  ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား
  ကြိုးစားမယ်ကွာ၊
  ရိုးဂုဏ်တံဆိပ် ကပ်နိုပ်ကာ
  ရှေ့သို့သာ ခရီးဆက်လို့၊
  ရခဲလှ လူ့ဘဝဝယ်
  အနှစ်ရှာမယ် လောင်းကစားအမှိုက်ကို
  တိုက်ဖျက်ကြစို့။ ။

ချစ်သက်(မြန်မာစာ)

# မလှိုင်မြို့နယ် ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၃ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာ စီမံကိန်းနှင့်ပတ်သက်၍လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆည်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၃၀ ဒသမ ၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၄ ဒသမ ၈သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

á စာမျက်နှာ ၂၄ မှအဆက်

ဒီမိန်းမ သူ့ဘာသာစိန်တွေ၊ ရွှေတွေ ဘယ်လောက်ပဲညွတ်အောင် ဝတ်ထားဝတ်ထား။ အားမနာတမ်းပြောရရင် ပါစင်နယ်လတီကတော့ ဇီးရိုးပါပဲ။ တကယ်တော့ ဒီလိုနေရာ၊ ဒီလိုညနေခင်း စားဖို့သောက်ဖို့လာတာ ဒီလောက်ကြီးလဲ ဝတ်စားလာစရာမလိုပါဘူးကွာ။ လူတိုင်းကိုကြည့်။ အားလုံးက သက်သောင့်သက်သာ ပေါ့ပေါ့ပါးပါး ဝတ်စားလာတဲ့သူချည်းပဲ။ အဲ... ကိုစံဦးနဲ့ ကိုထွန်းမောင်ကသာ ရုံးကတန်းလာလို့ တိုက်ပုံကြီး မချွတ်ဖြစ်ခဲ့တာ။

ကိုအောင် ဒီဘက်များလှည့်လာရင်တော့ ပြောချင်တာရှိတယ်။ ကျွန်မကလေ အခုရုံးမှာ လူတကာက ရိုသေလေးစားရတဲ့ မင်းပေါက်စိုးပေါက် အရာရှိမတစ်ယောက်ဖြစ်နေပါပြီလို့။ ပတ်(စ်)ပို့အစိမ်းကိုင်ပြီး နိုင်ငံခြားလဲ လေးခေါက်သွားပြီးပါပြီလို့။ မကြာခင်ကပဲ ဂျပန်မှာ ကျင်းပတဲ့ အစည်းအဝေးတစ်ခုကိုတက်ပြီး ပြန်လာလို့ အခုရုံးကလုပ်ဖော်ကိုင်ဖက်တွေကို ဒီဆိုင်မှာ လာကျွေးနေတာပါလို့။ ခုချိန်ရောက်မှ ရှင်ကျိတ်ပြီး နောင်တရနေရင်လဲ အပိုပါပဲလို့။

ပြီးတော့ တစ်ဆက်တည်း.. အဲဒီမိန်းမကိုလဲ ပြောလိုက်ချင်သေးတယ်။ အမျိုးသမီးရေ.. သိပ်လဲမဏ္ဍပ်တိုင် တက်ပြမနေပါနဲ့။ အဲဒီမောင်မောင်အောင်ဆိုတဲ့လူကို ဟောဒီက ခင်မေသွဲ့တို့ မလိုချင်လို့ အမိရလိုက်တာပါ။ အဲဒါကို မြဲမြဲမှတ်ထားလိုက်စမ်းပါလို့ အဟင်း... ဟင်း..။

**ယောကျ်ား(၁)**

ဟား... ဒီဆိုင်က သီချင်းဆိုတဲ့ ကောင်မကလေးတွေက ကြည့်စမ်း တော်တော်လှတာပဲ။ လှဆို အသက်အရွယ်လေးတွေကလဲ ငယ်တာကိုး။ အင်း.... မိန်းမတွေရဲ့အလှက တကယ်တော့ အသက်အရွယ်နဲ့ တော်တော်ဆိုင်တယ်။

အသက်ကြီးတဲ့မိန်းမတွေဆိုရင် ပိန်တဲ့သူက ပိန်၊ ဝတဲ့သူကဝ၊ ပုံပန်းကမကျ။ ဘယ်လောက်အလှတွေ ပြင်ထားပြင်ထား၊ ရင့်ရော်တာက ရင့်ရော်တာပဲ။

ဟော... ငယ်ရွယ်တဲ့သူများကျတော့ ကြည့်ပါလား။ မျက်နှာလေးတွေက နုပျိုလို့၊ စိုပြည်လို့၊ ဝင်းမွတ်လို့။ ကိုယ်လုံးကောက်ကြောင်းလေးတွေကလဲ ကွေ့စရာရှိကွေ့၊ ကောက်စရာရှိ ကောက်၊ မို့စရာရှိ မို့၊ မောက်စရာရှိ မောက်၊ ဘယ်လောက်အချိုးကျလဲ၊ ဘယ်လောက်အဆင်ပြေလဲ၊ ဘယ်လောက်ကြည့်ကောင်းလဲ။

အင်း... အားလုံးထဲမှာတော့ အဲဒီခရမ်းနုရောင်လေးက အမိုက်ဆုံးပဲ။ ကိုယ်လုံးလေးရော၊ မျက်နှာလေးရော၊ အသံလေးရော၊ အပြုံးလေးရော။

တစ်ခါလောက် ကိုဝင်းအောင်တို့၊ ကိုဘမောင်ချိန်တို့နဲ့ ချိန်းပြီး သတ်သတ်လာအုံးမယ်။ ပန်းကုံးလေး ဘာလေးစွပ်အုံးမယ်။

ဟာ... အရေးထဲ ဘာလဲဟဒီမိန်းမ။ ပါးစပ်ထဲ ဘာတွေလာခွံ့နေတာလဲ။ အာရုံပျက်လိုက်တာကွာ။ အလိုက်ကမ်းဆိုးကို မသိဘူး။ ကျွတ် အဲဒါတွေပဲ စိတ်ပျက်တာ။

# ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့

မောင်သောင်းဝင်း(တမန်ဟောင်း)

**❖ လူတစ်ဦးသည် စာဖတ်တတ်၊ ရေးတတ်လျှင် စာတတ်သည်ဟု ယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုနိုင်ပေသည်။ ခေတ်သစ်ကမ္ဘာကြီးတွင်မူ သီးသန့်နယ်ပယ်တစ်ခု၌ အသိပညာဗဟုသုတကြွယ်ဝခြင်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်းကို စာတတ်မြောက်သည်ဟု ဆိုလာကြသည်။ စာတတ်မြောက်မှုအယူအဆသဘောတရားသည် တဖြည်းဖြည်း ပြောင်းလဲလာနေပြီဖြစ်သည်။ "အလိမ္မာစာမှာရှိ"ဆိုသကဲ့သို့ စာတတ်မှသာလျှင် အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးကိုခွဲခြား သုံးသပ်ဆုံးဖြတ်နိုင်စွမ်းရှိမည်ဖြစ်သည်။❖**

နှစ်စဉ် စက်တင်ဘာ ၈ ရက်သည် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဖြစ်သည်။ လူတစ်ဦး တစ်ယောက်ချင်းစီမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံး တွင် စာတတ်မြောက်မှု၏အရေးပါပုံကို မီးမောင်း ထိုးပြနိုင်ရန်အတွက် ထိုနေ့ကိုသတ်မှတ်ခဲ့ခြင်းဖြစ် သည်။ အမှန်တော့ စာတတ်မြောက်ခြင်းသည် လူတစ်ဦး၏ ဂုဏ်သိက္ခာနှင့်လူ့အခွင့်အရေးတို့ အတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် လူတိုင်းစာတတ်မြောက်ခြင်းသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းကြီးကို ထူထောင်နိုင် မည်ဖြစ်သည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၈ ရက်သည် (၅၈) နှစ်မြောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဖြစ်သည်။ ယခုနှစ်အတွက်ဆောင်ပုဒ်သည် "ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက် ရေးမြှင့်တင်စို့" "Promoting literacy in the digital era"ဖြစ်သည်။ ဒစ်ဂျစ်တယ်ခေတ်တွင် အခြေခံစာရေး၊ စာဖတ်ခြင်းကိုတော့ တတ်မြောက် ထားရန်လိုအပ်သည်။ သို့မှသာလျှင် အရှိန်အဟုန်နှင့် ပြောင်းလဲတိုးတက်လျက်ရှိသော ခေတ်ကြီးကိုအမီ လိုက်နိုင်မည်ဖြစ်သည်။

**စာဖတ်တတ်လျှင်**

လောကတွင် ပညာနှင့်တူသောအလင်းရောင်မရှိ ချေ။ ထိုအသိပညာ၊ အတတ်ပညာကိုဆည်းပူးနိုင်ရန် အတွက် အခြေခံလိုအပ်ချက်သည် စာဖတ်၊ စာရေး တတ်ရန်လိုအပ်မည်ဖြစ်သည်။ လူတစ်ဦးသည် မိခင် ဝမ်းမှ ကိုယ်လက်အင်္ဂါစုံလင်စွာဖြင့် ကျန်းမာသန်စွမ်း စွာမွေးဖွားကြီးပြင်းလာခဲ့သော်လည်း သေစာ၊ ရှင်စာ ကိုမျှပင်မဖတ်တတ်လျှင် လူဖြစ်ရကျိုးမနပ်ပေ။ စာမတတ်သူတစ်ဦးသည် မျက်စိနှစ်ကွင်းအလင်းရ သော်လည်း မည်သည့်အသိပညာဗဟုသုတကိုမျှ ရှာမှီးနိုင်ခြင်းမရှိသဖြင့် အကန်းတစ်ယောက်နှင့် တူနေမည်ဖြစ်သည်။ နေစဉ်နှင့်အမျှ သတင်းနှင့် နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိ သော ဒစ်ဂျစ်တယ်ခေတ်ကြီးတွင် မွေးရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းသူများသည်ပင်လျှင် စာပေ တတ်မြောက်အောင် လေ့လာသင်ယူနိုင်သည့် အခွင့် အလမ်းများရရှိနေပြီဖြစ်သည်။ ထို့ကြောင့် အခြေခံ စာလောက်တော့ဖတ်တတ်၊ ရေးတတ်အောင် ကြိုးစားလေ့လာဆည်းပူးသွားသင့်ပါသည်။

**အပြန်အလှန်တည်မှီနေ**

စာတတ်မြောက်မှုအဓိပ္ပာယ်သည် ဖွံ့ဖြိုးပြီးနိုင်ငံ များတွင်ပို၍ကျယ်ပြန့်လေ့ရှိသည်။ နည်းပညာကို အခြေခံ၍ကျယ်ပြောရှုပ်ထွေးသည့်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဆိုလျှင် စာတတ်မြောက် သည်ဟုဆိုကြသည်။ တိုင်းပြည်တိုးတက်မှုအပေါ် မူတည်၍စာတတ်မြောက်မှု ဖွင့်ဆိုချက်အဓိပ္ပာယ် သည် ကွဲပြားနေမည်ဖြစ်သည်။ ပြည်သူများစာတတ် မြောက်မှုနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုတို့သည် အပြန်အလှန်အမှီသဟဲပြုလျက်ရှိသည်။

**ကမ္ဘာ့စာတတ်မြောက်မှုနှုန်း**

ထိုသို့စာတတ်မြောက်ရေးအတွက် နည်းမျိုးစုံ ဖြင့် လှုပ်ရှားမှုများလုပ်ဆောင်လျက်ရှိသော်လည်း ၂၀၂၄ ခုနှစ်ထိ ကမ္ဘာတစ်ဝန်း၌ လူငယ်များနှင့် အရွယ်ရောက်ပြီးသူ ၇၃၉ သန်းသည် အခြေခံစာကို ပင်တတ်မြောက်မှုမရှိသေးပေ။ တစ်ချိန်တည်းမှာပင် ကလေးငယ် ၁၀ ဦးလျှင် ၄ ဦးသည် အခြေခံစာကို ပင်လျှင်ဖတ်နိုင်စွမ်းမရှိကြပေ။ ထို့ပြင် ၂၀၂၃ ခုနှစ် အတွင်း လူငယ်နှင့်အရွယ်ရောက်ပြီးသူ ၂၇၂ သန်း သည် အချိန်မတိုင်မီကျောင်းထွက်ခဲ့ရသည်။ ဖွံ့ဖြိုး ပြီးနိုင်ငံများတွင် စာတတ်မြောက်မှုနှုန်း ၉၆ ရာခိုင် နှုန်းခန့်ရှိသော်လည်း ဖွံ့ဖြိုးမှုနိမ့်ကျသောနိုင်ငံများ တွင် စာတတ်မြောက်မှုနှုန်း ၆၅ ရာခိုင်နှုန်းခန့် သာရှိသည်။

**စာတတ်မြောက်မှုနှုန်းမြင့်မားခဲ့**

ခေတ်အဆက်ဆက်တွင် စာတတ်မြောက်ရေး လှုပ်ရှားမှုများကို အမျိုးသားရေးအသွင်ဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ စဉ်ဆက်မပြတ်ကြိုးပမ်းမှုများကြောင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၁၉၈၈ ခုနှစ်တွင် ၈၀ ဒသမ ၀၄ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။ ထို့နောက် ၂၀၀၀ ပြည့်နှစ်တွင် ၉၁ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် ၉၅ ဒသမ ၀၁ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၅ ဒသမ ၀၈ ရာခိုင် နှုန်းထိမြင့်မားလာခဲ့သည်။

ထိုစဉ်က စာတတ်မြောက်ရေး လူထုလှုပ်ရှားမှု ဆောင်ရွက်ရာတွင် အောက်ခြေရပ်ကွက် ကျေးရွာမှ သည် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ထိ စာတတ်မြောက်ရေးကော်မတီများကို အဆင့်ဆင့် ဖွဲ့စည်းကာ နွေကျောင်းပိတ်ရက်ကာလများအတွင်း တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ စေတနာရှင် လုပ်အားပေးဆရာ၊ ဆရာမများ၏အားဖြင့် သင်ကြား ပေးခဲ့ကြရာ မြို့နယ်လုံးကျွတ်၊ တိုင်းလုံးကျွတ်၊ ပြည်နယ်လုံးကျွတ် စာတတ်မြောက်ခဲ့ကြပြီး အောင်ပွဲများကျင်းပနိုင်ခဲ့သည်။ မြန်မာနိုင်ငံမှ လူထု လှုပ်ရှားမှုပုံစံသည် စာတတ်မြောက်ရေးစီမံကိန်းများ ၏ စံပြမော်ဒယ်တစ်ခုဖြစ်ခဲ့ပြီး ယူနက်စ်ကိုက ချီးမြှင့် သည့် "မိုဟာမက်ရီဇာပါလာဗီ"ဆုကို ၁၉၇၁ ခုနှစ် တွင်လည်းကောင်း၊ "နိုမာ" ဆုကို ၁၉၈၃ ခုနှစ်တွင် လည်းကောင်း ရရှိခဲ့သည်။

**ကျောင်းထွက်မှုနှုန်းမြင့်မား**

၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော လူဦးရေနှင့် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင်စာတတ် မြောက်မှုနှုန်း ၈၉ ဒသမ ၁ ရာခိုင်နှုန်းရှိသော်လည်း မြို့ပြတွင် အသက် ၅ နှစ်အထက် လူဦးရေ ၁၀၀ လျှင် ၅ ဦးသာကျောင်းမတက်ဖူးသော်လည်း ကျေးလက် ဒေသတွင် ၉ ဦးမှာ ကျောင်းမတက်ဖူးသည်ကို တွေ့ရှိ ရသည်။ အသက် ၃ နှစ်မှ ၈ နှစ်အတွင်း ကလေး ၅ ဒသမ ၅ သန်းတွင် ၆၅ ရာခိုင်နှုန်းသာ လက်ရှိ ကျောင်းတက်နေသည်။ ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်ကြသည်။ အသက် ၁၈ နှစ်အရွယ် ၁၀ ဦးတွင် ၃ ဦးသာ ကျောင်းတက်တော့သည်။ အထူးသဖြင့် လူဦးရေ ၁၀၀ တွင် ၁၁ ဦးသာလျှင် ဘွဲ့ရ သို့မဟုတ် တက္ကသိုလ်တက်ရောက်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍမြှင့်တင်ရေး ကို အလေးထားဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် အခြေခံပညာအထက်တန်းထိ အခမဲ့ပညာရေးစနစ် ကိုဖော်ဆောင်လျက်ရှိသည်။ ထို့ပြင် ကျောင်းထွက် နှုန်းလျော့ကျရေးအတွက်လည်း စီမံချက်ချ၍ ဆောင် ရွက်လျက်ရှိသည်။ ပြည်သူများ၏ တက်ကြွသော ပူးပေါင်းပါဝင်ဆောင်ရွက်မှု များစွာလိုအပ်သည်။

**နိုင်ငံသားအားလုံးစာတတ်မြောက်ရေး**

ပြည်သူအားလုံး စာတတ်မြောက်ရန်အတွက် အခြေခံအကျဆုံးသောအချက်သည် ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း ကျောင်းနေအရွယ် ကလေးသူငယ်များ ကျောင်းအပ်နှံမှုနှုန်းမြင့်မား လာအောင်အလေးထား၍ စည်းရုံးဆောင်ရွက်သွား ရန်လိုအပ်မည်ဖြစ်သည်။ ထို့ပြင် ထိုကလေးသူငယ် များကို မူလတန်းပညာရေးမှသည် ဘွဲ့ရ၊ ဘွဲ့လွန် အဆင့်ထိ အတန်းစဉ်ဆက်လက်ပညာသင်ကြား နိုင်ရေးအတွက်လည်း အခွင့်အလမ်းကောင်းများ ဖန်တီးပေးသွားရန်လိုအပ်မည်ဖြစ်သည်။ အထူး သဖြင့် ပညာရေးကဏ္ဍတွင် လက်တွေ့ကျသော ပြုပြင်ဆောင်ရွက်မှုများ လုပ်ဆောင်သွားသင့်သည်။ ထို့ပြင် ကျောင်းထွက်နှုန်းလျော့ကျရေးအတွက်လည်း စီမံချက်ချ၍ ဆောင်ရွက်သွားသင့်ပေသည်။

စာတတ်မြောက်ခြင်းသည် အပြန်အလှန် နားလည်ခြင်း၊ လူမှုအသိုက်အဝန်းတွင်စည်းလုံး ညီညွတ်ခြင်းနှင့် ငြိမ်းချမ်းရေးတို့တည်ဆောက်ရာတွင် များစွာအထောက်အကူပြုလျက်ရှိသည်။ လက်ရှိ အချိန်တွင် ကမ္ဘာတစ်ဝန်း၌ တိုးတက်မှုကိုဖော်ဆောင် လိုသောလူတိုင်းသည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ရေးအတွက် မူလဘာသာစကားကိုအခြေခံလျက် ဘာသာစကားစုံ ပညာရေးကို လေ့လာသင်ယူလျက်ရှိ သည်။ ထိုသို့ ချဉ်းကပ်ခြင်းသည် လူမှုအသိုက်အဝန်း အတွင်း အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှု တို့ကို တည်ဆောက်သွားမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားအားလုံး စာတတ်မြောက်ပြီးဗဟုသုတ ကြွယ်ဝနေမည်ဆိုလျှင် ကျွမ်းကျင်မှုလည်းတိုးတက် လာမည်ဖြစ်သည်။ ကျွမ်းကျင်မှုပြည့်ဝသော နိုင်ငံသူ၊ နိုင်ငံသားများနှင့် တည်ဆောက်ထားသောတိုင်းပြည် သည် ဖွံ့ဖြိုးတိုးတက်မှုများ တစ်နေ့တခြားရရှိ ပိုင်ဆိုင်နေမည်ဖြစ်သည်။

ကျေးလက်နေပြည်သူများသည် လုပ်ငန်းခွင်မှ ပြန်လည်ရောက်ရှိချိန် နေ့ခင်းနေ့လည်များတွင် အနားယူချိန်ရလေ့ရှိသည်။ ထိုအချိန်မျိုးတွင် အကျိုး ရှိသည့် သုတ၊ ရသရရှိစေမည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတစ်ခုခုလောက်သာ ဖတ်ဖြစ်သွားမည်ဆိုလျှင် အသိပညာဗဟုသုတ တိုးပွားလာမည်ဖြစ်သည်။ သို့သော် လက်တစ်ကမ်းတွင် စာအုပ်၊ စာပေများရှိနေ ရန်လိုပေသည်။ ထို့ကြောင့် ကျေးလက်ဒေသများ တွင် စာကြည့်တိုက်များ ဖွင့်ထားပေးသင့်ပေသည်။ ထိုသို့ ဖွင့်ပေးသည့် စာကြည့်တိုက်များတွင် စာအုပ် အဟောင်းများနှင့် သတင်းစာ၊ ဂျာနယ်အဟောင်းများ ကိုတင်ထားသည်ထက် အသစ်ထွက်ရှိသည့် စာအုပ်၊ စာပေများကိုသာ တတ်နိုင်သမျှ တင်ထားပေးသင့် သည်။ အထူးသဖြင့် စာကြည့်တိုက်များကို သော့ခတ် ပိတ်ထားမည်ဆိုလျှင် စာဖတ်သူနှုန်းလျော့နည်းသွား မည်ဖြစ်သည်။

**ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေး မြှင့်တင်စို့**

လူတစ်ဦးသည် စာဖတ်တတ်၊ ရေးတတ်လျှင် စာတတ်သည်ဟု ယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုနိုင်ပေ သည်။ ခေတ်သစ်ကမ္ဘာကြီးတွင်မူ သီးသန့်နယ်ပယ် တစ်ခု၌ အသိပညာဗဟုသုတကြွယ်ဝခြင်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်းကို စာတတ်မြောက်သည်ဟု ဆိုလာကြသည်။ စာတတ်မြောက်မှုအယူအဆ သဘောတရားသည် တဖြည်းဖြည်းပြောင်းလဲလာ နေပြီဖြစ်သည်။

"အလိမ္မာစာမှာရှိ"ဆိုသကဲ့သို့ စာတတ်မှသာလျှင် အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးကိုခွဲခြား သုံးသပ်ဆုံးဖြတ်နိုင်စွမ်းရှိမည်ဖြစ်သည်။ မျက်မှောက် ကာလတွင် စာတတ်မြောက်မှုဆိုသော အယူအဆ သဘောတရားသည် ကျယ်ပြန့်လာပြီဖြစ်သည်။ ဒစ်ဂျစ်တယ်ခေတ်တွင် လူသားတို့သည် ဆန်းသစ် တီထွင်မှုအမျိုးမျိုးကို ပြုလုပ်လာကြသည်။ ထို့ကြောင့် လူတစ်ဦး၏ စာတတ်မြောက်မှု နယ်ပယ်သည် ဘာသာစကားပေါင်းစုံ၊ ကွန်ပျူတာ၊ ကိန်းဂဏန်းအချက်အလက်၊ လူမှုဆက်ဆံရေးမှသည် ပညာရပ်နယ်ပယ်ပေါင်းစုံတွင် အချိန်နှင့်အမျှ ပိုမို ကျယ်ပြန့်လာလျက်ရှိသည်။ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ရာ၌ အခြေခံအကျဆုံး သောအချက်သည် နိုင်ငံသားအားလုံး စာတတ်မြောက် ရေးပင်ဖြစ်သည်။

အထူးသဖြင့် ဒစ်ဂျစ်တယ်ခေတ်ကြီးတွင် လေ့လာသင်ယူမှု၊ နေထိုင်မှု၊ လုပ်ကိုင်မှုနှင့် ရင်းရင်း နှီးနှီးရောနှောဆက်ဆံမှုတို့သည် ထိတွေ့ဆောင်ရွက် မှုအပေါ်မူတည်၍ အပြုသဘောနှင့် အပျက်သဘော နှစ်မျိုးစလုံးရှိနေသည်။ ဒစ်ဂျစ်တယ် အထောက်အကူ ပစ္စည်းများသည် လျစ်လျူရှုခံထားရသောအုပ်စု များအတွက် လေ့လာသင်ယူရန်အခွင့်အလမ်းများ တိုးချဲ့ပေးနိုင်သလို ပုဂ္ဂိုလ်ရေးအချက်အလက် ကျိုးပေါက်ခြင်း၊ စောင့်ကြည့်ခံရခြင်းနှင့် ပတ်ဝန်းကျင် ဆိုင်ရာသက်ရောက်မှုများလည်း ရှိလာနိုင်သည်။ မည်သို့ဆိုစေ စာရွက်ပေါ်၌ စာရေး၊ စာဖတ်နိုင်သည် ထက်ကျော်လွန်၍ ဒစ်ဂျစ်တယ်ခေတ်တွင် စာတတ် မြောက်မှုသည် ပြည်သူများကို အချက်အလက်များ ရယူရန်၊ နားလည်သဘောပေါက်ရန်၊ ဆန်းစစ် အကဲ ဖြတ်ရန်၊ ဖန်တီးရန်၊ ဆက်သွယ်မှုလုပ်ဆောင်ရန် အပြင် ဘေးကင်းလုံခြုံစိတ်ချစွာဖြင့်လည်း ထိတွေ့ ဆက်ဆံနိုင်သည်။ ထို့ကြောင့် "ဒစ်ဂျစ်တယ်ခေတ်ကို လိုက်မီဖို့ စာတတ်မြောက်ရေး မြှင့်တင်စို့"ဟု တိုက်တွန်းရင်း ၂၀၂၅ ခုနှစ် နိုင်ငံတကာ စာတတ် မြောက်ရေးနေ့ကို ဂုဏ်ပြုရေးသားအပ်ပါသည်။

**ကိုးကား**

(၁) https://www.unesco.org/en/days/literacy

(၂) ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း။

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၅၁၇၈ ဧက စိုက်ပျိုးမည်




**ကန့်ဘလူ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၅၁၇၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၃၅၆၅ ဧက နှင့် ဖူးစားပြောင်း ၁၆၁၃ ဧက စုစုပေါင်း ၅၁၇၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကန့်ဘလူမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်သွားမယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

(၂၀၆)

## ပြည်မြို့နယ် တောင်လုံးညိုကျေးရွာ၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပြည် စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တောင်လုံးညိုကျေးရွာ၌ စိုက်ပျိုးရေရရှိရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ တောင်လုံးညိုကျေးရွာ၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

တောင်လုံးညိုကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၃၀၀ ရှိ စက်ရေတွင်းနှစ်တွင်းတူးဖော်ခြင်းလုပ်ငန်း၊ 3.66 KW ဆိုလာနှစ်စုံတပ်ဆင်ခြင်းလုပ်ငန်း၊ 2HP DC ရေမြှုပ်ပန့် နှစ်ခုတပ်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၅ ဒသမ ၇၀၈ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်ယူ၍ ဩဂုတ် ၇ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် တောင်လုံးညိုကျေးရွာရှိ တောင်သူများ၏ စိုက်ဧက ၂၀ တွင် ရာသီပေါ်သီးနှံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို စိုက်ပျိုးရေဖူလုံစွာပေးဝေနိုင်ပြီဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်ထံမှ သိရသည်။

**ကိုညို**

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးပြေမပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးပြေမပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဇူလိုင်လအတွင်းက ငါးပြေမ ပိဿာချိန် ၇၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးပြေမ ပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းခဲ့တယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ငါးပြေမ ပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇူလိုင်လထက် ဩဂုတ်လမှာ ငါးပြေမ ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ ငါးပြေမအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာများပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် ငါးပြေမအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ ငါးပြေမသည် ဈေးကွက်အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ငါးပြေမကို ထပ်တိုး မွေးမြူလာကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ဒိုက်ဦးမြို့နယ် ဘောနီကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘောနီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဘောနီကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးရွာတွင်းလမ်းကို ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဘောနီကျေးရွာ၌ လမ်းအရှည် ၅၄၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၄ ဒသမ ၉၅ သန်း အသုံးပြုကာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင် ၁၅ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးမှုကြောင့် ဘောနီကျေးရွာရှိ ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူနေပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုလေး**

## မိုးကောင်းမြို့နယ် ညောင်ထောက်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးကောင်း စက်တင်ဘာ ၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေရှင်ကျေးရွာအုပ်စု ညောင်ထောက်ကလေးကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက် လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၁၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ညောင်ထောက်ကလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၆ ဦးကို ရန်ပုံငွေကျပ် ၄၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

**ချစ်ဦးကို**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# သန့်ရှင်းသောလေ စိမ်းလန်းသောကမ္ဘာ ကောင်းမွန်သောအနာဂတ်

ကိုအောင်(ထုတ်လုပ်)

ကမ္ဘာတစ်ဝန်းရှိ လူသန်းပေါင်းများစွာအတွက် လေထုညစ်ညမ်းမှုသည် နေ့စဉ်ဘဝ၏ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါသည်။ သန့်ရှင်းသောလေသည် ကျန်းမာရေးနှင့် ရာသီဥတုတည်ငြိမ်ရေးအတွက် အရေးပါသော်လည်း လျစ်လျူရှုထားခံရသည့် အခိုက်အတန့်တစ်ခုဖြစ်နေသည်။ စက်တင်ဘာ ၇ ရက်သည် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ (International Day of Clean Air for Blue Skies) ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းရှိလေထုညစ်ညမ်းမှု၏ဆိုးကျိုးများကို လူတိုင်းသိရှိနားလည်စေရန်နှင့် သန့်ရှင်းသည့်လေထုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန်ရည်ရွယ်၍ နိုင်ငံတကာအသိုင်းအဝိုင်း၏ လုပ်ဆောင်မှုများကို လှုံ့ဆော်သည့်နေ့ဖြစ်ပါသည်။

လေထုညစ်ညမ်းမှုသည် ကမ္ဘာ့ကျန်းမာရေးအခြေအနေဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အဆိုအရ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူသန်းပေါင်းခုနစ်သန်းခန့် စောစီးစွာသေဆုံးနေရပါသည်။ လေထုညစ်ညမ်းမှုကြောင့် သေဆုံးခြင်းသည် ဆေးလိပ်သောက်ခြင်းကြောင့် သေဆုံးမှုထက် ပိုမိုများပြားသည်။ ညစ်ညမ်းမှုများနှင့် ပြည့်နှက်နေသောလေသည် လူ့ကျန်းမာရေးကို ချက်ချင်းနှင့် ရေရှည်ထိခိုက်စေနိုင်ပြီး ပန်းနာရင်ကျပ်၊ နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် အဆုတ်ကင်ဆာ စသောရောဂါများဖြစ်ပွားစေနိုင်သည်။ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများသည် အထူးသဖြင့် ထိခိုက်လွယ်ကြသည်။ ထို့ပြင် လေထုညစ်ညမ်းမှုသည် ရာသီဥတုပြောင်းလဲခြင်းနှင့် နီးကပ်စွာဆက်စပ်နေပါသည်။ မီသိန်းနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ကဲ့သို့သောညစ်ညမ်းမှုများသည် ဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်ကာ ကမ္ဘာကြီးပူနွေးလာမှုကိုအရှိန်မြှင့်တင်ပေးနေသည်။

**လူသားတို့ကြောင့်ဖြစ်ပေါ်သော လေထုညစ်ညမ်းမှုများ**

လေထုညစ်ညမ်းမှု၏ အဓိကတရားခံမှာ လူသားတို့၏ လုပ်ဆောင်ချက်များပင်ဖြစ်သည်။ စက်မှုတော်လှန်ရေးခေတ်မှစတင်ကာ လူသားတို့သည် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုများဖြစ်ပေါ်စေခဲ့ပါသည်။

**တွင်းထွက်လောင်စာများမှ စွမ်းအင်ထုတ်လုပ်ခြင်း**– ကမ္ဘာ့လျှပ်စစ်ဓာတ်အား၏ ၆၀ ရာခိုင်နှုန်းကျော်ကို ကျောက်မီးသွေးနှင့်သဘာဝဓာတ်ငွေ့များ မီးရှို့ဖျက်ခြင်းမှရရှိသည်။ ကျောက်မီးသွေး ရှို့ဖျက်ခြင်းမှဆာလ်ဖာဒိုင်အောက်ဆိုက် ($SO_2$)၊ နိုက်ထရိုဂျင်အောက်ဆိုက် (NOx)၊ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$)နှင့် အမှုန်အမွှားများ (PM2.5/PM10) အကြီးအကျယ်ထွက်ရှိသည်။ ဤညစ်ညမ်းမှုများသည် အဆုတ်ရောဂါဖြစ်ခြင်း၊ အက်စစ်မိုးရွာသွန်းခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ကို ဦးတည်စေသည်။

**စက်မှုလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများမှ မီးခိုးများ** – သံမဏိ၊ ဘိလပ်မြေ၊ ဓာတုဗေဒနှင့် သတ္တုတွင်းထွက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများမှ ညစ်ညမ်းမှုများထွက်ရှိသည်။ VOCs (Volatile Organic Compounds)၊ အလူမီနီယမ်နှင့် ပြဒါးကဲ့သို့သော အဆိပ်သင့် သတ္တုဒြပ်စင်များထွက်ရှိသည်။ အဆိုပါညစ်ညမ်းမှုများသည် လူကိုကင်ဆာဖြစ်စေနိုင်ပြီး မြေဆီလွှာ၊ ရေထုနှင့်လေထုကိုပါ ညစ်ညမ်းစေပါသည်။

**သယ်ယူပို့ဆောင်ရေးယာဉ်များ**– ဓာတ်ဆီနှင့်ဒီဇယ်ဆီလောင်ကျွမ်းခြင်းမှ ကာဗွန်မိုနောက်ဆိုက် (CO)၊ နိုက်ထရိုဂျင်အောက်ဆိုက် (NOx)၊ ဓာတ်ငွေ့ဖြစ်ဒြပ်ပေါင်းများနှင့် အမှုန်အမွှားများ ထွက်ရှိသည်။ ဒီဇယ်ယာဉ်များမှ PM2.5 အမှုန်များသည် အဆုတ်အတွင်းသို့ နက်ရှိုင်းစွာဝင်ရောက်ပြီး အဆုတ်ကင်ဆာနှင့် နှလုံးရောဂါကို ဖြစ်စေနိုင်ပါသည်။

စိုက်ပျိုးရေးတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအသုံးပြုခြင်းနှင့် တိရစ္ဆာန်မွေးမြူရေးများ စိုက်ပျိုးရေးတွင် ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးများ အသုံးပြုခြင်းကြောင့် အမိုးနီးယားဓာတ်ငွေ့ ($NH_3$) ထွက်ရှိပြီးလေထုတွင်ဓာတ်ပြုကာ အမှုန်အမွှားညစ်ညမ်းမှုဖြစ်စေသည်။ တိရစ္ဆာန်မွေးမြူရေးမှ မီသိန်းဓာတ်ငွေ့ ($CH_4$) ထုတ်လွှတ်မှုသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၁၄ ရာခိုင်နှုန်းခန့်ရှိသည်။

**❖ လေထုညစ်ညမ်းမှုသည် ကမ္ဘာ့ကျန်းမာရေးအခြေအနေဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏အဆိုအရ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူသန်းပေါင်းခုနစ်သန်းခန့် စောစီးစွာသေဆုံးနေရပါသည်။ လေထုညစ်ညမ်းမှုကြောင့် သေဆုံးခြင်းသည် ဆေးလိပ်သောက်ခြင်းကြောင့် သေဆုံးမှုထက် ပိုမိုများပြားသည်။ ညစ်ညမ်းမှုများနှင့် ပြည့်နှက်နေသောလေသည် လူ့ကျန်းမာရေးကို ချက်ချင်းနှင့် ရေရှည်ထိခိုက်စေနိုင်ပြီး ပန်းနာရင်ကျပ်၊ နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် အဆုတ်ကင်ဆာ စသောရောဂါများဖြစ်ပွားစေနိုင်သည်။❖**

**စွန့်ပစ်ပစ္စည်းများမီးရှို့ခြင်း**– ပလတ်စတစ်၊ ရော်ဘာ၊ လျှပ်စစ်ပစ္စည်းများမီးရှို့ခြင်းမှ ဒိုင်အောက်ဆင်များ၊ အဆိပ်သင့်ဓာတ်ငွေ့များနှင့် အမှုန်အမွှားများ ထွက်ရှိပါသည်။ ထို့ပြင် အော်ဂဲနစ်စွန့်ပစ်ပစ္စည်းများဆွေးမြည့်ခြင်းမှ မီသိန်း ($CH_4$) ထွက်ရှိခြင်း စသည်တို့သည် လူသားတို့ကြောင့် ဖြစ်ပေါ်သော လေထုညစ်ညမ်းမှုများဖြစ်ပါသည်။

**သဘာဝကြောင့်ဖြစ်ပေါ်သောလေထုညစ်ညမ်းမှုများ**

လေထုညစ်ညမ်းမှုဟုဆိုလျှင် လူသားတို့၏ စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ယာဉ်များကြောင့်ဖြစ်ရသည်ဟုသာ အများစုကမြင်တတ်ကြသည်။ သို့သော် သဘာဝတရားကြီးကိုယ်တိုင်ကလည်း လေထုကိုညစ်ညမ်းစေနိုင်သော ဖြစ်စဉ်များစွာရှိပါသည်။ လူသားတို့၏ လုပ်ဆောင်ချက်များနှင့်မတူညီဘဲ၊ ဤသဘာဝဖြစ်စဉ်များသည် ကမ္ဘာဂြိုဟ်၏ ဇီဝရုပ်ဓာတုသံသရာ (Biogeochemical Cycles) နှင့် ရာသီဥတုစနစ်၏ ပုံမှန်အစိတ်အပိုင်းများဖြစ်ပါသည်။

**မီးတောင်ပေါက်ကွဲခြင်း**– မီးတောင်ပေါက်ကွဲမှုများသည် သဘာဝလေထုညစ်ညမ်းမှု၏ အကြီးမားဆုံးအရင်းအမြစ်တစ်ခုဖြစ်သည်။ ပေါက်ကွဲမှုဖြစ်သည့်အခါ မီးတောင်မှ ချော်ရည်၊ ပြာမှုန့်များ၊ ဆာလ်ဖာဒိုင်အောက်ဆိုက် ($SO_2$)၊ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$)၊ ကလိုရင်း ($Cl_2$) နှင့် ဖလူရင်း ($F_2$) စသည့် ဓာတ်ငွေ့များအကြီးအကျယ်ထွက်ရှိပါသည်။ ဤဓာတ်ငွေ့များနှင့် ပြာမှုန့်များသည် လေထုတွင် ရှိနေကာလေထုအရည်အသွေးကို ကျဆင်းစေပြီး နေရောင်ခြည်ကိုအုပ်ဆီးကာ ကမ္ဘာကြီးပူနွေးမှုကို ယာယီလျှော့ချနိုင်ပါသည်။

**သဲမုန်တိုင်းများ** –ကန္တာရဒေသများတွင်ဖြစ်ပေါ်လေ့ရှိသော သဲမုန်တိုင်းများသည လေထဲသို့ သဲနှင့် မြေမှုန့်များကို မိုင်ပေါင်းများစွာ သယ်ဆောင်သွားနိုင်သည်။ ဤအမှုန်အမွှားများ (PM2.5 နှင့် PM10) သည် လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကိုဖြစ်ပေါ်စေနိုင်သည်။ ဥပမာအားဖြင့် ဆာဟာရကန္တာရမှ သဲမှုန်များသည် ဥရောပနှင့်အမေရိကတိုက်အထိရောက်ရှိသည်။

**သဘာဝအလျောက် မီးလောင်ကျွမ်းခြင်း**– သစ်တောများတွင် မိုးကြိုးပစ်ခံရခြင်းသို့မဟုတ် ခြောက်သွေ့သောရာသီတွင် သဘာဝအလျောက်မီးလောင်ကျွမ်းမှုများဖြစ်ပွားတတ်သည်။ အဆိုပါတောမီးများမှ ကာဗွန်မိုနောက်ဆိုက် (CO)၊ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$)၊ နိုက်ထရိုဂျင်အောက်ဆိုက် (NOx)နှင့် အမှုန်အမွှားများထွက်ရှိသည်။ ဤဓာတ်ငွေ့များနှင့်အမှုန်များသည် လေထုညစ်ညမ်းမှုကိုဖြစ်စေပြီး မီးခိုးများသည် အနီးအနားရှိမြို့ကြီးများကိုဖုံးလွှမ်းသွားနိုင်သည်။

**ပင်လယ်ရေမျက်နှာပြင်မှဆားမှုန်များ**– လေပြင်းများတိုက်ခတ်သည့်အခါ ပင်လယ်ရေမျက်နှာပြင်မှ ဆားမှုန်များ (Sea Salt Aerosols) သည် လေထဲသို့ရောက်ရှိသွားသည်။ ဤဆားမှုန်များသည် လေထုတွင် အမှုန်အမွှားညစ်ညမ်းမှုကို ဖြစ်စေနိုင်သော်လည်း မိုးတိမ်ဖြစ်ပေါ်မှုကိုအားပေးပါသည်။

**အနံ့ဆိုးများထုတ်လွှတ်သော ဇီဝဖြစ်စဉ်များ**– ရွှံ့နွံများ၊ ရေကန်များနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်သောနေရာများတွင် မီသိန်း ($CH_4$) နှင့် ဟိုက်ဒရိုဂျင်ဆာလ်ဖိုက် ($H_2S$) ကဲ့သို့သောဓာတ်ငွေ့များ သဘာဝအလျောက်ထွက်ရှိတတ်သည်။ ဤဓာတ်ငွေ့များသည် အနံ့ဆိုးများကိုဖြစ်စေပြီး လေထုညစ်ညမ်းမှုကို အနည်းငယ်ဖြစ်စေနိုင်ခြင်း စသည်တို့သည် သဘာဝတို့ကြောင့် ဖြစ်ပေါ်သော လေထုညစ်ညမ်းမှုများဖြစ်ပါသည်။

သန့်ရှင်းသောလေအတွက် နိုင်ငံတကာအဆင့်မူဝါဒပြောင်းလဲမှုများသာ လိုအပ်သည်မဟုတ်ပါ။ ကျွန်ုပ်တို့တစ်ဦးချင်းစီကပြုလုပ်နိုင်သောလုပ်ဆောင်ချက်ငယ်များစွာရှိပါသည်။

**သယ်ယူပို့ဆောင်ရေးပုံစံပြောင်းလဲခြင်း**

ကားအသုံးပြုမှုကို လျှော့ချပါ။ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်းသို့မဟုတ် ပြည်သူ့သယ်ယူပို့ဆောင်ရေးကိုအသုံးပြုပါ။ လောင်စာဆီချွေတာသောကားများသို့မဟုတ် လျှပ်စစ်ကားများကို ပိုမိုအသုံးပြုသင့်ပါသည်။

**စွမ်းအင်ကိုချွေတာ၍ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကိုအသုံးပြုခြင်း**

အိမ်တွင်းသုံးလျှပ်စစ်မီးကိုမလိုအပ်လျှင် ပိတ်ခြင်းနှင့် စွမ်းအင်ထိရောက်မှုရှိသောမီးသီးများနှင့် ပစ္စည်းကိရိယာများကိုအသုံးပြုသင့်ပါသည်။ ဖြစ်နိုင်လျှင် နေရောင်ခြည်စွမ်းအင်သုံး သို့မဟုတ် လေစွမ်းအင်ကဲ့သို့သော စိမ်းလန်းသောစွမ်းအင် ရွေးချယ်သုံးသင့်ပါသည်။

**စွန့်ပစ်ပစ္စည်းလျှော့ချခြင်း သို့မဟုတ် ပြန်လည်အသုံးပြုခြင်း**

မီးရှို့ခြင်းသည် လေထုညစ်ညမ်းမှုကိုဖြစ်စေသောကြောင့် စွန့်ပစ်ပစ္စည်းများကိုလျှော့ချ၍ ပြန်လည်အသုံးပြုလို့ရသည့်ပစ္စည်းများကို ပိုမိုသုံးစွဲသင့်သည်။ ထို့ပြင် စနစ်တကျစွန့်ပစ်ခြင်းဖြင့်လည်း လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု ပြဿနာများကို လျှော့ချနိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်မှုဆိုင်ရာ အာဆီယံသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လေထုညစ်ညမ်းမှုသည် နယ်နိမိတ်ဖြတ်ကျော်သည့် သဘာဝရှိသည့်အတွက် အိမ်နီးချင်းနိုင်ငံများကြားတွင် ဖြစ်ပေါ်လေ့ရှိသည့် နယ်စပ်ဖြတ်ကျော် လေထုညစ်ညမ်းမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဒေသအဆင့်၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် လေထုညစ်ညမ်းမှုနှင့် အတူရာသီဥတုပြောင်းလဲမှုကိုပါ ဖြစ်ပေါ်စေသော မှန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ အသုံးပြုရေး၊ အစိမ်းရောင်စီးပွားရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များကိုသန့်ရှင်းသော လေထု၊ စိမ်းလန်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်များကိုလက်ဆင့်ကမ်းအမွေပေးသွားနိုင်ရေးအတွက် နိုင်ငံတကာနှင့်ဝိုင်းဝန်းလက်တွဲဆောင်ရွက်လျက်ရှိပါသည်။

သက်ရှိ၊ သက်မဲ့အားလုံး ရှူရှိုက်နေရသောလေ၏အရည်အသွေးသည် သက်ရှိ၊ သက်မဲ့တို့၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် အနာဂတ်ကိုနက်ရှိုင်းစွာအကျိုးသက်ရောက်မှုရှိပါသည်။ လေထုညစ်ညမ်းမှုသည် နယ်စပ်မရှိ၊ နိုင်ငံတစ်နိုင်ငံတည်း သို့မဟုတ် လူတစ်ဦးတည်း၏ ပြဿနာမဟုတ်ပါ။ ၎င်းသည် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို လိုအပ်သည်။ သန့်ရှင်းသောလေရရှိအောင် လုပ်ရှားမှုသည် အစိုးရများ၏ မူဝါဒချမှတ်ခြင်းနှင့် စက်မှုလုပ်ငန်းကြီးများ၏ ပြောင်းလဲမှုတို့တွင်သာမမှီခိုပါ။ တစ်ဦးချင်းစီ၏ နေ့စဉ်ဘဝတွင် ပြုလုပ်သောရွေးချယ်မှုငယ်များမှ လည်းသန့်ရှင်းသောလေရအောင် ဆောင်ရွက်နိုင်ပါသည်။ ကျွန်ုပ်တို့အားလုံးတွင် သန့်ရှင်းသောလေကို ရှူရှိုက်ခွင့်ရှိပြီး အနာဂတ်မျိုးဆက်သစ်များအတွက် သန့်ရှင်းသောလေကို အမွေပေးရန်လည်း တာဝန်ရှိသည်။ အပြည်ပြည်ဆိုင်ရာသန့်ရှင်းသော လေထုနေ့သည် ဤတာဝန်ကိုသတိပေးရုံသာမက ပြောင်းလဲမှုကိုပြုလုပ်ရန် လှုံ့ဆော်ပေးသည့် နေ့ရက်တစ်ရက်လည်းဖြစ်ကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

– https://www.moi.gov.mm/news/43966

# အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ် ရေကြီးရေလျှံမှုများက တရားမဝင် သတ္တုမိုင်းတွင်းတူးဖော်ရေးလုပ်ကွက်များကြောင့်ဖြစ်



**နယူးဒေလီ စက်တင်ဘာ ၇**

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် ရေကြီးရေလျှံမှုဖြင့် မကြာခဏရင်ဆိုင်နေရခြင်းသည် တရားမဝင်သတ္တုမိုင်းတွင်း တူးဖော်ရေးလုပ်ကွက်များကြောင့်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှိရဟ်ဆင်းဟ်ချိုဟန်က သုံးသပ်ပြောကြားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တရားမဝင် သတ္တုမိုင်းတွင်း အများစုမှာ မြစ်ချောင်းကမ်းပါးများတွင် ပြုလုပ်ခြင်းကြောင့် ဂေဟစနစ်များ ပျက်စီးလာသကဲ့သို့ မြစ်ချောင်းများမှ ရေစီးများသည်လည်း တရားမဝင်သတ္တုမိုင်းတွင်းများမှတစ်ဆင့် နေရာအနှံ့သို့ စီးဆင်းသွားခဲ့ခြင်းကြောင့် ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ဂတ်ဂါမြစ်နံဘေးတွင် တရားမဝင် သတ္တုမိုင်းတွင်း အမြောက်အမြားရှိနေပြီး ဂတ်ဂါမြစ်ရေ လျှံတက်မှုကြောင့်လည်း အနီးပတ်ဝန်းကျင်ဒေသများ ရေဘေးအန္တရာယ်ကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

"ပန်ဂျပ်ပြည်နယ်မှာ ရေကြီးရေလျှံမှု ဖြစ်ပေါ်နှုန်းက အရမ်းမြင့်တက်လာတယ်။ ဒီလိုဖြစ်လာခြင်းရဲ့ တရားခံကတော့ တရားမဝင် သတ္တုမိုင်းတွင်းတူးဖော်ရေးလုပ်ကွက်တွေကြောင့် ဖြစ်ပါတယ်။ ပျက်စီးဆုံးရှုံးမှုတွေထဲမှာ အခြေခံအဆောက်အအုံတွေ တော်တော်လေးများပါတယ်။ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းတွေ အမြန်ဆုံး ဆောင်ရွက်သွားဖို့ လိုအပ်နေပါတယ်"ဟု စိုက်ပျိုးရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ရှိရဟ်ဆင်းဟ်ချိုဟန်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# တောင်ကိုရီးယားနိုင်ငံ ဂန်နွန်းမြို့ကို သောက်သုံးရေ အကန့်အသတ်ဖြင့်သာ ပေးဝေတော့မည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့

**ဆိုးလ် စက်တင်ဘာ ၇**

တောင်ကိုရီးယားနိုင်ငံ၏ ကမ်းခြေဒေသတစ်ခုဖြစ်သော ဂန်နွန်းမြို့တွင် ရေလှောင်တမံနှင့် မြစ်ချောင်းများတွင် ရေခန်းခြောက်ခဲ့ပြီးနောက် စက်တင်ဘာ ၅ ရက်မှစတင်၍ ဂန်နွန်းမြို့အတွင်း သောက်သုံးရေကို အကန့်အသတ်ဖြင့်သာ ပေးဝေတော့မည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု စက်တင်ဘာ ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဂန်နွန်းမြို့တွင် လူဦးရေ ၂၀၀၀၀၀ ကျော် နေထိုင်ပြီး သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် နေ့စဉ်ပုံမှန်ပေးဝေနေသည့် ရေပမာဏထက် ၇၅ ရာခိုင်နှုန်း လျှော့ချသွားမည်ဖြစ်သည်ဟု ဂန်နွန်းမြို့တော်ဝန်ရုံးက အသိပေးကြေညာသွားခဲ့ကြောင်း၊ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် နေရာ ၁၁၃ နေရာကို ရေပေးဝေမှုကို ရာနှုန်းပြည့် ဖြတ်တောက်မည် ဖြစ်ကြောင်း မြို့တော်ဝန် ကင်မ်ဟောင်ကျူက တရားဝင်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဂန်နွန်းမြို့ဟာ မိုးလေဝသနဲ့ ဇလဗေဒဦးစီးဌာနရဲ့ လေ့လာစောင့်ကြည့်မှု မှတ်တမ်းအရ နှစ်ပေါင်း ၁၀၈ နှစ်အတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားပါးမှု ပြဿနာနဲ့ ရင်ဆိုင်နေရတယ်။ ပြည်သူတွေအနေနဲ့ သောက်သုံးရေကို ချွေတာသုံးစွဲနိုင်မှ ဒီအခက်အခဲကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် သောက်သုံးရေပြတ်လပ်မှု မရှိစေဖို့အတွက် သောက်သုံးရေကို အကန့်အသတ်နဲ့သာ ပေးဝေသွားတော့မှာဖြစ်ပါတယ်"ဟု ဂန်နွန်းမြို့တော်ဝန် ကင်မ်ဟောင်ကျူက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဗြိတိန်နိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုဖြင့် ရင်ဆိုင်ခဲ့ရပြီး တောမီးတုံ့ပြန်ရေး အကြိမ်ရေအများဆုံးပြုလုပ်ခဲ့ရ

**လန်ဒန် စက်တင်ဘာ ၇**

ဗြိတိန်နိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း တောမီးများ မကြာခဏလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပြီးနောက် မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် တောမီးတုံ့ပြန်ရေးအတွက်အကြိမ်ရေအများဆုံး ပြုလုပ်ခဲ့ရသည့်နှစ်တစ်နှစ်ဖြစ်ကြောင်း National Fire Chief Council (NF-CC) က ထုတ်ပြန် ခဲ့သည်ဟု စက်တင်ဘာ ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။



အင်္ဂလန်နိုင်ငံနှင့် ဝေလနိုင်ငံတို့တွင် တောမီးလောင်ကျွမ်းအကြိမ်ရေအများဆုံးဖြစ်ခဲ့ပြီး ၂၀၂၅ ခုနှစ် နှစ်ဝက်အလွန် တောမီးကိုငြိမ်းသတ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် တုံ့ပြန်ရေးအစီအစဉ်များကို အကြိမ်ရေ ၉၉၆ ကြိမ်ထိ ပြုလုပ်ခဲ့ရကြောင်း၊ ယင်းအကြိမ်ရေပမာဏမှာ ဗြိတိန်နိုင်ငံ၏ သက်တမ်းတစ်လျှောက် အကြိမ်ရေအများဆုံးဖြစ်ခဲ့ပြီး ရာသီဥတုဖောက်ပြန်မှုနှုန်းမြင့်မားလာမှုကို ပြသသည့် လက္ခဏာဖြစ်ကြောင်း NFCC က ထုတ်ပြန်ခဲ့သည်။

"သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာမှုနှုန်းက သိသိသာသာ မြင့်တက်လာတယ်။ အများဆုံးကတော့ တောမီးလောင်ကျွမ်းမှု အကြိမ်ရေ စိပ်လာတာလဲဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်ဟာ တောမီးလောင်ကျွမ်းမှုအကြိမ်ရေ အများဆုံးနှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်"ဟု National Fire Chief Council (NFCC) ၏ ဥက္ကဋ္ဌ ဖီးလ်ဂါရိဂန်က ပြောကြားခဲ့သည်။

National Fire Chief Council (NFCC) တွင် မီးသတ်ဝန်ထမ်း အရေအတွက် လျော့ကျလာသည့် အခြေအနေတွင် တောမီးလောင်ကျွမ်းမှုနှုန်း မြင့်မားလာခြင်းမှာလည်း အခက်အခဲတစ်ခုဖြစ်ကြောင်း NFCC က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အာဖဂန်နစ္စတန်နိုင်ငံ မြေငလျင်ဒဏ်သင့် ပြည်သူများအတွက် မက်ထရစ်တန်ချိန် ၂၀ ရှိသော အထောက်အပံ့ပစ္စည်းများ ရုရှားနိုင်ငံ ပံ့ပိုး

**ကဘူးလ် စက်တင်ဘာ ၇**

အာဖဂန်နစ္စတန်နိုင်ငံ ကူနာစီရင်စုတွင် မြေငလျင်ဒဏ်သင့် ပြည်သူများအတွက် ကူညီပံ့ပိုးပေးရန်အတွက် တာလီဘန်အစိုးရကနိုင်ငံတကာ၏အကူအညီကိုတောင်းခံခဲ့ပြီးနောက် ရုရှားနိုင်ငံက လူသားချင်းစာနာထောက်ထားရေး အစီအစဉ်အရ မြေငလျင်ဒဏ်သင့် ပြည်သူများအတွက် မက်ထရစ်တန်ချိန် ၂၀ ရှိသည့်အထောက်အပံ့ပစ္စည်းများကို စက်တင်ဘာ ၅ ရက်က အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ရုရှားသံရုံးမှတစ်ဆင့် ပေးပို့ပံ့ပိုးသွားခဲ့ကြောင်း ရုရှားသံရုံးက ထုတ်ပြန်သွားခဲ့သည်ဟု စက်တင်ဘာ ၆ ရက် သတင်းများတွင်ဖော်ပြထားသည်။

ရုရှားနိုင်ငံမှ ပံ့ပိုးသော အထောက်အပံ့ပစ္စည်း မက်ထရစ်တန်ချိန် ၂၀ တွင် အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဂျုံမှုန့်၊ ဟင်းချက်ဆီနှင့် အသား၊ ငါးစည်သွပ်ဘူးများ ပါဝင်ကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံကို လူသားချင်း စာနာထောက်ထားမှုအစီအစဉ်အရ အထောက်အပံ့ပစ္စည်းများ ပေးပို့ရန်အတွက် ရုရှားသမ္မတ ဗလာဒီမာပူတင်ကိုယ်တိုင် ညွှန်ကြားခဲ့ခြင်းဖြစ်ပြီး အစိုးရအစီစဉ်ဖြင့် ရုရှားသံရုံးမှတစ်ဆင့် ပေးပို့ထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အရေးပေါ်စီမံခန့်ခွဲရေးဝန်ထမ်းတချို့နဲ့အတူ အာဖဂန်နစ္စတန်နိုင်ငံ မြေငလျင်ဒဏ်သင့် ပြည်သူတွေကို အထောက်အပံ့ပစ္စည်းတွေ ပေးပို့ဖို့အတွက် Il-76 လေယာဉ်ဟာ ဇူးကော့စကီးလေဆိပ်ကနေ ထွက်ခွာသွားပြီဖြစ်ပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံက မြေငလျင်ဒဏ်သင့် ပြည်သူတွေကို လူသားချင်း စာနာထောက်ထားမှု အစီအစဉ်အရ ကူညီပံ့ပိုးပေးသွားဖို့အတွက် အထောက်အပံ့ပစ္စည်း မက်ထရစ်တန်ချိန် ၂၀ ထိ ပေးပို့ခဲ့တာဖြစ်ပါတယ်"ဟု ရုရှားအရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# နီဘရက်စ်ကာပြည်နယ်ဝန်ကြီးချုပ်က ကောင်တီပေါင်း ၁၂ ခုကို နိုင်ငံတော်အဆင့် သဘာဝဘေးဒဏ်သင့် အရေးပေါ်အခြေအနေသတ်မှတ်ရန် တောင်းဆို

**ဝါရှင်တန် စက်တင်ဘာ ၇**

အမေရိကန်နိုင်ငံ နီဘရက်စ်ကာပြည်နယ်တွင် ဩဂုတ်လအတွင်း မုန်တိုင်းဒဏ်သင့်ခဲ့ရသည့် ကောင်တီပေါင်း ၁၂ ကောင်တီထိရှိနေပြီး ယင်းကောင်တီ ၁၂ ခုကို ဖက်ဒရယ်အစိုးရအနေဖြင့် နိုင်ငံတော်အဆင့် သဘာဝဘေးဒဏ်သင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ပေးရန် တောင်းဆိုလိုက်ကြောင်း နီဘရက်စ်ကာဝန်ကြီးချုပ် ဂျင်မ်ပီလ်လန်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းဒဏ်သင့်ကာ ပျက်စီးခဲ့သော အဆောက်အအုံများတွင် စာသင်ကျောင်းများလည်း ပါဝင်နေပြီး အများပြည်သူများ တစ်နေ့တာ လှုပ်ရှားမှုအတွက် အရေးပါသည့် အခြေခံအဆောက်အအုံများ ပါဝင်ခဲ့ကြောင်း၊ အဓိက အကျဆုံးဖြစ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများတွင် အရေးပါသည့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ခြင်းကြောင့် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ပေးရန် ပြည်နယ်ဝန်ကြီးချုပ်က တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ဩဂုတ်လအတွင်း ဟာရီကိန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီးတော့ ကောင်တီပေါင်း ၁၂ ကောင်တီထိ ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အခြေခံအဆောက်အအုံတော်တော်များများလဲပျက်စီးခဲ့ပါတယ်"ဟု နီဘရက်စ်ကာ ဝန်ကြီးချုပ် ဂျင်မ်ပီလ်လန်က ပြောကြားခဲ့သည်။

အရေးပေါ်အခြေအနေ သတ်မှတ်ပေးရန် တောင်းဆိုထားသည့် ကောင်တီပေါင်း ၁၂ ကောင်တီမှာ ဘက်ကောင်တီ၊ ဒေါက်ကလက်ကောင်တီ၊ ဖီလ်မိုးကောင်တီ၊ လန်ကတ်စတာကောင်တီ၊ နီမာဟာကောင်တီ၊ နက်ကိုလ်ကောင်တီ၊ ဆာလိုင်းကောင်တီ၊ ဆောင်းဒါးကောင်တီ၊ စီဝက်ဒ်ကောင်တီ၊ တာယာကောင်တီ၊ ဝါရှင်တန်ကောင်တီနှင့် ဝက်ဘ်စတာကောင်တီတို့ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၆၈ ဧက စိုက်ပျိုးပြီးစီး



**ကျောက်မြောင်း စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၄၀၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လမှစတင်စိုက်ပျိုးရာ ယနေ့ထိ ၄၀၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ စပါး ဧက ၄၀၀၀ စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ၄၀၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုဒေသမရွေးပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မျှင်ငါးပိ ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း မျှင်ငါးပိပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ဒေသထွက် မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့်ဇူလိုင်လအတွင်းက မျှင်ငါးပိ ပိဿာချိန် ၆၄၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်းမျှင်ငါးပိ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၂၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဖျာပုံဒေသထွက် မျှင်ငါးပိတွေကို ရန်ကုန်ဈေးကွက်နဲ့ အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ဘက်က လက်ရှိစက်တင်ဘာလထဲမှာပါ မျှင်ငါးပိတွေ အမှာကုန်အရမ်းများနေပါတယ်။ အခုလိုမျှင်ငါးပိတွေအရောင်းအဝယ်ကောင်းလာတော့ မျှင်ငါးပိလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေအလုပ်အကိုင် အဆင်ပြေလာပါတယ်"ဟု ဖျာပုံမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

အဆိုပါ မျှင်ငါးပိများအရောင်းအဝယ် ကောင်းလာသည့်အတွက် ကုန်သည်များ၊ မျှင်ငါးပိလုပ်ငန်းများ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

**စာပေမြင့်မှ လူမျိုးတင့်မည်**






# ကုန်ဆုံးသွားသော စွမ်းအားများ
# DAGON Malta Fresh
# နဲ့ ပြည့်စွမ်းထား . . .




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

## စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




**ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၃
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

**ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀





## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ဆည်မြို့၊ ပြည်သူ့ဆေးရုံကြီးအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့် ဆေးပစ္စည်းများ Speciality ဆေးဝါးများ၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်မှန်ခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ၊ Oxygen နှင့် အခြား Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - ၉-၉-၂၀၂၅
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃-၉-၂၀၂၅ ရက်နေ့ ညနေ (၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ ဆေးနှင့်ဆေးပစ္စည်းများ စာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်စုံစမ်းရန်ဖုန်း ၀၉-၂၅၆၂၅၀၂၂၅**

ဆေးရုံအုပ်ကြီးရုံး
ပြည်သူ့ဆေးရုံကြီး
ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး


(၂၁) ကြိမ်မြောက် ထီဖွင့်ပွဲတွင် Jackpot ဆုကြီး
ကျပ်သိန်း (၁၀၀၀) အတွက် ကံထူးရှင် ထွက်ပေါ်လာခြင်း မရှိပါသဖြင့်
(၂၂) ကြိမ်မြောက်ထီဖွင့်ပွဲတွင် ဆတိုး Jackpot ဆုကြီး ထီဆုငွေ
ကျပ်သိန်း
(၂၀၀၀)
အထိ တိုးမြှင့်သွားပြီဖြစ်ပါကြောင်း
အသိပေးအပ်ပါသည်



Call Center 777 (or)
09 677 000 777
*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဆက်ဖြင့်
5 Digits အောင်ဘာလေ ဆုနိုင်းထီ ကံစမ်းလို့ ရပါပြီ


## အများသိစေရန် ကြေညာခြင်း

အမရပူရမြို့၊ မှန်တန်းရပ်ကွက်၊ ကွမ်းသီးတန်းရပ်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၉၅)မှ ခွဲကျန်မြေဖြစ်သော တောင်မြောက် မျက်နှာပွင့် (၂၂)ပေ၊ အရှေ့အနောက် (၆၅)ပေ၊ ဧရိယာ(၀.၀၃၂)ဧက၊ အရှေ့ဘက်တွင် လမ်း၊ အနောက်ဘက်တွင် ဦးမင်းမင်း၊ ဒေါ်ခင်မာချို တောင်ဘက်တွင် ဒေါ်နှင်းလဲ့ဝင်း၊ မြောက်ဘက်တွင် ဒေါ်နှင်းလဲ့ဝင်း အလားလေးရပ်အတွင်းရှိ မြေနှင့် အိမ် (၂)လုံးကို အမွေရပိုင်ဆိုင်သည်ဟု အဆိုရှိသူ လက်ရှိနေထိုင်သူများဖြစ်သော ဒေါ်သင်းသင်းခိုင် (ဘ) ဦးဘတင်နှင့် ဒေါ်တင်နန်းဝင်း (ဘ) ဦးတင်အောင်တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးသောင်းအေး(B.A, H.G.P, R.L.D.B.L)**
တရားလွှတ်တော်ရှေ့နေ(စဥ်-၇၈၀၆)
စစ-၁/၄၆၊ ၅၉ လမ်း x ၁၀၅ လမ်းထောင့်
ကန်သာယာမြို့သစ်၊ မန္တလေးမြို့။
ဖုန်း 09-43103368

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၂၀)၊ Grade-12(B) တွင် ပညာသင်ကြားနေသော မောင်ကြယ်စင်မင်းခန့်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမျိုးသန့်မောင်ဖြစ်ပါကြောင်း။

**ဦးမျိုးသန့်မောင်(၉/ဝတန(နိုင်)၁၀၂၂၆၇)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၃၂)၊ Grade-12 တွင် ပညာသင်ကြားနေသော မစုမြတ်လင်း၏ဖခင် ဦးဖိုးစီနှင့် ဦးရဲမြင့်မှာ (၈/ရစက(နိုင်)၂၀၂၁၆၀)အရ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖိုးစီ (ခ) ဦးရဲမြင့်(၈/ရစက(နိုင်)၂၀၂၁၆၀)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-မင်းစုကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မနှင်းယုဝေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအိုင်မွန်းဖြစ်ပါကြောင်း။

**ဦးအိုင်မွန်း**
**(၁၃/ကမန(နိုင်)၁၂၃၁၃၄)**

❖ တပ်မတော်သည် ပြည်သူလူထုမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်ကို ကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တပ်မတော်နှင့်ပြည်သူ တစ်သားတည်းရပ်တည်မှုသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှုတစ်ရပ်ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၇

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်ရှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၇၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၂ မျိုး၊ စားသောက်ကုန်ပစ္စည်း ၂၀ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၂၅၆၇၅၅၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Dong Feng Tractor Head နှစ်စီး၊ Cheng Long Tractor Head တစ်စီး၊ Faw Tractor Head တစ်စီး၊ Howo Sino Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်ခြောက်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ဘားအံမြို့ ခရဲကမ်းနားကျေးရွာအနီး၌

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

# နူနက်ဇ်က ခရစ္စတိုဖာကို ဒိုင်အမှတ်ဖြင့် အနိုင်ယူပြီး IBF စူပါဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ကာကွယ်

လော့မိုချစ် စက်တင်ဘာ ၇

IBF စူပါဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား နူနက်ဇ်သည် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမား ခရစ္စတိုဖာနှင့် မက္ကဆီကိုနိုင်ငံ လော့မိုချစ်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ နူနက်ဇ်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိပြီး လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။

နူနက်ဇ်နှင့်ခရစ္စတိုဖာတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် အဆိုပါပွဲစဉ်သည် ခြောက်ချီမြောက်ပြီးဆုံးသည်ထိ ရလဒ်မပြတ်သားခဲ့သော်လည်း ခုနစ်ချီမြောက်တွင် နူနက်ဇ်က ခရစ္စတိုဖာကို လဲကျအောင် ထိုးသတ်နိုင်ခဲ့သည့်အတွက် ၎င်းတို့၏ ရမှတ်ရရှိမှုကွာဟခဲ့ခြင်းဖြစ်ကာ အမှတ်ပေးဒိုင်သုံးဦးရှိသည့်အနက် သုံးဦးလုံးက နူနက်ဇ်ကို ၁၁၄-၁၁၂ ဖြင့် အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ခရစ္စတိုဖာက အနိုင်ရရှိရေးအတွက် အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး နူနက်ဇ်ကို ဖိအားပေးထိုးသတ်နိုင်ခဲ့သော်လည်း အဓိကနေရာများကို ထိမှန်အောင်

စာမျက်နှာ ၁၆ ကော်လံ ၁ ❑



MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257